# ကြေးမုံ
The Mirror Daily
၁၉၅၇ ပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957


## ကောင်းမှုကို ပြုလုပ်ဆည်းပူး

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)


၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်၊ တနင်္လာနေ့။ Monday, 25 November 2024 ၁၁၆၅၂


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။
၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။
၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။
၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။
၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ပညာရေးဆိုင်ရာ အမျိုးသားရေးလုပ်ငန်းစဉ်ကြီးတွင် နိုင်ငံသားအားလုံးက အမျိုးသားရေးစိတ်ဓာတ်ဖြင့် တက်ညီလက်ညီပူးပေါင်းပါဝင်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ ၂၀၂၄ ခုနှစ်၊ (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ

(၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်)

ချစ်ကြည်လေးစားရပါသော မြန်မာပြည်သူ၊ပြည်သားအပေါင်းတို့ ခင်ဗျား

ယနေ့ မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀)ရက်၊ ခရစ်နှစ် ၂၀၂၄ ခုနှစ် နိုဝင်ဘာလ (၂၅)ရက်တွင်ကျရောက်သည့် (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့မင်္ဂလာအခါသမယ၌ မြန်မာနိုင်ငံသူ နိုင်ငံသားများ၊ တိုင်းရင်းသားပြည်သူများအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာ၍ ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်ဝကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။ စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆


ယနေ့ ဖတ်စရာ

ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင် တံဆိပ်များ ချီးမြှင့်အပ်နှင်း စာမျက်နှာ » ၅

မြန်မာနိုင်ငံစိုက်ပျိုးရေးတက္ကသိုလ် နှစ် (၁၀၀) ပြည့် အမှတ်တရ ဆောင်းပါး စာမျက်နှာ » ၈

၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေဆုရှင်နှင့် စာပေဗိမာန်စာမူဆုရှင်တို့၏ ရင်တွင်းစကားသံများ စာမျက်နှာ » ၁၁

နွဲ့စို့တူပျော် အမျိုးသားအားကစားပွဲတော်



ဆောင်းပါး စာမျက်နှာ » ၁၇




ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များ ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုစဉ်။

## ၂၀၂၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ သတ္တမနေ့ဆက်လက်ကျင်းပ အုပ်စု(အေနှင့်ဘီ)မှ ကျောက်စိမ်းအတွဲပေါင်း ၁၈၂၃ တွဲ ရောင်းချနိုင်ခဲ့

နေပြည်တော် နိုဝင်ဘာ ၂၄

၂၀၂၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ သတ္တမနေ့ကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ နံနက်ပိုင်းမှစတင်၍ ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များသည် ခန်းမအပြင်ဘက် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် အုပ်စု(စီ)မှ ကျောက်စိမ်းအတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုကြသည်။

ယနေ့ပြပွဲတွင် ကျောက်စိမ်းအတွဲအမှတ်(၁၇၀၁)မှ (၂၅၅၈)အထိ ကျောက်စိမ်းအတွဲများကို ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးရာ ကျောက်စိမ်းအတွဲပေါင်း ၅၉၅ တွဲ ရောင်းချခဲ့ရကြောင်း ထုတ်ပြန်ကြေညာသည်။ စာမျက်နှာ ၄ ကော်လံ ၁ သို့ ✪

**(၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ကို ဂုဏ်ပြုပါ၏။**

ကြေးမုံ

# အမျိုးသားရေးစိတ်ဓာတ်ကိုအခြေခံ ငြိမ်းချမ်းသာယာဝပြောရေးကြိုးပမ်း

မြန်မာသက္ကရာဇ် ၁၂၈၂ ခုနှစ် တန်ဆောင်မုန်းလဆုတ် ၁၀ ရက် (ခရစ်နှစ် ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၅ ရက်နေ့)သည် ရန်ကုန်တက္ကသိုလ် ကျောင်းသားကြီးများ သပိတ်မှောက်သောနေ့ဖြစ်သည်။ ထိုနေ့တွင် အင်္ဂလိပ်ဗျူရိုကရက်တို့က မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးအပေါ် ဖိနှိပ်ချုပ်ချယ်ပြဋ္ဌာန်းလိုက်သည့် ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို ကန့်ကွက်သည့်အနေဖြင့် တက္ကသိုလ်ကျောင်းသားများက သပိတ်မှောက်ခဲ့သည်။ ထိုနေ့ကို မြန်မာတစ်နိုင်ငံလုံးက အမျိုးသားနေ့ဟု အသိအမှတ်ပြုပြီး ၁၉၂၂ ခုနှစ်မှ စတင်၍ နှစ်စဉ်နှစ်တိုင်း ထိုနေ့ရောက်တိုင်း အမျိုးသားအောင်ပွဲ ပွဲလမ်းသဘင်များ ကျင်းပခဲ့ကြသည်။

၁၉၂၀ ပြည့်နှစ် ရန်ကုန်တက္ကသိုလ်ကျောင်းသားသပိတ်မှအစပြု၍ အမျိုးသားကျောင်းများ ပေါ်ထွန်းလာခြင်းသည် မြန်မာ့နိုင်ငံရေးသမိုင်းကို အလှည့်အပြောင်းဖြစ်စေခဲ့သည်။ မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးတို့အတွက် အကျိုးရလဒ်များ ပေါ်ထွက်လာခဲ့သည်။ မြန်မာတိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး၏ မီးခဲပြာဖုံး မျိုးချစ်စိတ်ဓာတ်များ ပျံ့နှံ့လာသည်။ မြန်မာတိုင်းရင်းသားတို့ နိုင်ငံရေးနိုးကြားမှု မြင့်မားတိုးတက်လာခဲ့သည်။ နယ်ချဲ့အစိုးရပြုသမျှကို ခေါင်းငုံ့မခံတော့ဘဲ လွတ်လပ်ပွင့်လင်းစွာ ပြုမူလာကြသည်။ မြန်မာနိုင်ငံ ကျွန်ဘဝမှလွတ်မြောက်ရေးအတွက် အမျိုးသားရေးစိတ်ဓာတ်နှင့် အားမာန်များ နိုးကြားထက်သန်လာခဲ့သည်။

၁၉၂၂ ခုနှစ်မှစတင်၍ နယ်ချဲ့တို့၏ ဖိနှိပ်ချုပ်ချယ် ဟန့်တားပိတ်ပင်မှုများကို အန်တုု၍ အမျိုးသားလှုပ်ရှားမှု အောင်ပွဲသဘင်များကို နှစ်စဉ်နှစ်တိုင်း ကျင်းပလာခဲ့သည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီးသောအခါတွင်လည်း မြန်မာတိုင်းရင်းသားများ အမျိုးသားရေးစိတ်ဓာတ် နိုးကြားထက်သန်လာမှုများကို အလေးအနက်ဂုဏ်ပြုသောအားဖြင့်လည်းကောင်း၊ တိုင်းပြည်နှင့်လူမျိုးကို ချစ်မြတ်နိုးသည့် မျိုးချစ်စိတ်ဓာတ်များ အစဉ်ရှင်သန်ထက်သန်နေစေရန်အတွက်လည်းကောင်း အမျိုးသားနေ့ကျရောက်သည့် နှစ်စဉ်နှစ်တိုင်း အခါသမယတွင် အမျိုးသားအောင်ပွဲသဘင်ဆင်နွှဲကျင်းပလာခဲ့သည်မှာ ယနေ့ထက်တိုင်ဖြစ်သည်။

အမျိုးသားနေ့မှ စတင်သန္ဓေတည်လာခဲ့သည့် အမျိုးသားရေးစိတ်ဓာတ်ထက်သန်နိုးကြားရှင်သန်မှုများသည် မြန်မာနိုင်ငံ တိုင်းတစ်ပါးကျွန်ဘဝမှ လွတ်မြောက်ရေး၊ လုံးဝလွတ်လပ်သည့် အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် ပေါ်ထွန်းလာရေးကို အကြောင်းခံသကဲ့သို့ လွတ်လပ်ပြီးကာလတွင်လည်း မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ပြန်လည်ဆုံးရှုံးမသွားအောင် ထိန်းသိမ်းစောင့်ရှောက်ကာကွယ်ထားနိုင်မည့် အမျိုးသားရေးစိတ်ဓာတ်များ တစ်မျိုးသားလုံးတွင် အစဉ်နိုးကြားထက်သန်နေစေရန် ကြိုးပမ်းနေကြရမည်ဖြစ်သည်။ နိုင်ငံနှင့် လူမျိုးကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ်များ မှေးမှိန်ပျောက်ကွယ်ပါက တစုတစည်းတည်း တည်တံ့ဖြစ်ထွန်းနေသည့် ပြည်ထောင်စုကြီး ပျက်စီးသွားနိုင်သည်ကို သတိချပ်ရမည်ဖြစ်သည်။

မျက်မှောက်ကာလတွင် အမျိုးသားရေးစိတ်ဓာတ်များ ထက်သန်နိုးကြားနေရန် အထူးလိုအပ်နေသည်။ အင်အားကြီးနိုင်ငံများသည် ၎င်းတို့အလိုကျ မလိုက်ပါသည့် နိုင်ငံငယ်များအပေါ်တွင် သွယ်ဝိုက်သော နည်းလမ်းအမျိုးမျိုးဖြင့် ဝင်ရောက်စွက်ဖက်မြှောက်ပင့်အားပေး လုပ်ကိုင်နေသည်ကို တွေ့ရမည်ဖြစ်သည်။ နိုင်ငံငယ်များရှိ လူမျိုးများကြားတွင် စိတ်ဝမ်းကွဲပြားအောင် သွေးထိုးမြှောက်ပင့်ပေးပြီး နိုင်ငံပြိုကွဲပျက်စီးအောင် ပြုလုပ်လာကြသည်။ ထို့ကြောင့် ခေတ်သစ်ကိုလိုနီနယ်ချဲ့စနစ်ကို ခုခံကာကွယ်နိုင်ရန်အတွက် တိုင်းရင်းသားလူမျိုးအချင်းချင်း စည်းလုံးညီညွတ်ရန် အထူးလိုအပ်ပြီး မိမိနိုင်ငံ၊ မိမိလူမျိုး၊ မိမိပိုင်နက်နယ်မြေနှင့် အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို ကာကွယ်စောင့်ရှောက်ရမည့် အမျိုးသားရေးစိတ်ဓာတ်များ နိုးကြားရှင်သန်ကြီးထွားလာအောင် ကြိုးပမ်းအားထုတ်ရမည့် အချိန်အခါဖြစ်ပါသည်။

ယနေ့ကာလတွင် အင်အားကြီးနိုင်ငံများ၏ အားပြိုင်မှုများ၊ အင်အားငယ်သည့် နိုင်ငံများအပေါ် နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေး၊ လူမှုရေး စသည့်အကြောင်းအမျိုးမျိုးပြ၍ ဝင်ရောက်စွက်ဖက်မှုများ၊ ပြည်တွင်း ပြည်ပ နယ်မြေပိုင်ဆိုင်မှုပဋိပက္ခများ၊ ပြည်တွင်းရေးမငြိမ်သက်မှုများ စသည်တို့ကို ထောက်ရှုသင်ခန်းစာယူ၍ မိမိနိုင်ငံ စည်းလုံးညီညွတ်ရေး၊ အမျိုးသားရေးစိတ်ဓာတ် ထက်သန်ခိုင်မာရှင်သန်နေရေးတို့ကို အထူးအလေးထားဆောင်ရွက်ရမည့်အချိန်အခါဖြစ်သည်။ ၂၀၂၄ ခုနှစ် (၁၀၄) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့တွင် "ပြည်ထောင်စုကြီး ငြိမ်းချမ်းဖို့၊ တစ်မျိုးသားလုံး ညီညွတ်စို့" ဆောင်ပုဒ်ကို ချမှတ်ထားသည်။ ချမှတ်ထားသည့် ဆောင်ပုဒ်အတိုင်း ပြည်ထောင်စုကြီးအကျိုးအတွက် တစ်မျိုးသားလုံးညီညွတ်ဖို့ ကြိုးပမ်းကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ပြည်တွင်းအားသည် ပြည်တွင်းမှာသာရှိသည်ဖြစ်၍ ပြည်တွင်းအင်အားများ နိုးကြားရှင်သန်ထက်သန်နေအောင် အစဉ်နှိုးဆော်တိုက်တွန်းအသိပေးဆောင်ရွက်ပြီး ၂၀၂၄ ခုနှစ် (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ အကောင်အထည်ပေါ်လာရေးအတွက် တက်ညီလက်ညီ ဝိုင်းဝန်းဆောင်ရွက်ကြကာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲပြီး အေးချမ်းသာယာဝပြောလာအောင် အမျိုးသားရေးစိတ်ဓာတ်ဖြင့် ကြိုးပမ်းကြရမည်ဖြစ်ပါကြောင်း။ ။

## ၂၀၂၄ ခုနှစ်၊ (၁၀၄) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ

- ★ တိုင်းရင်းသားများအကြား အပြန်အလှန်လေးစားမှု ယုံကြည်မှုများတည်ဆောက်ပြီး ထာဝရငြိမ်းချမ်းရေးရရှိအောင်ဆောင်ရွက်ရေး။
- ★ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာ၊ အတတ်ပညာပြည့်ဝသော ပညာတတ်များ ပေါ်များရေး။
- ★ ပြည်ထောင်စုကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးတွင် တစ်နိုင်ငံလုံးက ဝိုင်းဝန်းကူညီပံ့ပိုးရေး။
- ★ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်တွင်းထုတ်လုပ်မှု မြှင့်တင်ဆောင်ရွက်ရေး။

## ၂၀၂၄ ခုနှစ်၊ (၁၀၄) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်

**ပြည်ထောင်စုကြီးငြိမ်းချမ်းဖို့၊ တစ်မျိုးသားလုံးညီညွတ်စို့။**

၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်

(၂၅-၁၁-၂၀၂၄)

# ရန်ကုန်ပညာရေးတက္ကသိုလ် (၁၉၇၄-၂၀၂၄) ပညာရေးဘွဲ့ရသူများ၏ ရွှေရတုပွဲအခမ်းအနားကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၄

ရန်ကုန် ပညာရေးတက္ကသိုလ် (၁၉၇၄-၂၀၂၄) ခုနှစ် ပညာရေးဘွဲ့ရသူများ၏ နှစ် (၅၀)ပြည့် ရွှေရတုပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါတက္ကသိုလ် ပရဝဏ်အတွင်း၌ ကျင်းပသည်။



ဦးစွာ တက္ကသိုလ်မုခ်ဦးဆင်ဝင်အတွင်း B.Ed ၇၄ ဘွဲ့ရများ၏ နှစ် (၅၀)ပြည့် ရွှေရတု မင်္ဂလာအမှတ်တရအဖြစ် အမိပညာရေးတက္ကသိုလ်သို့ လှူဒါန်းမည့် မြတ်ပညာနှင့် မြတ်ဆရာ ကြေးကမ္ပည်းမော်ကွန်းအား ရန်ကုန်ပညာရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ ကေသွယ်လှိုင်၊ ရွှေရတုဖြစ်မြောက်ရေးကော်မတီ နာယကများဖြစ်သည့် ဦးကျော်သောင်း၊ ဦးဝင်းကို၊ ဦးစောအုံးနှင့် ဦးခင်ရင်မောင်၊ ဥက္ကဋ္ဌ ဦးအေးကြိုင်နှင့် ဒုတိယဥက္ကဋ္ဌ ဦးနှင်းခိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ရွှေရတုအထိမ်းအမှတ် အမှတ်တရ မြတ်ပညာနှင့် မြတ်ဆရာ ကြေးကမ္ပည်းမော်ကွန်း မှတ်တမ်းအား ရန်ကုန်ပညာရေးတက္ကသိုလ် ပါမောက္ခချုပ်ထံ ရွှေရတုဖြစ်မြောက်ရေးကော်မတီကိုယ်စား ဥက္ကဋ္ဌက လွှဲပြောင်းအပ်နှံပြီး မုဒိတာစကားပြောကြားသည်။

ယင်းနောက် လေးထပ်ကျောင်းဆောင်ရှေ့ မြရိပ်ညိုသစ်တောအုပ်အတွင်း တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ပြည်ပနေသူများ ကိုယ်စားပြု(၁၉၆၉-၁၉၇၄) ပညာရေးဘွဲ့ရသူများက နှုတ်ခွန်းဆက် အမှတ်တရစကားပြောကြားပြီး ရွှေရတုဖြစ်မြောက်ရေးကော်မတီနာယကတစ်ဦးက နှုတ်ခွန်းဆက်စကားပြောကြားခဲ့ကြောင်း သိရသည်။

**ကိုထက်**


ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဦးဝင်းနိုင် | **အကြီးတန်း သတင်းထောက်များ** | - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ |
| **ခေတ္တ စာတည်းမှူး** | - ဦးအေဝမ်းစိုး | **အငယ်တန်း သတင်းထောက်များ** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| | | **စာပြင်** | - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန် စာတည်းများ** | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

☆ ရှေ့ဖုံးမှ

ဤသမိုင်းဝင် နေ့ထူးနေ့မြတ်သည် ကိုလိုနီနယ်ချဲ့တို့၏ ကျူးကျော်အုပ်စိုးမှုကို သက်ဆိုးရှည်စေမည့် ကျွန်ပညာရေးစနစ်ကို ဆန့်ကျင်တော်လှန်ခဲ့သောနေ့၊ မြန်မာတစ်မျိုးသားလုံး၏ မျိုးချစ်စိတ်နှင့် ဇာတိမာန် ရှင်သန်တက်ကြွလာစေရန် သန္နေတည်ပေးခဲ့သောနေ့တို့ဖြစ်ခြင်းကြောင့် မြန်မာပြည်သူ ပြည်သားအားလုံး မမေ့အပ်သည့်နေ့ဖြစ်ပါသည်။

ကိုလိုနီနယ်ချဲ့တို့သည် ၎င်းတို့၏ အကျိုးစီးပွားအတွက်နိုင်ငံတော်၏ အဖိုးတန်သယံဇာတများကို ထုတ်ယူသုံးစွဲပြီး မတရားဖိနှိပ်အုပ်ချုပ်ခဲ့ကြသည့်အပြင် မြန်မာတိုင်းရင်းသားများ အဆင့်မြင့်ပညာမသင်ကြားနိုင်အောင်၊ ခေတ်နှင့်အညီ ရင်ပေါင်တန်းမလိုက်နိုင်အောင် နည်းအမျိုးမျိုးဖြင့် ပိတ်ပင်တားဆီးမှုများ ပြုလုပ်ခဲ့ကြပါသည်။ မြန်မာတိုင်းရင်းသားပြည်သူများက မြန်မာနိုင်ငံတွင် တက္ကသိုလ်တစ်ခု ဖွင့်လှစ်ခွင့်ရရှိရေးအတွက် အကြိမ်ကြိမ်တောင်းဆိုမှုများ ပြုလုပ်ခဲ့ကြသဖြင့် ကိုလိုနီနယ်ချဲ့တို့က ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ (၁) ရက်နေ့တွင် တက္ကသိုလ်အက်ဥပဒေကို ပြဋ္ဌာန်းပေးခဲ့ပါသည်။

ဤအက်ဥပဒေသည် မြန်မာလူငယ်များ တက္ကသိုလ်ပညာဆက်လက်သင်ယူခွင့် မရနိုင်အောင် အမျိုးမျိုးကန့်သတ်ချုပ်ချယ်ထားသည့်အတွက် မျိုးချစ်စိတ်ပြင်းထန်သည့် ကိုဘရှင်၊ ကိုဖိုးကွန်း၊ ကိုဖေသိန်းတို့ပါဝင်သည့် ကျောင်းသားကြီး (၁၁)ဦးက ဦးဆောင်ကာ ကျွန်ပညာရေးစနစ်ကို ဆန့်ကျင်ကန့်ကွက်ခဲ့ကြပါသည်။ ဤလှုပ်ရှားမှုသည် မြန်မာနိုင်ငံကို ကိုလိုနီနယ်ချဲ့တို့ သိမ်းပိုက်လိုက်သည့်အချိန်မှစ၍ တိုင်းတစ်ပါးသားလူမျိုးခြားလက်အောက်မှ ပြန်လည်လွတ်မြောက်ရေးအတွက် မြန်မာတစ်မျိုးသားလုံးကို ဝံသာနုရက္ခိတစိတ်ဓာတ် နိုးကြားတက်ကြွလာအောင် လှုံ့ဆော်နှိုးဆွပေးခဲ့သည်။ နိုင်ငံနှင့်ပြည်သူလူထုအား သူ့ကျွန်ဘဝမှ လွတ်မြောက်ရေးအတွက် ကိုယ်ကျိုးစွန့်အနစ်နာခံလိုစိတ်များ ပေါက်ဖွားရင့်ကျက်လာအောင်လည်း ဖန်တီးလှုံ့ဆော်ပေးခဲ့သည်။

မြန်မာတို့၏ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် မျိုးချစ်စိတ်ဓာတ်နှင့် စည်းလုံးညီညွတ်မှုသည် စွမ်းအားဖြစ်ကြောင်း သက်သေပြကမ္ပည်းစိုက်ထူနိုင်ခဲ့သော အမျိုးသားအောင်ပွဲနေ့ အခမ်းအနားများကို ပြည်ထောင်စုမြန်မာနိုင်ငံတစ်ဝန်းလုံး၌ နှစ်စဉ်မပျက် သိုက်မြိုက်စွာကျင်းပခဲ့ရာ ယခုဆိုလျှင် (၁၀၄) နှစ်တိုင်ခဲ့ပြီ ဖြစ်ပါသည်။

**ချစ်ကြည်လေးစားရပါသော မြန်မာပြည်သူ၊ ပြည်သားအပေါင်းတို့ ခင်ဗျား**

နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံအတွင်းရှိ ပြည်သူများ၏ လူမှုဘဝမြင့်မားရေး၊ ပြည်ထောင်စုတစ်ဝန်း အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် ငြိမ်းချမ်းရေးသည် အခြေခံအုတ်မြစ်တစ်ခုဖြစ်ပါသည်။ တိုင်းရင်းသားများအချင်းချင်း အပြန်အလှန်လေးစားခြင်း၊ နားလည်စာနာခြင်းတို့ဖြင့် တစ်ဦးနှင့်တစ်ဦးအကြား ပူးပေါင်းဆောင်ရွက်မှုများ ဖြစ်ပေါ်စေပြီး နားလည်မှုလွဲမှားခြင်းနှင့် ပဋိပက္ခမှုများကို လျှော့ချကာ တွေ့ဆုံဆွေးနွေးခြင်းဖြင့် ဖြေရှင်းနိုင်ပါသည်။ ယုံကြည်မှုအပေါ် အခြေခံသော ဆက်ဆံရေးသည် စိန်ခေါ်မှုများစွာကို အတူတကွဖြေရှင်းနိုင်ပြီး အဆုံး၌ ပိုမိုသဟဇာတရှိသော အတူတကွ ယှဉ်တွဲနေထိုင်ရေးကို ဦးတည်စေကာ ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးဖြစ်ထွန်းစေပါသည်။ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် မဖြေရှင်းဘဲ လက်နက်ကိုင်၍ ဖြေရှင်းနေမည်ဆိုပါက လွတ်လပ်သော်လည်း မငြိမ်းချမ်းသည့် အခြေအနေကိုသာ ပေါ်ပေါက်စေမည်ဖြစ်ပါသည်။ ထို့အပြင် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် အန္တရာယ်ဖြစ်စေမည်ကို သတိထားကြရန် လိုအပ်မည်ဖြစ်ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးလျက်ရှိပြီး နှစ်ဖက်ဆွေးနွေးချက်များမှ ရရှိလာသည့် သဘောထားမှတ်ချက်များကို နောင်လာမည့် လွှတ်တော်အစည်းအဝေးများတွင် ဆွေးနွေးအတည်ပြုနိုင်ရန် မှတ်တမ်းတင်ဆောင်ရွက်နိုင်ခဲ့ပါသည်။ တွေ့ဆုံဆွေးနွေးမှုများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပြီး ဆက်လက်၍လည်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ယခုအချိန်သည် တိုင်းရင်းသားညီအစ်ကို မောင်နှမများအချင်းချင်း ယုံမှားသံသယကင်းရှင်းပြီး မလိုလားအပ်သည့် အယူဝါဒများ ပယ်ဖျောက်ကာ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ယုံကြည်လေးစားချစ်ခင်မှုများဖြင့် ပါဝင်လက်တွဲ၍ ထာဝရငြိမ်းချမ်းရေး တည်ဆောက်ကြရမည့်အချိန်အခါ ဖြစ်ပါသည်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမှ ပေးအပ်ထားသည့် အခွင့်အရေးများကို အသုံးချပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို စည်းလုံးညီညွတ်စွာဖြင့် အကောင်အထည်ဖော်ကြရန် တိုက်တွန်းအပ်ပါသည်။

**ချစ်ကြည်လေးစားရပါသော မိဘပြည်သူ၊ တိုင်းရင်းသား ညီအစ်ကိုမောင်နှမအပေါင်းတို့ ခင်ဗျား**

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံသူ၊ နိုင်ငံသားများ၏ ဉာဏစွမ်းရည်ကို ပြုစုပျိုးထောင်ပေးရန် လိုအပ်ပါသည်။ ၎င်းတို့၏ ဉာဏ်ရည်ဉာဏ်သွေး တိုးတက်မှုအတွက် အလေးထားဆောင်ရွက်ခြင်းသည် နိုင်ငံစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေပါသည်။ နိုင်ငံတည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအပိုင်းတို့တွင် ကောင်းမွန်သည့် အထောက်အပံ့ကောင်းများ ရရှိနိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အဆင့်မြင့်ပညာရပ်များ တတ်ကျွမ်းပြီး အရည်အချင်းပြည့်မီသည့် လူသားအရင်းအမြစ်ကောင်းများ ပေါ်ထွန်းလာရေး အားပေးဆောင်ရွက်လျက်ရှိပါသည်။

**○ နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံသူ၊ နိုင်ငံသားများ၏ ဉာဏစွမ်းရည်ကို ပြုစုပျိုးထောင်ပေးရန် လိုအပ်**

**○ ၎င်းတို့၏ ဉာဏ်ရည်ဉာဏ်သွေး တိုးတက်မှုအတွက် အလေးထားဆောင်ရွက်ခြင်းသည် နိုင်ငံစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်**

**○ နိုင်ငံတည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအပိုင်းတို့တွင် ကောင်းမွန်သည့်အထောက်အပံ့ကောင်းများ ရရှိနိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အဆင့်မြင့်ပညာရပ်များ တတ်ကျွမ်းပြီး အရည်အချင်းပြည့်မီသည့် လူသားအရင်းအမြစ်ကောင်းများ ပေါ်ထွန်းလာရေး အားပေးဆောင်ရွက်လျက်ရှိ**

အခြေခံအားဖြင့် အတန်းပညာရှိမှသာ အသိပညာနှင့် အတတ်ပညာရရန် လွယ်ကူမည်ဖြစ်ပါသည်။ နိုင်ငံတော်က အားကိုးအားထားပြုရသော ဗလငါးတန်ဖွံ့ဖြိုးပြီး ထူးချွန်ထက်မြက်သည့် လူငယ်များပေါ်ထွက်လာစေရန် လူတိုင်းပညာသင်ယူနိုင်မည့် ဘက်စုံပညာရေးစနစ်ဖြင့် ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ပညာတတ်လူငယ်များကလည်း စိတ်ကောင်းစေတနာဖြင့် လူမှန်နေရာမှန် တာဝန်ထမ်းဆောင်မည်ဆိုပါက နိုင်ငံအတွက် အကျိုးဖြစ်ထွန်းစေမည်ဖြစ်ပါသည်။ အသိပညာနှင့် အတတ်ပညာ ဟန်ချက်ညီမှသာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး နယ်ပယ်အသီးသီးတို့တွင် အားသာချက်များ ဖြစ်ပေါ်စေပြီး ပြည်တွင်းစည်းလုံးညီညွတ်မှုအပေါ် အကျိုးရှိဖြစ်ထွန်းမည် ဖြစ်ပါသည်။

အရည်အသွေးပြည့်ဝပြီး စဉ်းစားတွေးခေါ်မှုအားကောင်းသည့် ထူးချွန်ထက်မြက်သော လူ့စွမ်းအားအရင်းအမြစ်ကောင်းများကို မွေးထုတ်ပေးရာတွင် မိဘများနှင့် ဆရာများသည် အခရာဖြစ်ပါသည်။ မိဘများအနေဖြင့် သားသမီးများကို မွေးဖွားသည်မှ လူလားမြောက်သည့်အချိန်ထိ ပညာရေး၊ ကျန်းမာရေး၊ အကျင့်စာရိတ္တ ကောင်းမွန်ရေးနှင့် စည်းကမ်းစနစ်ရှိအောင် သွန်သင်ဆုံးမပေးကြရမည် ဖြစ်ပါသည်။ ဆရာ၊ ဆရာမများအနေဖြင့်လည်း တာဝန်များကို ကျေပွန်အောင် ထမ်းဆောင်ကြရန်နှင့် ဆရာကောင်းတစ်ဦး ဖြစ်ရမည့်အချက်များနှင့် ကိုက်ညီအောင် ကျင့်ကြံအားထုတ်ပြီး တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော၊ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာပြည့်ဝသော နိုင်ငံ့အကျိုး ထမ်းသယ်ပိုးမည့် အနာဂတ်နိုင်ငံ့သားကောင်း၊ သမီးကောင်းရတနာများ ပေါ်ထွန်းလာရေး လေ့ကျင့်ပျိုးထောင်ပေးရန် လိုအပ်ပါသည်။

**ချစ်ကြည်လေးစားရပါသော မြန်မာပြည်သူ၊ ပြည်သားအပေါင်းတို့ ခင်ဗျား**

နိုင်ငံတော်ကို တည်ဆောက်သူများဖြစ်လာကြမည့် ပညာပြည့်ဝနှလုံးလှသူ လူငယ်လူရွယ်များကို လေ့ကျင့်ပျိုးထောင်ပေးကြရန် နိုင်ငံသားတိုင်းတွင်တာဝန်ရှိသည်ဟု ခံယူပြီး အလေးအနက်ထားလုပ်ဆောင်ရန် လိုအပ်ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ကျောင်းနေအရွယ် လူငယ်အားလုံး ပညာသင်ယူခွင့်ရရှိရေးနှင့် အနည်းဆုံး KG+9 ပြီးဆုံးသည်အထိ ကျောင်းတက်ရောက်နိုင်ရေးအတွက် အခမဲ့ပညာရေးစနစ်နှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် ဗလငါးတန်ပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်မည့် ဘက်စုံပညာရေးစနစ်တို့ကို အကောင်အထည်ဖော်လျက်ရှိပါသည်။ အဆိုပါရည်မှန်းချက်အတိုင်း ရာနှုန်းပြည့်အောင်မြင်နိုင်ရန်အတွက် မိဘပြည်သူများနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအားလုံး ပူးပေါင်းပါဝင်ရေးမှာ အရေးကြီးလှပါသည်။

ပညာရေးဆိုင်ရာ အမျိုးသားရေးလုပ်ငန်းစဉ်ကြီးမှာ တစ်ခဏတာဖြင့် ပြီးမြောက်မည်မဟုတ်သည့်အပြင် တစ်ဦးတစ်ယောက်ကောင်းဆောင်ရွက်ရုံမျှဖြင့် အောင်မြင်နိုင်သည့် လုပ်ငန်းမျိုးမဟုတ်ဘဲ နိုင်ငံသားအားလုံးက အမျိုးသားရေးစိတ်ဓာတ်ဖြင့် ပါဝင်မှသာ ပြီးမြောက်အောင်မြင်မည်ဖြစ်ပါသည်။ အဆိုပါလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ဆောင်ရာတွင်

**စာမျက်နှာ ၄ သို့** ☆

☆ စာမျက်နှာ ၃ မှ
စိတ်ရှည်သည်းခံ ဖွဲ့သန်သန်ဖြင့် စွန့်လွှတ်အပင်ပန်းခံကာ ကြိုးစားမှ အောင်မြင်နိုင်မည်ဖြစ်ရာ နိုင်ငံတော်က ဘက်ပေါင်းစုံမှ အားပေးကူညီ ထောက်ပံ့လျက်ရှိသကဲ့သို့ တာဝန်ရှိသူအသီးသီးနှင့် ပြည်သူအားလုံးမှ တက်ညီလက်ညီ ပူးပေါင်းပါဝင်ရန် လိုအပ်ပါသည်။ ထို့ကြောင့် နိုင်ငံ့အနာဂတ်ကောင်းမွန်ရေး မျှော်မှန်းဆောင်ရွက်နေသည့် ပညာရေးကဏ္ဍ အဆင့်မြှင့်တင်ဆောင်ရွက်နေမှုလုပ်ငန်းများကို အားလုံးက သိရှိနားလည်ပြီး ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုပါသည်။

**ချစ်ကြည်လေးစားရပါသော မြန်မာပြည်သူ၊ ပြည်သားအပေါင်းတို့ ခင်ဗျား**

ကျွန်တော်တို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့ကို အမျိုးသားရေးလုပ်ငန်းစဉ်အဖြစ် ချမှတ်အကောင်အထည်ဖော်လျက်ရှိပါသည်။ တိုင်းပြည်သာယာဝပြောရေးဆိုသည်မှာ ပြည်သူ ပြည်သားများအားလုံး တရားဥပဒေစိုးမိုးမှုအောက်တွင် အေးချမ်းသာယာစွာဖြင့် နေထိုင်နိုင်ခြင်း၊ ပညာသင်ကြားနိုင်ခြင်း၊ အလုပ်အကိုင်များ လုပ်ကိုင်ဆောင်ရွက်နိုင်ခြင်းတို့ ဖြစ်ပါသည်။ တိုင်းရင်းသားဒေသများ၌ အကြမ်းဖက်သမားများနှင့် လက်နက်ကိုင်သောင်းကျန်းသူများ၏ လုပ်ဆောင်မှုများကြောင့် တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့ကို ထိခိုက်စေလျက်ရှိပါသည်။ ထို့အပြင် ကျောင်းသား၊ ကျောင်းသူများ၏ ပညာသင်ကြားမှု အခွင့်အလမ်းများနှင့် ဒေသခံပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများဆုံးရှုံး၍ လူမှုစီးပွားဘဝများ ထိခိုက်နစ်နာစေလျက်ရှိပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်လျက်ရှိရာ တိုင်းရင်းသားပြည်သူလူထုအားလုံးက တက်ညီလက်ညီ ပူးပေါင်းပါဝင်ကြရန် အဓိကလိုအပ်ပါသည်။

စားရေရိက္ခာဖူလုံရေးအတွက် မြန်မာတို့၏ မူလစိုက်ပျိုးမွေးမြူရေးသာမက ခေတ်မီနည်းစနစ်များဖြင့် အစာအာဟာရထုတ်လုပ်ခြင်းများကိုလည်း တီထွင်ဆောင်ရွက်ကြရန် မဖြစ်မနေလိုအပ်ပါသည်။ သမဝါယမအသင်းများဖွဲ့စည်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ထိုမှတစ်ဆင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးထုတ်ကုန်များကို အခြေခံသည့် စက်ရုံ၊ အလုပ်ရုံများ တည်ထောင်ဆောင်ရွက်ရန် လိုအပ်ပါသည်။ တစ်နိုင်ငံလုံး ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးအနေဖြင့် မိမိတို့ဒေသထွက်ကုန်ကြမ်းများနှင့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသော အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ အောင်မြင်အောင် အကောင်အထည်ဖော်သွားကြရမည် ဖြစ်ပါသည်။ ဤသို့ဆောင်ရွက်ရာ၌ နိုင်ငံတော်အနေဖြင့်လည်း အရင်းအနှီး၊ နည်းပညာနှင့် အခြားလိုအပ်သည်များကို ထောက်ပံ့အားပေးကူညီလျက်ရှိပါသည်။ ခေတ်အဆက်ဆက်တွင် ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများ အားနည်းပြီး ပြည်ပသွင်းကုန်များ ပိုမိုများပြားခဲ့သည့်အတွက် နိုင်ငံခြားငွေလိုအပ်ချက်များ ဖြစ်ပေါ်ခဲ့ပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူဆောင်ရွက်ချိန်တွင် သယံဇာတပစ္စည်းထုတ်လုပ်မှုများကို တတ်နိုင်သမျှထိန်းသိမ်းပြီး ပြည်ပသို့တင်ပို့ခြင်းမပြုလုပ်ဘဲ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းမှထွက်ရှိသည့် ထွက်ကုန်များကိုသာ ပိုမိုတင်ပို့ခဲ့ပါသည်။ စီးပွားရေးကောင်းမှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကိုဆောင်ရွက်နိုင်မည်ဖြစ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် စီမံဆောင်ရွက်လျက်ရှိပါသည်။

တိုင်းရင်းသားပြည်သူအားလုံးက စားရေရိက္ခာဖူလုံရေးအတွက် ပြည်တွင်းထုတ်လုပ်မှု မြှင့်တင်ဆောင်ရွက်ရေးကို အထူးအလေးပေးဆောင်ရွက်ကြစေလိုပါသည်။ အလားတူ ပြည်ပရောင်းတမ်းဝင်သည့် ထုတ်ကုန်များ တိုးတက်ထုတ်လုပ်ခြင်းဖြင့် နိုင်ငံခြားသုံးငွေ လျှော့ချနိုင်ရေးနှင့် ဝင်ငွေပိုမိုရရှိရေး အလေးထားဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ နိုင်ငံ့စီးပွားတိုးတက်မြင့်မားလာမည်ဆိုပါက ပြည်သူတို့၏ လူမှုစီးပွားဘဝများလည်း တိုးတက်လာသကဲ့သို့ နိုင်ငံတော်၏ စီးပွားရေးမူဝါဒမျှော်မှန်းချက်များနှင့်အညီ တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား ညီမျှစွာတိုးတက်လာကြမည် ဖြစ်ပါသည်။

**မိဘပြည်သူများနှင့် တိုင်းရင်းသားညီအစ်ကို မောင်နှမများ ခင်ဗျား**

အမျိုးသားနေ့အောင်ပွဲသည် လွတ်လပ်ရေးရောင်ခြည်ဦး၏အစ၊ အမျိုးသားရေး အရုဏ်ဦးကာလဖြစ်ခဲ့ပြီး အမျိုးသားအောင်ပွဲနေ့ကို အစပျိုးခဲ့သူတို့၏ မြင့်မြတ်ကောင်းမွန်မှုကြောင့် အနှောင်းသေချာခဲ့ခြင်းဖြစ်ပါသည်။ အမျိုးသားအောင်ပွဲနေ့ကြောင့် လွတ်လပ်ရေးပန်းတိုင်ဆီသို့ အရောက်လှမ်းနိုင်သည်အထိ အမျိုးသားရေးစိတ်ဓာတ် မြင့်မားခဲ့ကြသည်ကို မျက်ဝါးထင်ထင် မြင်တွေ့ခဲ့ကြရပြီဖြစ်ပါသည်။

ဤသို့ ထူးခြားလေးမြတ်လှသည့် အမျိုးသားအောင်ပွဲနေ့ အခါသမယ၌ **“ပြည်ထောင်စုကြီးငြိမ်းချမ်းဖို့ တစ်မျိုးသားလုံး ညီညွတ်စို့”** ဆိုသည့် (၁၀၄) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်နှင့်အညီ မြန်မာနိုင်ငံသူ၊ နိုင်ငံသားများအားလုံးက ဘိုးဘွားအမွေအနှစ်ဖြစ်သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ထာဝရငြိမ်းချမ်းသာယာရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် မလျှော့သော ဇွဲ၊ လုံ့လ၊ ဝီရိယအရင်းခံပြီး ပြည်ထောင်စုစိတ်ဓာတ်နှင့် တစ်စိတ်တစ်ဝမ်းတည်းသော အမျိုးသားရေးအားမာန်များဖြင့် တက်ကုန်ဖွင့်၍ ဘက်စုံပေါင်းစုပါဝင်ကြပါရန် အလေးအနက် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

နိဂုံးချုပ်အားဖြင့် ယခုနှစ် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များဖြစ်သည့် –

- တိုင်းရင်းသားများအကြား အပြန်အလှန်လေးစားမှု၊ ယုံကြည်မှုများ တည်ဆောက်ပြီး ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်ရေး၊
- နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာ အတတ်ပညာပြည့်ဝသော ပညာတတ်များ ပေါ်များရေး၊
- ပြည်ထောင်စုကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးတွင် တစ်နိုင်ငံလုံးက ဝိုင်းဝန်းကူညီပေးရေး၊
- တိုင်းပြည်သာယာဝပြောရေးနှင့်စားရေရိက္ခာဖူလုံရေးအတွက် ပြည်တွင်းထုတ်လုပ်မှု မြှင့်တင်ဆောင်ရွက်ရေး စသည့်

ဦးတည်ချက်များ အောင်မြင်ရေးကို တိုင်းရင်းသားပြည်သူအားလုံးက အမျိုးသားရေးစိတ်ဓာတ်ဖြင့် တက်ညီလက်ညီ ပူးပေါင်းပါဝင်ပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးကို ဝိုင်းဝန်းတည်ဆောက်သွားကြပါစို့ဟု တိုက်တွန်းအပ်ပါသည်။

ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ
သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်
နိုင်ငံတော်ဝန်ကြီးချုပ်
ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

✪ ရှေ့ဖုံးမှ
ညနေပိုင်းတွင် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ပြပွဲကျင်းပရာ မဏိရတနာကျောက်စိမ်းခန်းမ အပြင်ဘက် သတ်မှတ်နေရာများ အလိုက် ခင်းကျင်းပြသထားသည့် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည့် အုပ်စု(စီ)မှ ကျောက်စိမ်းအတွဲများကို ရတနာကုန်သည်များက ကြည့်ရှု စစ်ဆေးနေမှုနှင့် ကျောက်စိမ်းအတွဲများအတွက် ဈေးနှုန်း တင်သွင်းလွှာများ ဖွင့်ဖောက်စစ်ဆေးနေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ပြပွဲအဋ္ဌမနေ့တွင် ရောင်းချမည့် အုပ်စု(စီ)မှ ကျောက်စိမ်းအတွဲ အမှတ်(၂၅၆၀)မှ (၃၃၀၉)အထိကို ပြည်တွင်း ရတနာကုန်သည်များက ကြည့်ရှုစစ်ဆေးကြပြီး ဈေးနှုန်းတင်သွင်းလွှာများကို သက်ဆိုင်ရာ တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။ အဆိုပါ ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက ညနေပိုင်းတွင် ဖွင့်ဖောက်စစ်ဆေးကာ ရောင်းချရသည့် ကျောက်စိမ်းအတွဲများ စာရင်းကို နိုဝင်ဘာ ၂၅ ရက် နံနက်ပိုင်းတွင် ကြေညာသွားမည်ဖြစ်သည်။



ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များ ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုစဉ်။

၂၀၂၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာ ပြပွဲကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ နိုဝင်ဘာ ၁၈ ရက်မှ ၂၇ ရက်အထိ ကျင်းပလျက်ရှိပြီး ပြပွဲတွင် အုပ်စု(အေ၊ ဘီ နှင့် စီ)တို့မှ ကျောက်စိမ်းအတွဲ ပေါင်း ၄၈၀၀ ကို နေ့ရက်အလိုက် ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးခဲ့ရာ အုပ်စု(အေနှင့်ဘီ)တို့မှ ကျောက်စိမ်းအတွဲပေါင်း ၂၅၅၉ တွဲ အနက်မှ ကျောက်စိမ်းအတွဲပေါင်း ၁၈၂၃ တွဲကို ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များအား ရောင်းချနိုင်ခဲ့သည်။

အလားတူ အုပ်စု(စီ)မှ ကျောက်စိမ်းအတွဲများကို MSME လုပ်ငန်းရှင်များအား အားပေးမြှင့်တင်ရန်ရည်ရွယ်၍ ရောင်းချပေးခြင်းဖြစ်ကာ ပြည်တွင်းရတနာကုန်သည်များသာ ဝယ်ယူခွင့်ရှိပြီး ကြမ်းခင်းဈေးကို ကျပ်ငွေဖြင့် သတ်မှတ်ထားကာ ငွေပေးချေရာတွင် ကျပ်ငွေဖြင့်သာ ပေးချေဝယ်ယူရမည်ဖြစ်သည်။ အုပ်စု(စီ)မှ ကျောက်စိမ်းအတွဲများကို နိုဝင်ဘာ ၂၄ ရက်မှ ၂၇ ရက်အထိ ပြည်တွင်း ရတနာကုန်သည်များအား ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကင်းမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုဇယားများ ကွင်းဆင်းဆောင်ရွက်

**ရန်ကုန် နိုဝင်ဘာ ၂၄**

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုဇယားဆောင်ရွက်ပေးခြင်းလုပ်ငန်း၊ EID ကွန်ပျူတာစနစ်လုပ်ငန်းများ၊ ဇီဝဆိုင်ရာအချက်အလက်ကောက်ယူခြင်းလုပ်ငန်းကို ယနေ့နံနက်ပိုင်းတွင် ရန်ကင်းမြို့နယ် အမှတ်(၂)ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ဆောင်ရွက်ပေးလျက်ရှိသည်။

**ကွင်းဆင်းဆောင်ရွက်**

ထိုသို့ဆောင်ရွက်ရာတွင် ရန်ကင်းမြို့နယ် လဝကမှူး ဒေါ်စောသန္တာလင်းနှင့် လက်ထောက်လဝကမှူး ဦးအောင်မျိုးနိုင်တို့က ရန်ကင်းမြို့နယ် အမှတ်(၂)ရပ်ကွက်အတွင်းရှိ အသက် ၁၆ နှစ်အထက် နိုင်ငံသားစိစစ်ရေးကတ်မရှိသေးသူများအား ပန်းခင်းစီမံချက် အဆင့်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေးသည်။

ရန်ကင်းမြို့နယ် လဝကရုံးအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်အသစ်လဲလှယ်ပေး ခြင်း၊ အသစ်ထုတ်ပေးခြင်း၊ ပျောက်ဆုံး/ပျက်စီးသူများအား ပြန်လည်ထုတ်ပေးခြင်းနှင့် အိမ်ထောင်စုဇယားများ ဆောင်ရွက်ပေးခြင်းတို့ကို ပြည်သူများအခက်အခဲမရှိအောင် ကြန့်ကြာမှုမရှိစေရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**လှလှထွေး(ပြန်/ဆက်)**



# ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်ကြော်ငြာစာအမှတ် ၁၉၂ / ၂၀၂၄**
၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်
( ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက် )

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်ခဲ့သည့် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များကို ချီးမြှင့်အပ်နှင်းလိုက်သည် -

**တပ်မတော်ဆိုင်ရာ စွမ်းရည်သတ္တိဂုဏ်ထူးဆောင်ဘွဲ့**
**သူရဘွဲ့**

| | | | |
|---|---|---|---|
| ၁။ | ဗိုလ်မှူးကြီး | ဝဏ္ဏလှိုင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂။ | ဗိုလ်မှူးကြီး | သက်ထွန်းအောင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃။ | ဗိုလ်မှူး | မျိုးကိုကိုထွန်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄။ | ဗိုလ်မှူး | အောင်ဆန်းဦး | ကာကွယ်ရေးဝန်ကြီးဌာန |

**တပ်မတော်ဆိုင်ရာ စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်**
**သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်**

| | | | |
|---|---|---|---|
| ၁။ | ဗိုလ်မှူးချုပ် | မျိုးရွှေ | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂။ | ဗိုလ်မှူးချုပ် | တင့်နိုင်ထွန်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃။ | ဗိုလ်မှူးကြီး | ဇော်မင်းထက် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄။ | ဗိုလ်မှူးကြီး | ကြည်ရှင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅။ | ဗိုလ်မှူးကြီး | ဆန်းအောင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၆။ | ဗိုလ်မှူးကြီး | သန့်စင်ဝင်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၇။ | ဒုတိယဗိုလ်မှူးကြီး | အောင်ဇော်လင်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၈။ | ဒုတိယဗိုလ်မှူးကြီး | ဇေယျာထွန်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၉။ | ဒုတိယဗိုလ်မှူးကြီး | ကျော်ဇင်ဖြိုး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၀။ | ဒုတိယဗိုလ်မှူးကြီး | သန့်ဇင်အောင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၁။ | ဒုတိယဗိုလ်မှူးကြီး | ငြိမ်းချမ်းကို | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၂။ | ဒုတိယဗိုလ်မှူးကြီး | သူရိန်ကိုကို | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၃။ | ဒုတိယဗိုလ်မှူးကြီး | သန့်ဇင်ဦး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၄။ | ဒုတိယဗိုလ်မှူးကြီး | မိုးစည်သူကြိုင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၅။ | ဗိုလ်မှူး | ဇော်ဇော်အောင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၆။ | ဗိုလ်မှူး | ထက်မြတ်ထွန်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၇။ | ဗိုလ်မှူး | ရဲလင်းထက် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၈။ | ဗိုလ်မှူး | ဇာနည်ထွန်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၉။ | ဗိုလ်မှူး | နိုင်လင်းအောင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၀။ | ဗိုလ်မှူး | မင်းမင်းဦး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၁။ | ဗိုလ်မှူး | ချမ်းမြေ့ကိုကို | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၂။ | ဗိုလ်ကြီး | ဇော်ဝင်းထိုက် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၃။ | ဗိုလ်ကြီး | သက်နိုင်ဦး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၄။ | ၇၄၆၇၄၁ | တပ်ကြပ်ကြီး မြလှိုင်ဦး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၅။ | တတ-၁၃၃၇၆၀ | ဒုတိယတပ်ကြပ် နေသူရဦး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၆။ | ဒေါ်အေးယဉ် | | ကာကွယ်ရေးဝန်ကြီးဌာန |

**မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းရည်သတ္တိ ဂုဏ်ထူးဆောင်တံဆိပ်များ**
**ရဲသူရတံဆိပ်**

| | | | |
|---|---|---|---|
| ၁။ | ယာယီဒုတိယရဲမှူးကြီး | မင်းသူ | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၂။ | ဒုတိယရဲမှူး | သန့်ဇော် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၃။ | ဒုတိယရဲမှူး | ဖြိုးဖြိုးဆွေ(ခ)မိုးဟိန်းကျော် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၄။ | ရဲအုပ် | ရဲအောင်ဗိုလ် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၅။ | ဒုတိယရဲအုပ် | မင်းရဲထက် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၆။ | မ ၂၀၁၆၄ | ဒုတိယမီးသတ်ဦးစီးမှူး ဦးသီဟအောင် | မီးသတ်ဦးစီးဌာန |
| ၇။ | မ ၂၉၇၆၃ | မီးသတ်တပ်ကြပ်ကြီး ငြိမ်းချမ်းအောင် | မီးသတ်ဦးစီးဌာန |

**ရဲဗလတံဆိပ်**

| | | | |
|---|---|---|---|
| ၁။ | ဒုတိယရဲမှူးကြီး | ကျော်သူရ | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၂။ | ရဲမှူး | ဇာနည်မောင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၃။ | ရဲမှူး | ချမ်းမြေ့ထွန်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၄။ | ဗိုလ်ကြီး | မောင်ငွေ (ငြိမ်း) | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅။ | ဒုတိယရဲမှူး | ဖြိုးဝေအောင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၆။ | ဒုတိယရဲမှူး | ချစ်ဇော်ဝင်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၇။ | ဒုတိယရဲမှူး | တူးကိုကို | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၈။ | ဒုတိယရဲမှူး | ဝင်းဇော်ဦး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၉။ | ရဲအုပ် | ရှိန်းသူလွင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၀။ | ရဲအုပ် | ကျော်ဦး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၁။ | ဒုတိယရဲအုပ် | တင်လင်းနိုင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၂။ | ဒုတိယရဲအုပ် | ထွန်းလင်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၃။ | လ ၁၅၃၅၆၂ | ရဲအရာခံ ကျော်ဆန်းဝင်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၄။ | မ ၂၅၂၈၅ | ဒုတိယမီးသတ်ဦးစီးမှူး ဦးမျိုးမင်းထွဋ် | မီးသတ်ဦးစီးဌာန |
| ၁၅။ | ဦးရဲထွန်းဦး | ရေယာဉ်အုပ်(၃) | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန |
| ၁၆။ | မ ၃၂၁၀၈ | လက်ထောက်မီးသတ်ဦးစီးမှူး ဘရန်ဆိုင်းအောင် | မီးသတ်ဦးစီးဌာန |
| ၁၇။ | လ ၂၇၆၄၁၅ | ရဲတပ်ကြပ် အောင်မျိုးသက် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၈။ | လ ၂၆၃၆၀၈ | ရဲဒုတိယတပ်ကြပ် မျိုးသန့်ကျော် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၉။ | လ ၂၇၄၃၄၅ | ရဲဒုတိယတပ်ကြပ် အောင်ဇေဖြိုး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၂၀။ | လ ၂၇၈၈၁၀ | ရဲဒုတိယတပ်ကြပ် နေနိုင်းဝင်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၂၁။ | လ ၂၈၀၄၈၄ | ရဲဒုတိယတပ်ကြပ် ကျော်ရဲအောင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၂၂။ | လ ၂၈၁၉၆၄ | ရဲဒုတိယတပ်ကြပ် အောင်မိုးသူ | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၂၃။ | လ ၂၉၀၀၃၂ | ရဲဒုတိယတပ်ကြပ် မျိုးသန့်ဇင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၂၄။ | မောင်ဇော်ဝင်းမြင့် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၅။ | မောင်ချစ်ဖူးမောင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၆။ | ဦးခင်မောင်အေး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၇။ | မောင်လှိုင်ဝဏ္ဏ | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၈။ | မောင်ရဲရင့်နိုင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၉။ | မောင်အောင်ဖြိုးဝေ | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၀။ | မောင်သန်းတင်ဦး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၁။ | မောင်ကျော်ရဲထွေး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၂။ | မောင်မင်းစိုးပိုင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၃။ | မောင်သန်းထွန်းအောင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၄။ | ဦးပြည့်စုံထွန်း | | ကယားပြည်နယ် |
| ၃၅။ | ဦးညွန့်ခိုင် | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၃၆။ | ဦးဇော်မင်းထွန်း | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၃၇။ | ဦးကျော်မိုးနိုင် | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၃၈။ | ဦးမြင့်ထွန်း | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၃၉။ | ဦးသက်ဖြိုးပိုင် | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၄၀။ | ဦးဝင်းခိုင် | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၄၁။ | ဦးအောင်နိုင်ဝင်း | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၄၂။ | ဦးပြည့်ဖြိုးကျော် | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၄၃။ | ဦးမြင့်ရွှေ | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၄၄။ | ဦးအောင်လင်း | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၄၅။ | ဦးမှတ်ကြီး | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၄၆။ | ဦးဇော်ဦး | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၄၇။ | ဦးအောင်ကျော်ဇေ | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၄၈။ | ဦးပြည့်စုံလင်း | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၄၉။ | ဦးချစ်ကိုကို | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၅၀။ | ဦးယုနောင် | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၅၁။ | ဦးသန်းဇော် | | တနင်္သာရီတိုင်းဒေသကြီး |
| ၅၂။ | ဦးကြီးလှ | | တနင်္သာရီတိုင်းဒေသကြီး |
| ၅၃။ | ဦးဝင်းငွေ | | မကွေးတိုင်းဒေသကြီး |
| ၅၄။ | ဦးအောင်ဘို | | မကွေးတိုင်းဒေသကြီး |
| ၅၅။ | ဦးဝင်းဆွေ | | မန္တလေးတိုင်းဒေသကြီး |
| ၅၆။ | ဦးအောင်စိစိ | | မန္တလေးတိုင်းဒေသကြီး |
| ၅၇။ | ဦးအေးနိုင် | | မန္တလေးတိုင်းဒေသကြီး |
| ၅၈။ | ဦးစန်းယု | | မန္တလေးတိုင်းဒေသကြီး |
| ၅၉။ | ဦးနိုင်နိုင်ထွန်း | | မန္တလေးတိုင်းဒေသကြီး |
| ၆၀။ | ဦးအောင်မြတ်ဦး | | မွန်ပြည်နယ် |
| ၆၁။ | ဦးလှမျိုး | | ရန်ကုန်တိုင်းဒေသကြီး |

**(ပုံ) မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ဥက္ကဋ္ဌ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၌ ကြည့်ရှုလေ့လာပြီး စာဆိုဗိမာန်အဆောက်အအုံ တည်ဆောက်နေမှု ကြည့်ရှုစစ်ဆေး

ရန်ကုန် နိုဝင်ဘာ ၂၄

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့ မွန်းလွဲပိုင်းတွင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၌ ကြည့်ရှုလေ့လာပြီး စာဆိုဗိမာန် အဆောက်အအုံ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

**ဆက်ကပ်လှူဒါန်း**

ဦးစွာ ရန်ကုန်မြို့ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ သီတဂူဆရာတော် ဘဒ္ဒန္တ ဉာဏိဿရအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။



ထို့နောက် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်ရှိ Seminar Hall နှင့် မျက်စိခွဲစိတ်ခန်းတို့ကို ကြည့်ရှုလေ့လာပြီး သီတဂူမျက်စိဆေးရုံတွင် လာရောက်ကုသကြသည့် မျက်စိဝေဒနာရှင်များအား ကြည့်ရှုအားပေးသည်။(**အပေါ်ပုံ**)

ယင်းနောက် မင်္ဂလာတောင်ညွန့်မြို့နယ် ဗိုလ်မင်းခေါင်လမ်းရှိ စာဆိုဗိမာန် အဆောက်အအုံ တည်ဆောက်မှု လုပ်ငန်းခွင်သို့ ရောက်ရှိရာ Myanmar Land & Development Ltd; မှ စီမံကိန်း ဒါရိုက်တာက စာဆိုဗိမာန် အဆောက်အအုံ တည်ဆောက်မှုပုံစံ၊ မြေတူးလုပ်ငန်း၊ မြေနေရာရှင်းလင်းမှုနှင့် လုပ်ငန်းဆောင်ရွက်ထားရှိမှု မှတ်တမ်းတို့ကို ရှင်းလင်းတင်ပြသည်။

**သမိုင်းမှတ်တိုင်တစ်ခုအဖြစ် ကျန်ရစ်စေမည်**

ထို့နောက် ပြည်ထောင်စုဝန်ကြီးက စာဆိုဗိမာန်အဆောက်အအုံသည် အိန္ဒိယနိုင်ငံအစိုးရ၏ အထောက်အပံ့ဖြင့် တည်ဆောက်ခြင်းဖြစ်ပြီး အိန္ဒိယ-မြန်မာနှစ်နိုင်ငံချစ်ကြည်ရေး၏ အမျိုးသားယဉ်ကျေးမှုနှင့် စာပေကဏ္ဍတွင် သမိုင်းမှတ်တိုင်တစ်ခု အဖြစ် ကျန်ရစ်စေမည် ဖြစ်ကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် စာဆိုဗိမာန်အဆောက်အအုံ ပန္နက်တော်တင် မင်္ဂလာအခမ်းအနားကို တက်ရောက်ချီးမြှင့်ခဲ့ပြီး လမ်းညွှန်မှုများနှင့်အညီ အရည်အသွေး ကောင်းကောင်းဖြင့် တည်ဆောက်သွားရန်အလေးထား တိုက်တွန်းလိုကြောင်း မှာကြားသည်။

ထို့နောက် စာဆိုဗိမာန် အဆောက်အအုံ၏ 3D နမူနာပုံစံကို ကြည့်ရှုလေ့လာပြီး လုပ်ငန်းခွင်အတွင်း တည်ဆောက်ရေး လုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

စာဆိုဗိမာန်အဆောက်အအုံကို ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ဥယျာဉ်ရပ်ကွက်ရှိ မြေကွက်အမှတ်(၂၉) မြေတိုင်းရပ်ကွက် (၁၈-အေ) မြေဧက ၂ ဒသမ ၁၈ ဧကပေါ်တွင် နှစ်နှစ်စီမံကိန်းအဖြစ် ဆောင်ရွက်လျက်ရှိပြီး အဆောက်အအုံ အကျယ်အဝန်းမှာ အလျား ပေ ၁၆၀ x အနံ ပေ ၁၄၀ x အမြင့် ၅၇ ပေ ရှစ်လက်မ သုံးထပ်အာရ်စီ အဆောက်အအုံဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# လက်ပံတန်းမြို့၌ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် အခမ်းအနားကျင်းပ




**လက်ပံတန်း နိုဝင်ဘာ ၂၄**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ်၌ "စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်" အခမ်းအနားကို နိုဝင်ဘာ ၂၃ ရက် နံနက်ပိုင်းက အထက (၁) လက်ပံတန်း၌ ကျင်းပသည်။

ဦးစွာ ပဲခူးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးမျိုးအောင်၊ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ကြင်ကြင်သန်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခင်မောင်ထွေး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၂) ဦးမြင့်သူ၊ ခရိုင်ပညာရေးမှူး ဦးဇော်ဝင်းတို့က ပွဲတော်မုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အခမ်းအနားတွင်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်များ ကျင်းပရခြင်း ရည်ရွယ်ချက်များကို ပြောကြားပြီး တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် အလှူရှင်များက လက်ပံတန်းမြို့နယ် အခြေခံပညာကျောင်းများအတွက် လှူဒါန်းသည့် စာအုပ်စာစောင်များကို မြို့နယ်ပညာရေးမှူး ဒေါ်ဥမ္မာဦး ထံပေးအပ်ပြီး စာပေဟောပြောပေးသည့် စာရေးဆရာများနှင့် ဖျော်ဖြေတင်ဆက်သည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ချီးမြှင့်ငွေများ ပေးအပ်သည်။

**ကြည့်ရှုအားပေး**

ထို့နောက် လူမှုရေးရာဝန်ကြီး၊ တိုင်းဒေသကြီး/ခရိုင်/ မြို့နယ် အဆင့် တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများ၏ စာပေဆိုင်ရာ ပြိုင်ပွဲများ၊ အားကစားပြိုင်ပွဲ၊ ပျော်ပွဲရွှင်ပွဲဂိမ်းပြိုင်ပွဲ၊ ကလေးစာဖတ်ခန်း၊ နံရံကပ်စာစောင်၊ ခေတ်ပုံစာအုပ်ပြခန်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မီးသတ်တပ်ဖွဲ့တို့၏ ပြခန်းများ၊ သင်ထောက်ကူပြခန်း၊ ပန်းချီပြခန်း၊ စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးပြခန်းနှင့် စာအုပ်အရောင်းဆိုင်များ၊ စတုဒိသာ ကျွေးမွေးခြင်းတို့ကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# မော်ပီဆရာသိန်း စာကြည့်တိုက်(၁၁)နှစ်ပြည့် အထိမ်းအမှတ် ဂုဏ်ပြုပွဲအခမ်းအနား ကျင်းပ

**မှော်ဘီ နိုဝင်ဘာ ၂၄**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် မော်ပီဆရာသိန်း စာကြည့်တိုက်(၁၁) နှစ်ပြည့် အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက မှော်ဘီမြို့ ပြည်လမ်း အမှတ်(၄)ရပ်ကွက် မော်ပီဆရာသိန်း စာကြည့်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် မှော်ဘီမြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ စာကြည့်တိုက်နာယက စာရေးဆရာ မောင်ချိုဝေက မော်ပီဆရာသိန်း စာကြည့်တိုက် ဖြစ်ပေါ်လာပုံအကြောင်း နှုတ်ခွန်းဆက်အမှာစကား ပြောကြားခြင်း၊ စာရေးဆရာမောင်သာ(ရှေးဟောင်းသုတေသန)၊ စာရေးဆရာပုသိမ်အောင်သန်းဦး၊ စာရေးဆရာချစ်မုန်းငြိမ်း၊ စာရေးဆရာမ မန္တယ် (ကလော)၊ စာရေးဆရာငွေစိုး(ရွှေကြက်မြေ)၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် (၂) ဦးဝင်းစိုးတို့က မုဒိတာစကား ပြောကြားသည်။

ဆက်လက်၍ ဂုဏ်ပြုဆုချီးမြှင့်ပွဲ ကျင်းပခဲ့ရာ မှော်ဘီမြို့နယ်မှ စာပေဗိမာန်စာမူဆု "လယ်တောထဲက ကြေးစည်သံ" ကဗျာပေါင်းချုပ်ဖြင့်(တတိယ)ဆု ရရှိခဲ့သော ဆရာမောင်ချိုဝေအား မြို့နယ်စာရေးဆရာအသင်းက ထပ်ဆင့်ဂုဏ်ပြုဆုများချီးမြှင့်ကာ မော်ပီဆရာသိန်း စာကြည့်တိုက် (၁၁) နှစ်ပြည့် အထိမ်းအမှတ်ဝတ္ထုတိုပြိုင်ပွဲ၌ ဆုရရှိသော စာရေးဆရာ ဆရာထွန်းနိုင်၊ ဆရာမခင်လေးစိန်(ဘိုကလေး)၊ ဆရာမ မဏိမဥ္ဇူ၊ ဆရာမင်းအဂ္ဂ(ဆင်တဲဝ)၊ ဆရာသန်းဝင်းထွန်းနှင့် အထူးဆုရ ဆရာကျော်ဌေးအောင်၊ ဆရာ မောင်ငြိမ်းမွန်(ချောင်းဦး)တို့နှင့် မှော်ဘီမြို့ အထက်တန်းကျောင်းများမှ မြန်မာစာဂုဏ်ထူးရှင် ခုနစ်ဦး၊ ဘောဂဗေဒ ဂုဏ်ထူးရှင် တစ်ဦး၊ စာငှားအများဆုံးဆု၊ စာကြည့်တိုက်ထိန်းသိမ်းစောင့်ရှောက်မှု၊ ပန်းအလှပင်စိုက်ပျိုးမှုဆု စသောဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဗိုလ်တထောင်မြို့နယ် စာရေးဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် သက်ကြီးစာရေးဆရာ ဆရာမကြီးများအား ကန်တော့ပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၄

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်၌ စာရေးဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် သက်ကြီးစာရေးဆရာ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို ယနေ့နံနက်ပိုင်းက ဗိုလ်တထောင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် စာရေးဆရာအသင်းအတွင်းရေးမှူး ဦးမြစိန်(စာရေးဆရာမိုးကျော်သူ)က အဖွင့်အမှာစကားပြောကြားပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် နှစ်ပတ်လည်အစည်းအဝေးသို့ တင်သွင်းသည့် အလုပ်အမှုဆောင်ကော်မတီအစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းကို ဖတ်ကြားသည်။

ဆက်လက်၍ သက်ကြီးစာပေပညာရှင်ကြီးများအား တက်ရောက်လာကြသော စာရေးဆရာအသင်းဝင်များက ပူဇော်ကန်တော့ကြပြီး အခမ်းအနားသို့ တက်ရောက်လာသောအသင်းဝင်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များအား နှစ်ပတ်လည်လက်ဆောင်ပစ္စည်းများပေးအပ်ခဲ့ကြောင်း သိရသည်။

**ခင်ဝင်း(ပြန် /ဆက်)**

ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ

○ ကျောဖုံးမှ

အဆိုပါ လူသားချင်းစာနာထောက်ထားမှု အကူအညီပစ္စည်းများ လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို နေပြည်တော်လေဆိပ်၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ မြန်မာ-ရုရှား ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ ဦးအောင်သော်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးကြည်၊နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး Mr. Iskander Azizov နှင့် ရုရှားနိုင်ငံမှ အလှူရှင်အဖွဲ့အစည်းများကိုယ်စား တာဝန်ရှိသူတစ်ဦးတို့က လူသားချင်းစာနာထောက်ထားမှု အကူအညီပစ္စည်းများ လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး ဒုတိယဝန်ကြီး ဦးစိုးကြည်က လှူဒါန်းမှုအပေါ် ကျေးဇူးတင်စကား ပြန်လည်ပြောကြား၍ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်သည်။

ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးအတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးဌာနများနှင့် ကုမ္ပဏီများက လူသားချင်းစာနာထောက်ထားမှု အကူအညီပစ္စည်းများ စုစုပေါင်းတန်ချိန် ၃၅ တန်ခန့်ပါဝင်ပြီး ရေဘေးသင့်ဒေသများသို့ အမြန်ဆုံးခွဲဝေပို့ဆောင်သွားမည် ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ မြန်မာ-ရုရှား ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ ဦးအောင်သော်၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး Mr. Iskander Azizov နှင့် တာဝန်ရှိသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။



ရာဂီမုန်တိုင်းနှင့်ဆက်စပ်ဖြစ်ပွားသော ရေကြီးရေလျှံမှုများကြောင့် ဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးအတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံကိုယ်စား ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးဌာနများနှင့် ကုမ္ပဏီများက လူသားချင်းစာနာထောက်ထားမှုအကူအညီပစ္စည်းများ လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကျင်းပစဉ်။



ရာဂီမုန်တိုင်းနှင့်ဆက်စပ်ဖြစ်ပွားသော ရေကြီးရေလျှံမှုများကြောင့် ဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးအတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံကိုယ်စား ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးဌာနများနှင့် ကုမ္ပဏီများက လူသားချင်းစာနာထောက်ထားမှုအကူအညီပစ္စည်းများ တင်ဆောင်လာသည့် သယ်ယူပို့ဆောင်ရေးလေယာဉ် နေပြည်တော်လေဆိပ်သို့ ရောက်ရှိစဉ်။

# ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း
# ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ (၁) ၌ ကျင်းပသည်။

အစည်းအဝေးသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်နှင့် ကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ နေပြည်တော်ကောင်စီဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများ၊ နေပြည်တော်ခရီးသွားလုပ်ငန်းရှင်များအသင်း၊ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်းနှင့် လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက နေပြည်တော်ကို Clean City၊ Green City၊ Smart City ဖြစ်စေရန်အတွက် အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ နေပြည်တော်အတွင်း ခရီးစဉ်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ယခင်ရှိပြီးသည့် ခရီးစဉ်နေရာဒေသများအပြင် အပန်းဖြေအနားယူနိုင်သော ခရီးစဉ်နေရာသစ်များကို ဖော်ထုတ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ခရီးသွားဆွဲဆောင်မှုရှိစေရေးနှင့် ကောင်းမွန်သောဝန်ဆောင်မှုများ ရရှိစေရေး၊ ဒေသထွက်ကုန်ပစ္စည်းများ ရောင်းချနိုင်ရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နေပြည်တော်အတွင်း ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကော်မတီအဖွဲ့ဝင်များ၊ လုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။



ထို့နောက် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန နေပြည်တော်ရုံးခွဲ ညွှန်ကြားရေးမှူး၊ ကော်မတီအဖွဲ့ဝင်များနှင့် နေပြည်တော်ခရီးသွားလုပ်ငန်းရှင်များအသင်း၊ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်းနှင့်လုပ်ငန်းရှင်များက နေပြည်တော်အတွင်း ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်သည့်လုပ်ငန်းများကို သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ဆွေးနွေးတင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ပျဉ်းမနားမြို့ ဘောဂသီရိအဝေးပြေးယာဉ်ရပ်နားစခန်းအတွင်းရှိ နေပြည်တော်မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ (အဝေးပြေး) ရုံးသို့ သွားရောက်ပြီး ခရီးသည်ပို့ဆောင်ရေးယာဉ်လိုင်းတာဝန်ခံများနှင့် တွေ့ဆုံ၍ လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

စိုက်ပျိုးရေးတက္ကသိုလ် နှစ်(၁၀၀)ပြည့်အကြို ဂုဏ်ပြုဆောင်းပါး

# မြန်မာနိုင်ငံစိုက်ပျိုးရေးတက္ကသိုလ် နှစ် (၁၀၀) ပြည့် အမှတ်တရ

ဒေါက်တာမျိုးကြွယ်

မြန်မာနိုင်ငံ စိုက်ပျိုးရေးပညာ တက္ကသိုလ် ကောလိပ်အဆင့် သင်ကြားပေးနေမှုမှာ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် နှစ် (၁၀၀) ပြည့်ပါတော့မည်။ ရာပြည့်အခမ်းအနားကို နိုင်ငံတော်အဆင့် ကျင်းပပြုလုပ်ရန် ပြင်ဆင်လျက်ရှိသည်။

စိုက်ပျိုးရေးတက္ကသိုလ်သည် မန္တလေးမြို့ မြန်မာ့စိုက်ပျိုးရေးကောလိပ်နှင့် သုတေသနဌာန (Burma Agricultural College and Research Institute) ဘဝမှစတင်ခဲ့ပြီး စတင်ခဲ့သော မူလ အဆောက်အအုံကြီးက လက်ရှိ မန္တလေးတက္ကသိုလ် ဖြစ်နေပါသည်။

သမိုင်းကြောင်းအရ ပျဉ်းမနားမြို့နယ် ရေဆင်းသို့ ၁၉၇၃ ခုနှစ် စက်တင်ဘာလတွင် ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ပြီး ၁၉၉၈ ခုနှစ်တွင် ရေဆင်း စိုက်ပျိုးရေးတက္ကသိုလ် (YAU – Yezin Agricultural University) အဖြစ် အမည်ပြောင်းလဲခဲ့ပါသည်။

ရာပြည့်သဘင်မှသည် မြန်မာနိုင်ငံ၏အနာဂတ် မြန်မာနိုင်ငံ စိုက်ပျိုးမွေးမြူရေးတက္ကသိုလ်များ (Future Agricultural Universities in Myanmar) ကို ပုံဖော်စိတ်ကူးကြည့်လိုပါသည်။

ယခင် ၁၉၆၂ ခုနှစ်မတိုင်မီက မြန်မာနိုင်ငံရှိ တက္ကသိုလ်နှစ်ခု (ရန်ကုန်တက္ကသိုလ်နှင့် မန္တလေးတက္ကသိုလ်) တို့သည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တက္ကသိုလ်စနစ် (Autonomous University System) နှင့် မဟာဌာနများ (Faculty) ပါဝင်သော ဘာသာစုံသင်ကြားပေးသည့် တက္ကသိုလ်များ (Comprehensive Universities) ဖြစ်ကြပါသည်။ အရှေ့တောင်အာရှနိုင်ငံအချို့မှပင် မြန်မာနိုင်ငံသို့ ပညာတော်သင်လာရပါသည်။ စိုက်ပျိုးရေးပညာ သင်ကြားမှုသည်လည်း ရန်ကုန်နှင့် မန္တလေး လက်အောက်ခံမဟာဌာန (Faculty of Agriculture) မှ စတင်ခဲ့ပါသည်။

### တိုးချဲ့သင်ကြားပေးနိုင်ခဲ့

ကျွန်တော်တို့ YAU မှာရှိစဉ် ၂၀၁၅–၂၀၁၆ ခုနှစ် ခန့်က စိုက်ပျိုးရေးအင်ဂျင်နီယာ(Agricultural Engineering) နှင့် မွေးမြူရေးသိပ္ပံ (Animal Science) ဘာသာရပ်တို့ကို ဖွဲ့စည်းပုံတိုးချဲ့၍ လည်းကောင်း၊ စိုက်ပျိုးရေးပညာပေး (Agricultural Extension)၊ အစားအသောက်သိပ္ပံနှင့် နည်းပညာ (Food Science and Technology)၊ စိုက်ပျိုးရေး ဇီဝနည်းပညာ (Agricultural Biotechnology)၊ စိုက်ပျိုးရေးအဏုဇီဝဗေဒ (Agricultural Microbiology) စသည့် ဌာနအသစ်များဖြင့်လည်းကောင်း ဘာသာရပ်အားလုံးကို ပါမောက္ခအဆင့်အထိ တိုးချဲ့ဖွဲ့စည်းခဲ့ပါသည်။ သို့သော် တစ်နိုင်ငံလုံးတွင် တစ်ကျောင်းတည်းသာရှိသော ကျောင်းရှိ ဤဘာသာရပ်များ၌ အထူးပြုကျောင်းသား ကျောင်းသူဆယ်ဂဏန်းမျှသာ ရှိပါသေးသည်။


နေပြည်တော် ဇေယျာသီရိမြို့နယ်ရှိ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်အဆောက်အအုံ။

အိန္ဒိယနိုင်ငံ အထောက်အပံ့ဖြင့် အဆင့်မြင့် စိုက်ပျိုးရေးပညာလေ့လာရေးနှင့် သုတေသနဗဟိုဌာန (Advanced Center for Agricultural Research and Education – ACARE) ကိုလည်း စတင်ဖွဲ့စည်းကာ ဘာသာရပ်အသစ်များဖြင့် မဟာသိပ္ပံ၊ ပါရဂူဘွဲ့သင်တန်းများ တိုးချဲ့သင်ကြားပေးနိုင်ခဲ့ပါသည်။ အိန္ဒိယနိုင်ငံတွင်မူ ပြည်နယ်အလိုက် စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ် (State Agricultural Universities) ပေါင်း ၆၄ ခုနှင့် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ပုဂ္ဂလိကတက္ကသိုလ်/ ကောလိပ် များစွာ သင်ကြားပေးနေပါသည်။ ဥပမာ – ဘီဟာစိုက်ပျိုးမွေးမြူရေးတက္ကသိုလ် (Bihar Agricultural University)၊ ပန်ဂျပ်စိုက်ပျိုးမွေးမြူရေးတက္ကသိုလ် (Punjab Agricultural University) ထိုသို့နိုင်ငံများစွာမှာ လက်ရှိကျင့်သုံးနေသော စိုက်ပျိုးရေး၊ မွေးမြူရေး၊ ငါး၊ ပုစွန်မွေးမြူရေး (ရေလုပ်ငန်း)၊ သစ်တော၊ အစားအသောက်၊ ပတ်ဝန်းကျင်သိပ္ပံ တစ်နေရာတည်းစုပေါင်း၍ ဘာသာရပ်များစွာကို ပညာရှင်များစွာက ရှုထောင့်မျိုးစုံ လေ့လာသည့်ပုံစံ၊ စနစ် (Multi–disciplinary Approach)၊ သင်ရိုးနာရီများစွာကို ကြိုက်ရာဘာသာရပ် မှတ်ပုံတင် (Cross–enrollment with Credit System) တွဲဖက်ယူသည့် စနစ်များစွာတို့ကို အတုယူသင့်ပါသည်။ ဥပမာ – စာရင်းအင်းပညာ (Statistics – Biometrics/ Biostatistics, Econometrics, Technimetrics) ဆိုလျှင် ကျွမ်းကျင်သော သင်္ချာပညာရှင်၊ စီးပွားရေးတက္ကသိုလ်ရှိ စာရင်းအင်းပညာရှင်များက ရေဆင်းတက္ကသိုလ်များ၌ပင်ရှိပြီး စာရင်းအင်းပညာ မဟာဌာနအဆင့် သီးသန့်ဘွဲ့ပေးနိုင်ခြင်း၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ (Information and Communication Technology – ICT) ဆိုလျှင်လည်း ကွန်ပျူတာတက္ကသိုလ်ရှိ ဘာသာရပ်ကျွမ်းကျင်သောဌာနများကဲ့သို့ရှိပြီး ရေဆင်းနယ်မြေရှိ ကျောင်းသား ကျောင်းသူများအားလုံး လူကိုယ်တိုင် သွားရောက်သင်ယူနိုင်သည့်အဆင့် စသည့်ပုံစံမျိုး ဖြစ်ပါသည်။

### အကောင်အထည်ဖော်သင့်

ထို့အပြင် ဒေသအလိုက်သီးနှံပတ်ဝန်းကျင် (Different Agroecosystem) သဘောတရားအရ တစ်နိုင်ငံလုံး သီးနှံအလိုက် စိုက်ပျိုးနိုင်သည့်ပုံစံ (ဥပမာ – ရော်ဘာ၊ ဆီအုန်း စိုက်ပျိုးရေး သင့်တော်သောနေရာ၊ ဒေသ၊ မြို့၊ အပူပိုင်း မြေပဲ၊ နှမ်း၊ ပဲမျိုးစုံ စိုက်ပျိုးရာနေရာ၊ ကော်ဖီစိုက်ပျိုးရာနေရာများ) ကို မူတည်၍ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် တိုင်းဒေသကြီးတစ်ခုချင်းစီအလိုက် နယ်မြေ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ဦးစားပေးရာလည်းရောက်အောင် စွမ်းဆောင်နိုင်သည့်ပုံစံ (ဥပမာ – ပြည်နယ်အချို့ရှိ တက္ကသိုလ်တချို့၌ YAU ၏ကျောင်းခွဲနယ်မြေ – YAU Campus၊ စိုက်ပျိုးမွေးမြူရေးမဟာဌာန သို့မဟုတ် စိုက်ပျိုးမွေးမြူရေးကောလိပ် – Faculty/College of Agriculture စသည်ဖြင့်) အကောင်အထည်ဖော်သင့်ပါသည်။ အိန္ဒိယနှင့် ထိုင်းနိုင်ငံ တက္ကသိုလ်နယ်မြေများမှာ ဤပုံစံအလိုက်ပြုလုပ်ပါသည်။ ပြည်နယ်သင်တန်းသားဦးရေမှာ တစ်နှစ်လျှင်လူဦးရေ ၅၀ စီ (လက်တွေ့တစ်တန်းစာ၊ မိုက်ခရိုစကုပ်(Microscope) တစ်ဦးချင်း ကြည့်လို့ရသည့်အရေအတွက်၊ ဦးစားပေးရမည်မှာလည်း အမှတ်ကိုမကြည့်ဘဲ ဒေသတွင်းတောင်သူလယ်သမားသားသမီးများ ဦးစားပေးဆိုပါက) ဘယ်လိုနေမည်နည်း၊ ထိုသို့တိုးချဲ့သင်ကြားပေးပါက YAU ဘွဲ့ရများစွာ ကျောင်းဆရာ ဆရာမများအဖြစ် အလုပ်အကိုင် ရရှိသွားပါမည်။ နောင်အနာဂတ်ပုံဖော်မည့် စိုက်ပျိုးရေးတက္ကသိုလ်မှ လူငယ်၊ ဆရာ ဆရာမများအတွက် အကြံဉာဏ်ရှိသလောက် အကောင်အထည်ဖော်ရန်အတွက် အကြံပြုခြင်းသာဖြစ်ပါသည်။

နောက်တစ်ခုက နိုင်ငံတကာတွင် လက်တွေ့ကျင့်သုံးလျက်ရှိသော စိုက်ပျိုးမွေးမြူရေးပညာကို ပုဂ္ဂလိကကဏ္ဍမှ တစ်ဖက်တစ်လမ်း အထောက်အကူပေးရန် (Private Higher Education System in Agriculture) အကောင်အထည်ဖော်ကြည့်ခြင်းပါ။ ဥပမာအားဖြင့် တိုကျို စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ် (TUA –Tokyo University of Agriculture/ Tokyo Nodai) သည် ဂျပန်နိုင်ငံ၏ စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ကမ္ဘာကျော်ပုဂ္ဂလိက စိုက်ပျိုးမွေးမြူရေးတက္ကသိုလ် (World Renowned Private Agriculture University) တစ်ခုဖြစ်ပါသည်။ အစိုးရတက္ကသိုလ်များ (Public Universities) ထက်ကျောင်းလခ (တစ်နှစ် အမေရိကန်ဒေါ်လာ ၅၀၀၀ ကျော်) အလွန်ဈေးကြီးသော်လည်း ပြည်တွင်းပြည်ပမှ ကျောင်းသား ကျောင်းသူများ များပြားစွာ တက်ရောက်လျက်ရှိပါကြောင်း ရေးသားလိုက်ရပါသည်။ ။

**“ဒေသအလိုက်သီးနှံပတ်ဝန်းကျင် (Different Agroecosystem) သဘောတရားအရ တစ်နိုင်ငံလုံး သီးနှံအလိုက် စိုက်ပျိုးနိုင်သည့်ပုံစံ (ဥပမာ - ရော်ဘာ၊ ဆီအုန်း စိုက်ပျိုးရေးသင့်တော်သောနေရာ၊ ဒေသ၊ မြို့၊ အပူပိုင်း မြေပဲ၊ နှမ်း၊ ပဲမျိုးစုံ စိုက်ပျိုးရာနေရာ၊ ကော်ဖီစိုက်ပျိုးရာနေရာများ) ကိုမူတည်၍ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် တိုင်းဒေသကြီးတစ်ခုချင်းစီအလိုက် နယ်မြေ ဒေသဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ဦးစားပေးရာလည်းရောက်အောင် စွမ်းဆောင်နိုင်သည့်ပုံစံ (ဥပမာ - ပြည်နယ်အချို့ရှိ တက္ကသိုလ်တချို့၌ YAU ၏ ကျောင်းခွဲနယ်မြေ - YAU Campus၊ စိုက်ပျိုးမွေးမြူရေးမဟာဌာန သို့မဟုတ် စိုက်ပျိုးမွေးမြူရေးကောလိပ် - Faculty/ College of Agriculture စသည်ဖြင့်) အကောင်အထည်ဖော်သင့်”**









# စံချိန်ဆီစက်ရုံ (Refinery Plant) ဖွင့်ပွဲ အခမ်းအနားကျင်းပ





ရန်ကုန် နိုဝင်ဘာ ၂၄

Global Good Pure Group ကုမ္ပဏီလီမိတက်၏ စံချိန်ဆီစက်ရုံ (Refinery Plant) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ် (၆၂) ကမ်းနားလမ်းနှင့် ဦးချိန်လမ်းထောင့် စက်မှုဇုန်(၂)၌ ကျင်းပသည်။

အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံ ဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးဆန်းလင်းနှင့် တာဝန်ရှိသူများ၊ စက်မှုဇုန်အသီးသီးမှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ စက်မှုလုပ်ငန်းရှင်များနှင့် Global Good Pure Group ကုမ္ပဏီလီမိတက် စံချိန်ဆီစက်ရုံ၏ မန်နေဂျင်းဒါရိုက်တာ ဦးမောင်မောင်ဇော်နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမင်းနောင်၊ ဒေါက်တာချာလီသန်း၊ ဦးထွန်းအုံ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ မြန်မာနိုင်ငံ ဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ Global Good Pure Group ကုမ္ပဏီလီမိတက် စံချိန်ဆီစက်ရုံ၏ မန်နေဂျင်းဒါရိုက်တာတို့က စံချိန်ဆီစက်ရုံကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက စံချိန်ဆီစက်ရုံ ကမ္ပည်းမော်ကွန်းကျောက်စာအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကြပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြကာ စံချိန်ဆီစက်ရုံအတွင်း ထုတ်လုပ်ထားသည့်ဆီများ ပြသထားမှု၊ ဆီထုတ်လုပ်ပြီး ကုန်ကြမ်းများ ဆောင်ရွက်ထားမှု အခြေအနေများနှင့် ဆီထုတ်လုပ်နေမှုအဆင့်ဆင့်တို့ကို လှည့်လည်ကြည့်ရှုကြရာ စက်ရုံတာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် အခမ်းအနားအစီအစဉ်ဒုတိယပိုင်းကို ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဂုဏ်ပြုစကားပြောကြားပြီး Global Good Pure Group ကုမ္ပဏီလီမိတက် စံချိန်ဆီစက်ရုံ၏ မန်နေဂျင်းဒါရိုက်တာက ကျေးဇူးတင်စကား ပြောကြားသည်။

ယနေ့ ဖွင့်လှစ်သည့် Global Good Pure Group ကုမ္ပဏီလီမိတက်၏ စံချိန်ဆီစက်ရုံ (Refinery Plant)သည် မြန်မာနိုင်ငံတွင် မြေပဲနှင့် နေကြာဆီထွက်သီးနှံကို စတင်ကြိတ်ခွဲထုတ်လုပ်သော စက်ရုံကြီးတစ်ခုဖြစ်ပြီး အဆိုပါစက်ရုံမှ တစ်ရက်ကြိတ်ခွဲနိုင်စွမ်းအားမှာ ဆီတန်ချိန် ၅၀ ဖြစ်ပြီး တစ်လလျှင် ဆီတန်ချိန် ၁၅၀၀ ထုတ်လုပ်နိုင်ကြောင်း၊ ပြည်ပဆီတင်သွင်းမှုကို လျှော့စေပြီး ပြည်တွင်းစားသုံးမှု ဖူလုံစေရေးတို့တွင် အထောက်အကူပြုနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**



# မော်လမြိုင်မြို့နယ်၌ စာကြည့်တိုက်အဆောက်အအုံသစ် ပန္နက်တင်မင်္ဂလာအခမ်းအနား ကျင်းပ

မော်လမြိုင် နိုဝင်ဘာ ၂၄

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် သာယာအေးရပ်ကွက် စာကြည့်တိုက်အဆောက်အအုံသစ် ဆောက်လုပ်ရန် ပန္နက်တင်မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၉ နာရီက အဆိုပါစာကြည့်တိုက်မြေနေရာ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဝင်းနိုင်၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် တာဝန်ရှိသူများက သတ်မှတ်နေရာအသီးသီးတွင် ပန္နက်တင်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခဲ့သည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဝင်းနိုင်က လိုအပ်သည်များ ဆွေးနွေးမှာကြားပြီး စာကြည့်တိုက်သုံး ပရိဘောဂနှင့် စာအုပ်စာစောင်များ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်းဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း

နေပြည်တော် နိုဝင်ဘာ ၂၄

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရှောင်နှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများအား ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ (မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရှပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်းစသည့် သင်တန်းများကို ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် သင်တန်းအပတ်စဉ် ရှစ်ခု၊ အပတ်စဉ်တစ်ခုလျှင် ခြောက်ပတ်ကြာ သင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းများ၌ စနေ၊ တနင်္ဂနွေနေ့များတွင်လည်း အထူးသင်တန်းများအား ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများ၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ဆဋ္ဌမအကြိမ်မြောက် ကျောင်းအခြေပြုသင်တန်းအား ၂၆.၁၁.၂၀၂၄ ရက်မှ ၃.၁.၂၀၂၅ ရက်ထိဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော သင်တန်းသား(အမျိုးသမီး/အမျိုးသား)များအနေဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်များရှိ အောက်ပါအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း လူမှုဝန်ထမ်းဦးစီးဌာနက ကြေညာထားသည်-

- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရန်ကုန်)** အမှတ်-၁၃၅၊ ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း- ၀၉-၄၂၇၉၀၀၀၄၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မန္တလေး)** အမှတ်-၁၆၉၊ ၈၃လမ်း၊ ၂၅x၂၆လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့၊ ဖုန်း-၀၂-၄၀၃၆၇၉၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း (မော်လမြိုင်)** ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့၊ ဖုန်း- ၀၅၇-၂၀၂၇၁၆၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (တောင်ငူ)** အမှတ်(၁၈)ရပ်ကွက်၊စည်သူလမ်း၊ဘူတာအနီး၊တောင်ငူမြို့၊ ဖုန်း-၀၅၄-၂၈၂၃၅၇၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မြစ်ကြီးနား)** အမှတ်(၉၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ဖုန်း- ၀၇၄-၂၅၂၂၅၅၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ဖျာပုံ)** ကျုံကူကျေးရွာ၊ ဖျာပုံ-ဘိုကလေးကားလမ်းဘေး၊ ဖျာပုံမြို့၊ ဖုန်း- ၀၉-၂၆၂၇၅၇၈၉၉
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ပုသိမ်)** အမှတ်-၂ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊ ဖုန်း - ၀၄၂-၂၅၃၇၃၊ ၀၄၂-၂၁၀၃၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (စစ်တွေ)** မေယုလမ်း(လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက်၊ စစ်တွေမြို့၊ ဖုန်း- ၀၄၃- ၂၂၀၆၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရှောင်)** အမှတ်-၈၂၊ အင်းကုန်းငါးဆူကျေးရွာအုပ်စု၊ အင်းကုန်းကျေးရွာ၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှောင်မြို့၊ ဖုန်း- ၀၈၁-၄၇၆၈၀၁၅
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ထားဝယ်)** အကွက်အမှတ်(၂၄)၊ ဆန်ချီတိုးချဲ့အနောက်ကွင်း၊ ထားဝယ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး၊ ဖုန်း- ၀၅၉- ၂၀၂၄၀၀၉

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ရန်ကုန်တိုင်းဒေသကြီးအတွင်း သမဝါယမလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး



နေပြည်တော် နိုဝင်ဘာ ၂၄

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်အတွင်း သမဝါယမလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သန်လျင်မြို့နယ် ငါးဖြေမကျေးရွာရှိ အလင်းရောင်မွေးမြူရေးနှင့် အထွေထွေသမဝါယမအသင်းသို့ သွားရောက်ပြီး နို့စားနွားမွေးမြူသူအသင်းသားများ၊ နွေစပါးစိုက်တောင်သူများနှင့် တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက မွေးမြူရေးလုပ်ငန်းများအတွက် သမဝါယမအသင်းရန်ပုံငွေများ၊ ကျေးလက်စီးပွား မြင့်မားရေး ရန်ပုံငွေ ထူထောင်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများဖြင့် လိုအပ်သည့် မျိုး၊ အစာနှင့် ခြံတည်ဆောက်ခြင်းများအတွက် ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မျိုးကောင်းမျိုးသန့်များရရှိရေး၊ သွင်းအားစု ပံ့ပိုးပေးနိုင်ရေး ထွက်ရှိလာသည့် စိုက်ပျိုးရေး၊ မွေးမြူရေး ထုတ်ကုန်များကို ဈေးကွက်ခိုင်မာမှုရရှိရေး လုပ်ဆောင်ပေးလျက်ရှိကြောင်း ပြောကြားပြီး နို့စားနွားမွေးမြူသူအသင်းသားများ၏ တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် ငါးဖြေမကျေးရွာ၌ ပုဂ္ဂလိက နို့စွားနွားမွေးမြူရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်း လုပ်ငန်းစီမံကိန်း (RBF) ရန်ပုံငွေဖြင့် တိုးချဲ့ဆောင်ရွက်မည့် နို့စားနွားမွေးမြူရေးခြံ တည်ဆောက်မည့် မြေနေရာနှင့် တည်ဆောက်မည့် အစီအမံများကို လည်းကောင်း၊ သန်လျင်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိပြီး ကျေးရွာခြောက်ရွာ၊ လူဦးရေ ၃၉၀၀၀ ကျော်နှင့် စိုက်ဧက ၂၇၅ ဧကတို့ကို အကျိုးပြုပေးလျက်ရှိသည့် သနပ်ပင်-အုတ်ဖိုစုကျေးရွာချင်းဆက်လမ်းပျက်စီးနေသောလမ်းပိုင်းများကို မြေကြီးတာပေါင်တင်ခြင်းနှင့် ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကိုလည်းကောင်း သွားရောက် ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

ယင်းနောက် သနပ်ပင်ကျေးရွာ ဘက်စုံသုံးခန်းမ၌ နို့စားနွားမွေးမြူသူများ၊ နွေစပါးစိုက်တောင်သူများ၊ ဆောင်းသီးနှံမြေပဲစိုက် သမဝါယမအသင်းသားတောင်သူများနှင့်တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာနအနေဖြင့် တောင်သူများ လိုအပ်သည့် မျိုးနှင့် သွင်းအားစုဓာတ်မြေဩဇာများကို တောင်သူများလက်ဝယ် အချိန်မီရောက်ရှိရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ မွေးမြူရေးလုပ်ငန်းများအတွက် အရင်းအနှီးများကိုလည်း သမဝါယမချေးငွေများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့် ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (RBF) ချေးငွေများမှ ရရှိအောင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရက ကျေးရွာနေပြည်သူများလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီးဖြစ်၍ ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဝိုင်းဝန်းထိန်းသိမ်းကြရန် လိုအပ်ကြောင်း ရှင်းလင်းဆွေးနွေးပြီး ကျေးရွာနေပြည်သူများ၏ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီးတို့က သန်လျင်မြို့နယ်အတွင်းရှိ သမဝါယမအသင်း လေးသင်းရှိ အသင်းသားတောင်သူ ၅၈ ဦးတို့၏ စိုက်ဧက ၅၀၀ အတွက် ယူရီးယားဓာတ်မြေဩဇာ ၈၃၂ အိတ်နှင့် ကွန်ပေါင်းဓာတ်မြေဩဇာ ၁၅၅ အိတ်ကိုလည်းကောင်း၊ ခရမ်းမြို့နယ်အတွင်းရှိ မြေပဲစိုက် တောင်သူ ၁၀ ဦးတို့၏ စိုက်ဧက ၄၀ အတွက် ယူရီးယားဓာတ်မြေဩဇာအိတ် ၁၅၀ ကိုလည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် သနပ်ပင်မြို့နယ်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းကြည့်ရှုစစ်ဆေး



ပဲခူး နိုဝင်ဘာ ၂၄

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ယမန်နေ့ နံနက်ပိုင်းက သနပ်ပင်မြို့နယ် အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် သနပ်ပင်မြို့နယ် အောက်တဲစုကွင်းသို့ ရောက်ရှိပြီး နွေစပါးနှစ်သီး တစ်ကွင်းတစ်ဆက်တည်း ဧက ၄၀၀ စံပြစိုက်ခင်းသို့ ရောက်ရှိပြီး နွေစပါးအား တိုင်းဒေသကြီးအစိုးရဖွဲ့က ထောက်ပံ့ထားသည့် မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးသည်။ ဒေသခံတောင်သူများနှင့် တွေ့ဆုံ၍ မျိုး၊ မြေ၊ ရေ၊ နည်း အဓိကအချက်ကြီးလေးချက်အား လိုက်နာပြီး ခေတ်မီစိုက်ပျိုးနည်းစနစ်များဖြင့် ဆောင်ရွက်မှသာ ပန်းတိုင်အထွက်နှုန်း ရရှိနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး သွင်းအားစုများကို ထောက်ပံ့ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် သနပ်ပင်မြို့နယ် ဖရဲကျေးရွာအုပ်စု၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် အောင်မြင်စွာ မွေးမြူရေးလုပ်ငန်းဆောင်ရွက်နေသည့် ဦးစိန်လင်း၏ ဒေသကြက်ကောင်ရေ ၃၀၀၀ မွေးမြူရေးခြံ၊ ဈေးပိုင်းရပ်ကွက်ရှိ မိဘမေတ္တာ ဒေသနွားကောင်ရေ ၁၀၀၊ ဒေသဆိတ်ကောင်ရေ ၁၀၀ နှင့် ဥစားဘဲကောင်ရေ ၅၀၀ ဘက်စုံမွေးမြူရေးခြံနှင့် နေပီယာမြက် စိုက်ပျိုးခင်း၊ ကမာစဲကျေးရွာရှိ မွေးမြူရေးလုပ်ငန်းရှင် ဦးသိန်းလွင်၏ ဥစားဘဲ ကောင်ရေ ၅၀၀၀ မွေးမြူထားရှိမှုတို့ကို သွားရောက်ကြည့်ရှုအားပေးခဲ့သည်။ ဝန်ကြီးချုပ်က ဒေသတွင်း အသား၊ ငါး၊ ဥ စားသုံးမှုဖူလုံပိုလျှံစေရေးနှင့် ကုန်ဈေးနှုန်းတည်ငြိမ်မှုရှိစေရေး တိုးချဲ့မွေးမြူခြင်းများ ဆောင်ရွက်ရန်၊ တိရစ္ဆာန်အစာအား ဒေသထွက်ကုန်ကြမ်းပစ္စည်းများဖြင့် ရောစပ်ကျွေးမွေးရန်နှင့် မေထုန်မဲ့သားစပ်ခြင်း သင်တန်းများ ကျယ်ကျယ်ပြန့်ပြန့် သင်တန်းပေးခြင်းများ ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ကမာစဲကျေးရွာရှိ ဦးလူမော်၏ တစ်ရက်တန် ၂၅၀ ကျ ဆန်စက်သို့ သွားရောက်ပြီး ဆန်စက်လည်ပတ်နေမှု၊ လုံးတီးဆန်ကြိတ်ခွဲနေမှုနှင့် စပါးအခြောက်ခံစက်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ဒေသတွင်း အသား/ငါး ကုန်ဈေးနှုန်းတည်ငြိမ်မှုရှိစေရေးနှင့် ဈေးကွက်အတွင်း အသား/ငါး/ဥ ပြတ်လပ်မှုမရှိစေရေး သနပ်ပင်မြို့ရှိ ဦးသန်းငွေ၏ ငါး၊ ပုစွန် ရောင်းဝယ်ရေးဒိုင်သို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# သရက်မြို့နယ်အတွင်း ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

သရက် နိုဝင်ဘာ ၂၄

မကွေးတိုင်းဒေသကြီး သရက်မြို့၌ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ လမ်းညွှန်မှုဖြင့် သရက်မြို့နယ်အတွင်း



ခရိုင်ပြည်သူ့ ကျန်းမာရေးဦးစီးဌာနရှိ အခြေခံကျန်းမာရေးဝန်ထမ်းများက သရက်မြို့ပေါ်ရှိ ရပ်ကွက် (၈)ရပ်ကွက်တွင် ကျောင်းကျန်းမာရေးဌာနနှင့် မြို့မကျန်းမာရေးဌာနတို့ပူးပေါင်း၍ မြို့ပေါ်ရှိ အခြေခံမူလတန်းကျောင်း ခုနစ်ကျောင်း၊ မြို့နယ်အတွင်းရှိ ကျေးရွာ သုံးရွာတို့တွင် ပြည်သူလူထုနှင့် ကျောင်းသား ကျောင်းသူများအား ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါများအကြောင်း ကျန်းမာရေးအသိပညာပေးခြင်း လုပ်ငန်းများကို စဉ်ဆက်မပြတ် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

## အသိပညာပေး

အဆိုပါ လုပ်ငန်းများဆောင်ရွက်ရာတွင် ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက ပြည်သူလူထုနှင့် ကျောင်းသား ကျောင်းသူတို့၏ စားသောက်နေထိုင်မှုပုံစံများ၊ ယင်လုံအိမ်သာသုံးစွဲမှုအခြေအနေ၊ သောက်သုံးရေနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် ပတ်သက်သည်များကို အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

ဇော်ထက်(သရက်)

# ပေါင်မြို့နယ်၌ ဥစားပိန်းများ စီးပွားဖြစ်စိုက်ပျိုးလာ

ပေါင် နိုဝင်ဘာ ၂၄

မွန်ပြည်နယ် ပေါင်မြို့နယ်အနီးတစ်ဝိုက်နှင့် ကျေးလက်ဒေသများတွင် ဥစားပိန်းစိုက်တောင်သူများ ဈေးကောင်းရရှိသဖြင့် မိသားစု တစ်ပိုင်တစ်နိုင်စိုက်ပျိုးရာမှ စီးပွားဖြစ်တိုးချဲ့စိုက်ပျိုးလာကြကြောင်း သိရသည်။

ဥစားပိန်းပင်များကို မစိုက်မီမြောင်းပေါင်ကို အရင်ဆုံးပြုပြင်ရပြီး စိုက်ပေါင်များအတွင်း မြေခံကြက်ချေး သို့မဟုတ် နွားချေးနှင့် ဆန်စက်မှ ရရှိသည့် ဖွဲမှုန့်များကိုရောစပ်ထည့်ပေးရကြောင်း၊ ပိန်းပင်ပေါက်များကို တစ်ပင်နှင့်တစ်ပင် တစ်ပေခန့်အကွာ စိုက်ပျိုးရကြောင်း၊ အပင်ကြီးထွားမှုနှင့် လေဝင်လေထွက်ကောင်းရန် ဂရုစိုက်ရပြီး ရက် ၈၀ ခန့်အကြာတွင် ဥများတူးဖော်ကာ ရောင်းချရကြောင်း ပေါင်မြို့နယ် ကျုံကကျေးရွာမှ ဥစားပိန်းစိုက် တောင်သူတစ်ဦးက ပြောသည်။

ဥစားပိန်းများကို ရာသီမရွေးစိုက်ပျိုးရပြီး ဈေးကွက်တွင် ဒေသပေါက်ဈေး တစ်ပိဿာလျှင် ကျပ် ၅၀၀၀ ရရှိကာ တောင်သူများ တစ်ပိုင်တစ်နိုင်စိုက်ပျိုးရာမှ ယခုအခါ စီးပွားဖြစ်တိုးချဲ့စိုက်ပျိုးလာကြကြောင်း သိရသည်။

မွန်မလေး(ပြန်/ဆက်)

# ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေဆုရှင်နှင့် စာပေဗိမာန်စာမူဆုရှင်တို့၏ ရင်တွင်းစကားသံများ

တွေ့ဆုံမေးမြန်း
ညီမောင်

ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီနှင့် စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့တို့က ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုများကို ၂၀၂၄ ခုနှစ် နိုဝင်ဘာ ၂၁ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။ ထိုစာပေဆုရှင်တို့၏ ရင်တွင်းစကားသံအချို့ကို စုစည်းဖော်ပြလိုက်ရပါသည်-



ပုလောစိုးနန့်သာ
အမျိုးသားစာပေဆု
(ကလေးစာပေ)



ညိမ်းညို
စာပေဗိမာန်စာမူဆု
(ဝတ္ထုရှည်) ပထမနှင့်
(ကလေးစာပေ) တတိယ



မောင်သာ
(ရှေးဟောင်းသုတေသန)
စာပေဗိမာန်စာမူဆု
သုတပဒေသာ(ဝိဇ္ဇာ) တတိယ



အင်ကြင်းမေ
စာပေဗိမာန်စာမူဆု
(ကလေးစာပေ) ဒုတိယ



မောင်ညိုလွဲ့(အညာမြေ)
စာပေဗိမာန်စာမူဆု
(လူငယ်စာပေ) ဒုတိယ

**ပုလောစိုးနန့်သာ**
**အမျိုးသားစာပေဆု**
**(ကလေးစာပေ)**

ကျွန်တော်ကတော့ ပုလောစိုးနန့်သာဖြစ်ပါတယ်။ "စက္ကူလေယာဉ်ပျံ ကလေးကဗျာများ" စာအုပ်နဲ့ ၂၀၂၃ ခုနှစ် အမျိုးသားစာပေဆု (ကလေးစာပေ) ရရှိခဲ့တာဖြစ်ပါတယ်။

တကယ်တော့ စက္ကူလေယာဉ်ပျံ ကလေးကဗျာများ စာအုပ်က ၂၀၂၁ ခုနှစ်တုန်းက စာပေဗိမာန်စာမူဆု (ကလေးစာပေ) ပထမဆုရခဲ့တဲ့ စာမူလေးပါ။ အခု ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေဆု ထပ်မံရတဲ့အတွက် ကျွန်တော့်အနေနဲ့ အလွန်ပဲဝမ်းသာရပါတယ်။

ကျွန်တော့်မှာ သားသမီးသုံးယောက်ရှိပါတယ်။ သူတို့အတွက် ကလေးကဗျာလေးတွေ ရေးရင်းနဲ့ ကလေးကဗျာစပ်ရတာ ပျော်လာတာပါပဲ။ ကျွန်တော်တို့ ငယ်ငယ်တုန်းကလည်း ဆရာကြီးမင်းသုဝဏ်၊ ဒေါက်တာမောင်ဖြူး၊ ဆရာကြီးတင်မိုးတို့ရဲ့ ကလေးကဗျာလေးတွေနဲ့ ကြီးပြင်းခဲ့ရပါတယ်။ ကျွန်တော်တို့ လူကြီးဖြစ်လာတော့လည်း မျိုးဆက်သစ်ကလေးတွေကို ဦးနှောက်နဲ့ နှလုံးသား ဖွံ့ဖြိုးသန်မာစေဖို့၊ ကိုယ်၊ နှုတ်၊ နှလုံး သုံးပါးစလုံး ယဉ်ကျေးသိမ်မွေ့ စေဖို့အတွက် ကဗျာလေးတွေကနေ တစ်ဆင့် ခပ်ပါးပါးလေး အသိပေးချင်တဲ့ စိတ်နဲ့ ကလေးကဗျာလေးတွေ ရေးဖြစ်ခဲ့ပါတယ်။ အခု ဆုရတဲ့ စာအုပ်လေးထဲမှာ ကလေးတို့ အကြိုက် ကလေးကဗျာ အပုဒ် ၇၀ ကို ရောင်စုံသရုပ်ဖော်ပုံလေးတွေနဲ့ ဖော်ပြပေးထားပါတယ်။ ကလေးကဗျာမှာ အရေးအကြီးဆုံးဖြစ်တဲ့ စကားလုံး၊ အသံ၊ ကာရန်တို့ကို ကလေးနား၊ ကလေးအသိနဲ့ အံဝင်မှုရှိအောင် အတတ်နိုင်ဆုံး ကြိုးစားရေးစပ်ထားပါတယ်။ ကလေးတွေအတွက် ရည်ရွယ်ရေးစပ်ထားတဲ့ စာအုပ်လေးမို့ အခုလိုမျိုး အမျိုးသားစာပေဆုချီးမြှင့် ရွေးချယ်ပေးခဲ့ကြတဲ့ တာဝန်ရှိသူတွေကိုရော ကမ္ဘာပေါ်ရှိ ကလေးတွေအားလုံးကိုရော ကျေးဇူးတင်ပါတယ်။

**ညိမ်းညို**
**စာပေဗိမာန်စာမူဆု**
**(ဝတ္ထုရှည်) ပထမနှင့်**
**(ကလေးစာပေ) တတိယ**

ကျွန်တော်ကတော့ ညိမ်းညိုဖြစ်ပါတယ်။ "စာမျက်နှာတချို့" စာမူနဲ့ ၂၀၂၃ ခုနှစ် စာပေဗိမာန်စာမူဆု (ဝတ္ထုရှည်) ပထမဆု၊ "ရင်သွေးရတနာ ကလေးကဗျာများ" စာမူနဲ့ ၂၀၂၃ ခုနှစ် စာပေဗိမာန် (ကလေးစာပေ) တတိယဆုကို ရရှိခဲ့တာဖြစ်ပါတယ်။

စာပေဆိုတာ ဘဝရဲ့ပုံရိပ်တွေပါပဲ။ ခေတ်ရဲ့ စာမျက်နှာတွေပါပဲ။ "စာမျက်နှာတချို့" မှာ မြန်မာ-ထိုင်း နှစ်နိုင်ငံနယ်စပ်အနီး စခန်းကုန်းလေး တစ်ခုပေါ်က ဇာတ်ကောင်နှစ်ဦးရဲ့ စရိုက်သဘာဝအဖွဲ့ကနေ လူ့သဘာဝအဖွဲ့၊ လောကအဖွဲ့အထိ ဆိုက်ရောက်ဆင်ခြင်နိုင်အောင် ကျွန်တော်တတ်နိုင်သမျှ ကြိုးစားအားထုတ်ထားပါတယ်။ စာဖတ်သူတွေအနေနဲ့ အနည်းငယ်စိမ်းသက်ကောင်းစိမ်းသက်နေမှာဖြစ်တဲ့ စာမျက်နှာတချို့ကို ဖွင့်လှစ်တင်ဆက်ထားခြင်း ဖြစ်ပါတယ်။

ရင်သွေးဆိုတာ ကျွန်တော်တို့ မိဘတွေအတွက် သာမက တိုင်းပြည်အတွက်လည်း ရတနာလေးတွေ ဖြစ်ပါတယ်။ ဒီလို အဓိပ္ပာယ် ရည်ညွှန်းချက်နဲ့ ရင်သွေးရတနာ ကလေးကဗျာများလို့ ခေါင်းစဉ်ပေးခဲ့တာ ဖြစ်ပါတယ်။ ဆရာကြီးမင်းသုဝဏ်၊ ဆရာကြီးတင်မိုးတို့က အစပြုလို့ ရှေးအစဉ်အဆက်က ရေးဖွဲ့ခဲ့ကြတဲ့ ဆရာ ဆရာမတွေရဲ့ ကျေးဇူးအထွေထွေကို ဆင်ခြင်အောက်မေ့ပြီး ကလေးကဗျာလေးတွေ ရေးဖွဲ့ဖြစ်ခဲ့ပါတယ်။

ကျွန်တော်တို့ရဲ့ ရင်သွေးရတနာလေးတွေ အသံသာသာ၊ အဓိပ္ပာယ် ပေါ်ပေါ်လွင်လွင်နဲ့ ပျော်ပျော်ရွှင်ရွှင် ရွတ်နိုင်၊ ဖတ်နိုင်၊ ဆိုနိုင်အောင် တတ်စွမ်းသမျှ ကြိုးစား ရေးဖွဲ့ထားပါတယ်။ ကျွန်တော်တို့ရဲ့ ကြိုးစားအားထုတ်မှုအပေါ် ထိုက်သင့်တဲ့ ချီးမြှင့်မှုများ ပေးအပ်တဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ်ခင်ဗျာ။

**မောင်သာ**
**(ရှေးဟောင်းသုတေသန)**
**စာပေဗိမာန်စာမူဆု**
**သုတပဒေသာ(ဝိဇ္ဇာ) တတိယ**

ကျွန်တော်က မောင်သာ (ရှေးဟောင်းသုတေသန)ဖြစ်ပါတယ်။ ရှေးဟောင်းသုတေသန သမိုင်းနဲ့ ယဉ်ကျေးမှုဆိုင်ရာ ဆောင်းပါးတွေကို စာနယ်ဇင်းတွေမှာ လွန်ခဲ့တဲ့ ၁၀ နှစ်ကစပြီး ယခုတိုင် အပတ်စဉ်၊ လစဉ် ရေးသားလျက်ရှိပါတယ်။

၂၀၂၃ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုကို "ပရိုင်းမိတ်မှ ပျူသို့ ယဉ်ကျေးမှု အထောက်အထားများ"စာမူနဲ့သုတပဒေသာ (ဝိဇ္ဇာပညာရပ်) ဘာသာရပ်မှာ တတိယဆု ရရှိခဲ့ပါတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံသားတိုင်းရင်းသားတိုင်းက မြန်မာ့သမိုင်းကိုသာမက မြန်မာ့ယဉ်ကျေးမှု ဖြစ်စဉ်သမိုင်းကြောင်း အခြေခံကိုပါ သိထားသင့်တယ်လို့ ယူဆလို့ ကိုယ်တိုင်ကွင်းဆင်း သုတေသနပြုပြီး အထောက်အထားများစွာနဲ့အတူ စာမူကိုပြုစုခဲ့တာ ဖြစ်ပါတယ်။

မြန်မာ့ယဉ်ကျေးမှု သမိုင်းကို သိရင် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်တွေကို ပိုမိုတန်ဖိုးထားထိန်းသိမ်းနိုင်မှာ ဖြစ်ပါတယ်။ လူသားအစ မြန်မာကလို့ အခိုင်အမာ သက်သေပြနိုင်ခဲ့တဲ့ မြန်မာနိုင်ငံက ပရိုင်းမိတ်ရပ်ကွင်းများက အစပြုပြီး မြန်မာ့သမိုင်းစဉ်တစ်လျှောက်မှာ ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်၊ ပျူခေတ်တို့ကို ဖြတ်သန်းခဲ့ပြီး ယဉ်ကျေးမှု အထောက်အထား များစွာကို တွေ့ရှိခဲ့ကြရပါတယ်။

ဆုရစာမူက ပုဂံခေတ်မတိုင်မီ ဖြတ်သန်းခဲ့ရတဲ့ မြန်မာနိုင်ငံ ရှေးဟောင်း ခေတ်ကာလတွေရဲ့ ယဉ်ကျေးမှုဖြစ်စဉ် အထောက်အထားတွေကို ခြုံငုံစုစည်းတင်ပြထားတဲ့ စာမူဖြစ်ပါတယ်။ ကျွန်တော်သုတေသနပြုပြီး ပြုစုထားတဲ့စာမူကို ဆုရွေးချယ်ချီးမြှင့်ပေးလို့ စာပေဗိမာန်စာမူဆု ရွေးချယ်ရေးအဖွဲ့ကို ကျေးဇူးအထူးတင်ပါတယ်ခင်ဗျာ။

**အင်ကြင်းမေ**
**စာပေဗိမာန်စာမူဆု**
**(ကလေးစာပေ) ဒုတိယ**

ကျွန်မရဲ့ ကလောင်အမည်ကတော့ အင်ကြင်းမေဖြစ်ပါတယ်။ "စိတ်ကောင်းနှင့်ယှဉ် ရှေးရှုနှင်" ဆိုတဲ့ခေါင်းစဉ်နဲ့ ၂၀၂၃ ခုနှစ် စာပေဗိမာန်စာမူဆု (ကလေးစာပေ) (ဝတ္ထု) ဒုတိယဆုကို ရရှိခဲ့ပါတယ်။

မိခင်များထဲက မိခင်တစ်ယောက်ဖြစ်လို့ သားသမီးအရွယ်ကလေးငယ်များကို ဂါရဝတရားထားတတ်တဲ့စိတ်၊ ရိုးရိုးကျင့်မြင့်မြင့်ကြံစေလိုတဲ့ စိတ်၊ ကိုယ့်အားကိုယ်ကိုးတတ်တဲ့စိတ်၊ သူတစ်ပါးကို ကူညီဖေးမလိုသော စိတ်၊ ကလေးတွေနဲ့သက်ဆိုင်တဲ့ အဖွဲ့အစည်းတွေမှာ တက်ကြွစွာ ဦးဆောင်ပါဝင်လိုတဲ့ စိတ်၊ မြန်မာ့ယဉ်ကျေးမှုကို မြတ်နိုးတန်ဖိုးထားလိုတဲ့ စိတ်၊ အမိမြန်မာနိုင်ငံရဲ့ တောတောင်သဘာဝအလှတွေကို မြတ်နိုးတတ်တဲ့စိတ် စတဲ့စိတ်ထားကောင်းတွေနဲ့ ပြည့်စုံပြီး ယဉ်ကျေးလိမ္မာတဲ့ လူချွန်လူမွန်လေးတွေ ဖြစ်စေလိုတဲ့ဆန္ဒနဲ့ ဒီဝတ္ထုလေးကို ရေးသားခြင်းဖြစ်ပါတယ်။

ကျွန်မရဲ့ ကလေးဝတ္ထုလေးထဲက ဇာတ်ကောင်တွေရဲ့စိတ်ထားကိုအားကျအတုယူပြီး ကောင်းတာလုပ်ရင် ကောင်းကျိုးခံစားရမယ်ဆိုတဲ့ အသိတရားလေးတွေလည်း ရလာစေချင်တဲ့ စေတနာတွေနဲ့ ရေးခဲ့တာ ဖြစ်ပါတယ်။

ကျွန်မရဲ့မိခင်စိတ်နဲ့ ရင်သွေးငယ်ကလေးတွေအတွက် စိတ်ခွန်အားရစေဖို့ ရည်ရွယ်ပြီး ရေးသားထားတဲ့ ဒီကလေးဝတ္ထုလေးကို အသိအမှတ်ပြု ဆုချီးမြှင့်ပေးခဲ့တဲ့အတွက် များစွာကျေးဇူးတင်မိပါတယ်။

**မောင်ညိုလွဲ့(အညာမြေ)**
**စာပေဗိမာန်စာမူဆု**
**(လူငယ်စာပေ) ဒုတိယ**

ကျွန်တော်ကတော့ မောင်ညိုလွဲ့ (အညာမြေ) ဖြစ်ပါတယ်။ "လောကခံကြုံ မဖြုံစတမ်းပေါ့" စာမူနဲ့ ၂၀၂၃ ခုနှစ် စာပေဗိမာန်စာမူဆု (လူငယ်စာပေ) ဒုတိယဆုကို ရရှိခဲ့တာဖြစ်ပါတယ်။

စာပေက ခေတ်ကြေးမုံဆိုတဲ့ စကားရပ်အတိုင်း အားထုတ်ရေးဖွဲ့လိုက်တဲ့ စာတွေထဲမှာ ခေတ်ပုံရိပ်၊ ဘဝပုံရိပ်တွေ ပါနေတတ်တာပါပဲ။ လူငယ်တွေဆိုတာ တိုင်းပြည်ရဲ့ အနာဂတ်တွေပါ။ စိတ်အင်အား သန်မာတောင့်တင်းတဲ့ လူငယ်တွေရှိဖို့ လိုပါတယ်။ ကျွန်တော်ဖြတ်သန်းလာခဲ့ရတဲ့ လူငယ်ဘဝထဲကနေ ကိုယ်တိုင်ကြုံခဲ့ရ၊ ဆုံခဲ့ရတဲ့ ဘဝအတက်အကျတွေ၊ လောကဓံ အလှည့်အပြောင်းတွေ၊ ကဲ့ရဲ့အတင်းဆိုမှုတွေစတဲ့ ဘဝပုံရိပ်တွေကို အခြေပြုပြီး ကျွန်တော့်ရဲ့ညီအရွယ်၊ နှမအရွယ် အနာဂတ်ရတနာတွေအတွက် စိတ်ခွန်အားတစ်ခုခု ရသွားစေဖို့ ရည်ရွယ်ပြီး ရေးခဲ့တာဖြစ်ပါတယ်။

ကိုယ့်ကို သူများပါးစပ်က ဆုံးဖြတ်ပေးတဲ့ အနုတ်သဘောဆောင်တဲ့ သုံးသပ်ချက်တိုင်းအတွက် ဝန်ထုပ်ဝန်ပိုးတစ်ခုလို ထမ်းပိုးထားနေစရာ မလိုဘဲ ဘဝမှာ "အောင်မြင်ရမယ်ဆိုတဲ့ အောင်စိတ်" တစ်ခုကိုထားပြီး တည့်တည့်မတ်မတ်နဲ့ လျှောက်လှမ်းဖို့၊ ဘဝကို လက်မြှောက်ပြီး အရှုံးပေးလိုက်ချင်တဲ့စိတ်တွေ ဖြစ်လာခဲ့ရင်တောင်မှ အရှုံးပေးလိုက်ဖို့ တန်ရဲ့လား၊ မွေးကတည်းကနေ အခုထိ ရှင်သန်လာခဲ့ရခြင်းဟာ အရှုံးပေးဖို့အတွက်လား စတဲ့အတွေးလေးတွေအတွက် တိုက်တွန်းလိုတဲ့ စေတနာနဲ့ ကြိုးစားအားထုတ်ခဲ့ခြင်းဖြစ်ပါတယ်။

ကျွန်တော်တို့ရဲ့ ကြိုးစားအားထုတ်ခဲ့မှုအပေါ် ထိုက်သင့်တဲ့ အသိအမှတ်ပြု ချီးမြှင့်မှုတွေအတွက် ကျေးဇူးအများကြီး တင်ပါတယ်ခင်ဗျာ။

## မိတ္ထီလာမြို့နယ် အလည်ရွာကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ၌ လူငယ်စကားဝိုင်း ကျင်းပ

မိတ္ထီလာ နိုဝင်ဘာ ၂၄

မိတ္ထီလာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သော လူငယ်စကားဝိုင်းကို ယမန်နေ့ နံနက်ပိုင်းက မိတ္ထီလာမြို့နယ် အလည်ရွာကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ကျင်းပသည်။

ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်တင်မိုးက အမှာစကားပြောကြားသည်။ ထို့နောက် ခရိုင်ပညာရေးမှူး ဒေါ်မော်မော်က စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့နယ်စာရေးဆရာအသင်းမှ စာရေးဆရာ ရွှေညာမြေမြတ်သင်းကြိုင်က လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရေးခေါင်းစဉ်ဖြင့် အသိပညာပေးပြောကြားသည်။

ထို့နောက် လူငယ်စကားဝိုင်းကို ဆက်လက်ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်မာလာဆွေဝင်းဦးဆောင်၍ ကျောင်းသား ကျောင်းသူ ငါးဦးက လူငယ်နှင့် စာဖတ်ခြင်း၊ လူငယ်နှင့် ကျန်းမာရေး၊ လူငယ်နှင့် နည်းပညာ၊ လူငယ်နှင့် မူးယစ်ဆေး၊ လူငယ်နှင့် စာရိတ္တခေါင်းစဉ်များဖြင့် ဆွေးနွေးရာ တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများက ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

ချမ်းသာ (မိတ္ထီလာ)

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း အသည်းအစားထိုးခွဲစိတ်မှု အောင်မြင်စွာခံယူထားသောလူနာများ ကြည့်ရှုအားပေး

**နေပြည်တော် နိုဝင်ဘာ ၂၄**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ယမန်နေ့နံနက်ပိုင်းတွင် အထူးကုဆေးရုံကြီး (ခုတင်-၅၀၀) ရန်ကုန်၌ အသည်းအစားထိုးခွဲစိတ်ကုသမှု အောင်မြင်စွာ ဆောင်ရွက်ထားရှိသည့် အသည်းလူနာများနှင့် အသည်းအလှူရှင်များကို ကြည့်ရှုအားပေးစကားပြောကြားကာ အစားအသောက်လက်ဆောင်ခြင်းများ ပေးအပ်သည်။

အထူးကုဆေးရုံကြီး(ခုတင်-၅၀၀) ရန်ကုန်၌ နိုဝင်ဘာ ၇ ရက်တွင် (၃၆)ကြိမ်မြောက် မိုးကုတ်မြို့နေ ၄၉ နှစ်အရွယ် အသည်းလူနာအမျိုးသားနှင့် အသည်းအလှူရှင် မောင်နှမဝမ်းကွဲတော်စပ်သူ အသက် ၄၃ နှစ်အရွယ် အမျိုးသမီးအတွဲကို လည်းကောင်း၊ နိုဝင်ဘာ ၈ ရက်တွင် (၃၇)ကြိမ်မြောက်အဖြစ် ဟားခါးမြို့နေ အသက် ၆၀ အရွယ် အသည်းလူနာအမျိုးသမီးနှင့် သမီးတော်စပ်သူ အသည်းအလှူရှင် အသက် ၂၅ နှစ်အရွယ် အမျိုးသမီးအတွဲကို လည်းကောင်း အောင်မြင်စွာ ခွဲစိတ်ကုသနိုင်ခဲ့သည်။ ယခုအခါ အဆိုပါအသည်းအလှူရှင်များမှာ ကျန်းမာရေးကောင်းမွန်သဖြင့် ဆေးရုံမှဆင်းခွင့်ရရှိခဲ့ပြီး အသည်းလက်ခံထားရှိသည့် လူနာများသည်လည်း ကျန်းမာရေး တိုးတက်ကောင်းမွန်လျက်ရှိသဖြင့် အသည်းအစားထိုးခွဲစိတ်ကုသမှု ခံယူထားသည့် လူနာများကို နိုဝင်ဘာ ၂၄ ရက်တွင် ဆေးရုံဆင်းခွင့်ပြုပြီးဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အထူးကုဆေးရုံကြီး(ခုတင်-၅၀၀) ရန်ကုန် ခြောက်ထပ်ဆောင် အစည်းအဝေးခန်းမ၌ အသည်းအစားထိုးခွဲစိတ်မှုတွင် ပါဝင်ခဲ့သော လုပ်ငန်းအဖွဲ့များမှ အဖွဲ့ခေါင်းဆောင်များနှင့် အဖွဲ့ဝင်များ၊ ပုံမှန်ဆောင်ရွက်နေပြီဖြစ်သည့် ကျောက်ကပ်အစားထိုးခွဲစိတ်မှုများတွင် ပါဝင်သည့်တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှု၊ အသည်းအစားထိုးခွဲစိတ်ကုသမှုများ စနစ်တကျ ဆက်လက်ဆောင်ရွက်နိုင်ရေး မှာကြားသည်။ ပြည်တွင်း၌ အသည်းအစားထိုးနှင့် ကျောက်ကပ်အစားထိုးခွဲစိတ်မှုများကို ပြုလုပ်ပေးခြင်းအားဖြင့် ရောဂါခံစားနေရသည့် ပြည်သူများနှင့် ၎င်းတို့၏မိသားစုများအနေဖြင့် ပြည်ပသို့သွားရောက်ကုသရမည့် ကုန်ကျစရိတ်များ သက်သာစေခြင်း၊ ပြည်သူ့ဆေးရုံများတွင် ဝန်ဆောင်မှု ပိုမိုတိုးတက်ကောင်းမွန်စေခြင်းနှင့် ပြည်သူတစ်ဦးချင်းစီ စိုက်ထုတ်သုံးစွဲရငွေလျော့ကျစေခြင်းတို့ကြောင့် အရှိန်အဟုန်မပျက် ပုံမှန်ဆက်လက်ဆောင်ရွက်နိုင်ရန် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန်မှာကြားပြီး လိုအပ်ချက်များကို ဖြည့်ဆည်းညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

## Women's Entrepreneurship Day 2024 ဂုဏ်ပြုအခမ်းအနား ကျင်းပ

**တောင်ကြီး နိုဝင်ဘာ ၂၄**

မြန်မာအမျိုးသမီး စီးပွားရေး စွမ်းဆောင်ရှင်များ အသင်း Women's Entrepreneurship Day 2024 ဂုဏ်ပြုအခမ်းအနားကို ယနေ့မွန်းလွဲ၂နာရီက တောင်ကြီးမြို့ Royal Taunggyi ဟိုတယ်၌ ကျင်းပသည်။




အခမ်းအနားတွင် တိုင်းရင်းသူလေးများက စည်းလုံးခြင်းအတွက် သီချင်းတစ်ပုဒ်ဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က မြန်မာအမျိုးသမီး စီးပွားရေး စွမ်းဆောင်ရှင်များအသင်းသည် Women's Entrepreneurship Day ကိုဂုဏ်ပြုသည့် အထိမ်းအမှတ်အနေဖြင့် ရန်ကုန်မြို့မှ အစတည်ကာ Global Entrepreneurship Week အတွင်း ၂၀၂၄ ခုနှစ် နိုဝင်ဘာ ၁၉ ရက်မှ ၂၄ ရက်အထိ အသင်းသူများ ရှိသည့် ရန်ကုန်၊ မန္တလေး၊ နေပြည်တော်၊ ပြည်နှင့် တောင်ကြီး စသည့် မြို့ငါးမြို့တွင် 1000 Entrepreneurs Campaign စွန့်ဦးတီထွင် စီးပွားရေး စွမ်းဆောင်ရှင် ၁၀၀၀ ပေါ်ထွက်လာရေးလှုပ်ရှားမှုဖြင့် ဆက်တိုက်ကျင်းပလျက်ရှိကြောင်း၊ မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များ အသင်းကြီးအနေဖြင့် မြန်မာအမျိုးသမီးထုတစ်ရပ်လုံးအတွက်သာမက နိုင်ငံတော်နှင့်ကမ္ဘာ့လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုတို့အတွက် အောင်မြင်မှုများစွာ ရရှိပါစေကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာအမျိုးသမီး စီးပွားရေး စွမ်းဆောင်ရှင်များ အသင်း၊ အထွေထွေအတွင်းရေးမှူး ဒေါ်ချောခင်ခင်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားခြင်းနှင့် Women's Entrepreneur-ship Day 2024 ဂုဏ်ပြုခြင်းအကြောင်း ရှင်းလင်းပြီး မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းက ကြီးမှူး၍ အမျိုးသမီး MSME လုပ်ငန်းရှင်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် Digital Engagementin Women Entrepreneuship & Innovation (DEW) Program အား စတင်သည့် Launching နှင့် Program ကို မိတ်ဆက်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## နေပြည်တော်... 

## နေ့ဖြူမြို့နယ်၌ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဆုချီးမြှင့်ပွဲနှင့် ပိတ်ပွဲအခမ်းအနားကျင်းပ

**ဓနုဖြူ နိုဝင်ဘာ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းရှိ ပညာဗိမာန်ခန်းမ၌ ယနေ့နံနက် ၈ နာရီက စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဆုချီးမြှင့်ပွဲနှင့် ပိတ်ပွဲအခမ်းအနားကို ကျင်းပသည်။

**ပေးအပ်ချီးမြှင့်**

အခမ်းအနားတွင် ကျပန်းစကားပြောပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ၊ ကဗျာရွတ်ပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုရရှိကြသော ကျောင်းသား ကျောင်းသူများအား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဧရာဝတီတိုင်းဒေသကြီး ဦးစီးမှူး ဒေါ်ယဉ်ဆွေဝင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မအူပင်ခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်သန္တာထွေး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ အဖွဲ့ဝင်(၂) ဦးစိန်မောင်ဝင်း၊ မြို့နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဧရာဝတီတိုင်းဒေသကြီး ဦးစီးမှူး ဒေါ်ယဉ်ဆွေဝင်းက ယခုကဲ့သို့ စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်များ ကျင်းပပေးခြင်းအားဖြင့် ကျောင်းသား ကျောင်းသူများ စာဖတ်အားများကောင်းလာမည်ဟု မျှော်လင့်မိကြောင်း၊ စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်မှရရှိသည့် ကျောင်းသား ကျောင်းသူအချင်းချင်း စည်းလုံးညီညွတ်ခြင်း၊ တွေ့ဆုံပျော်ရွှင်ခြင်း၊ စာပေများကိုဖတ်ရှုပြီး အပြိုင်အဆိုင် ယှဉ်ပြိုင်နိုင်ခြင်း စသည့်အလေ့အကျင့်ကောင်းများ ရရှိလာမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ စာပေစကားဝိုင်းတွင် ပါဝင်ဆွေးနွေးခဲ့ကြသော ကျောင်းသား ကျောင်းသူများ၊ စာရေးဆရာများအား တာဝန်ရှိသူများက ဂုဏ်ပြုလက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်ခဲ့ပြီး အခမ်းအနားကို အောင်မြင်စွာရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**



## မော်လိုက်မြို့၌ မူးယစ်ဆေးအန္တရာယ် အသိပညာပေးဟောပြောပွဲ ကျင်းပ

**မော်လိုက် နိုဝင်ဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့၌ မူးယစ်ဆေးအန္တရာယ် အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၂၂ ရက် နံနက်ပိုင်းက အမက(၄) ကျောင်း၌ ကျင်းပသည်။



**ရှင်းလင်းပြောကြား**

ဟောပြောပွဲတွင် အမက(၄) ကျောင်းအုပ်ဆရာကြီး ဦးဝင်းယုက အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ခင်မောင်ကျော်က မူးယစ်ဆေးဝါးသုံးစွဲရခြင်း၏ ဆိုးကျိုးများ၊ မူးယစ်ဆေးဝါး၏အဓိပ္ပာယ်နှင့် ပြစ်မှုပြစ်ဒဏ်များကို ရှင်းလင်းပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇေယျာဝင်းက မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ ကျောင်းသား ကျောင်းသူများ ရှောင်ကြဉ်ရမည့်အချက်များ၊ မူးယစ်ဆေးဝါးအကြောင်းသိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက "မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေး" ခေါင်းစဉ်များဖြင့် ပြသထားသော အသိပညာပေးနံရံကပ်စာစောင်များကို ကျောင်းသားကျောင်းသူများက လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။ **ကိုထက်(ပြန်/ဆက်)**

# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများနှင့် လုပ်ငန်းသုံးပစ္စည်းများ၊ လိုင်စင်မဲ့ယာဉ်များနှင့် ဆိုင်ကယ်များ သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၂၄**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂၂ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ် ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ ခြောက်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၆၀၄၁၂၅၇)ကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ ၁၆ လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး၊ လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၇၈၁၀၄၃၀) ကိုလည်းကောင်း၊ ရွာသာကြီး Dry Port ၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၅၅၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Dong Feng Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၅၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၈၈၄၃၅၁၆၈၇ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။




မြန်မာ့စက်မှုဆိပ်ကမ်း၌ သိမ်းဆည်းရမိမှု။

**အရေးယူဆောင်ရွက်လျက်ရှိ**

ထို့အတူ မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မော်လမြိုင်ခရိုင် မုဒုံမြို့နယ်၌ တရားမဝင် အခြားသစ် (၁၉ ဒသမ ၉၈၉)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၁၉၁၂၃)ကို သစ်တောဥပဒေအရလည်းကောင်း၊ သထုံမြို့နယ်၊ ဘီးလင်းမြို့နယ်နှင့် ပေါင်မြို့နယ်တို့၌ လိုင်စင်မဲ့ယာဉ်တစ်စီးနှင့် ဆိုင်ကယ်နှစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၇၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၇၁၉၁၂၃ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

နိုဝင်ဘာ ၂၃ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့နယ် အေးရိပ်ငြိမ်ရပ်ကွက် ဗိုလ်ရွှေလမ်း အင်ဂျင်ဝိုင်စက်ရုံဟောင်းအနီးတွင် စုပုံထားသည့် အကောက်ခွန်မဲ့ လုပ်ငန်းသုံးပစ္စည်းနှစ်မျိုးနှင့် လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၃၅၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကလေးမြို့ တောင်ဇီလာရပ်ကွက်၊ စစ်ကိုင်းမြို့ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်နှင့် ကံတလူ ပူးပေါင်းစစ်ဆေးရေးဂိတ်တို့၌ လိုင်စင်မဲ့ယာဉ် သုံးစီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၅၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ညောင်လေးပင်ခရိုင် အတွင်း၌ တရားမဝင် အခြားသစ် ၂ ဒသမ ၁၆၉ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၀၅၆၀)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

နိုဝင်ဘာ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၃ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၉၁၄၄၁၃၇၀)ကို သိမ်းဆည်းရမိခဲ့သည်။ ယနေ့ဖမ်းဆီးရမိမှုများတွင် လုပ်ငန်းသုံးပစ္စည်းများ တရားမဝင် တင်သွင်းလာသည်ကို တွေ့ရှိရပြီး ထိုကဲ့သို့ တရားမဝင်ပစ္စည်းများ တင်သွင်းလာမှုကြောင့် တရားဝင်တင်သွင်းသည့် လုပ်ငန်းရှင်များအပေါ် ထိခိုက်နစ်နာမှုဖြစ်စေခြင်းနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းစေခြင်းတို့ ဖြစ်ပေါ်စေနိုင်သဖြင့် ၎င်းတရားမဝင် တင်သွင်းမှုများကို သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# ပန်းနာရင်ကျပ်ရောဂါခံစားနေရသည့် အကျဉ်းသားကို ထောင်ဝန်ထမ်းများက ညှဉ်းပန်းနှိပ်စက်နေသည်ဟု မဟုတ်မမှန် စွပ်စွဲသတင်းရေးသား

**နေပြည်တော် နိုဝင်ဘာ ၂၄**

ဒိုက်ဦးထောင်တွင် ပန်းနာရင်ကျပ်ရောဂါခံစားနေရသည့် နိုင်ငံရေးအကျဉ်းသား ကိုထက်လင်းဦးကို ထောင်ဝန်ထမ်းများက ညှဉ်းပန်းနှိပ်စက်နေသည်ဟု Khit Thit Media အမည်ခံ Facebook Page က မဟုတ်မမှန် စွပ်စွဲသတင်းရေးသားဖြန့်ဝေခဲ့သည်ကို တွေ့ရသည်။

ဖြစ်စဉ်အမှန်မှာ ဒိုက်ဦးဗဟိုအကျဉ်းထောင်၌ နိုင်ငံရေးအကျဉ်းသား အကျဉ်းသူမရှိဘဲ တည်ဆဲဥပဒေတစ်ရပ်ရပ်ကို ချိုးဖောက်ကျူးလွန်၍ ပြစ်ဒဏ်ကျခံနေရသူများသာရှိပြီး အောက်တိုဘာ ၁၉ ရက် မွန်းလွဲပိုင်းတွင် အကျဉ်းထောင် အိပ်ဆောင်အတွင်း အကျဉ်းသား ထက်လင်းဦး(ခ) အိုဝမ်းသည် အကျဉ်းသား စိုးသူအောင်နှင့် စကားများ ရန်ဖြစ်ခဲ့ပြီး အကျဉ်းသား ထက်လင်းဦး၏ သူငယ်ချင်းဖြစ်သူ အကျဉ်းသား ကျော်ဇင်သက်က အကျဉ်းသား စိုးသူအောင်အား ဝင်ရောက်ထိုးကြိတ်မှုဖြစ်ပွားခဲ့သည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ အကျဉ်းထောင်စည်းကမ်း ထိန်းသိမ်းရေးရုံးတွင် ရုံးတင်စစ်ဆေးခဲ့ပြီး ခိုက်ရန်ဖြစ်ပွားသော ပြစ်မှုကျူးလွန်ခဲ့သဖြင့် အကျဉ်းသားသုံးဦးတို့ကို အကျဉ်းထောင်အက်ဥပဒေ၊ လက်စွဲဥပဒေနှင့်အညီ ခြေချင်းခတ်၍ သီးခြားခွဲထားခြင်း၊ သာမန်လျှော့ရက် ရပ်ဆိုင်းခြင်း၊ အထူးလျှော့ရက်အဆင့် လျှော့ချခြင်းပြစ်ဒဏ်များ ချမှတ်ခဲ့သည်။

တာဝန်ခံအရာရှိသည် ယင်းအကျဉ်းသားသုံးဦးကို နိုဝင်ဘာ ၄ ရက်တွင် ခြေချင်းများဖြုတ်၍ အိပ်ဆောင်များသို့ ပြန်လည်ပြောင်းရွှေ့ပေးခဲ့သော်လည်း အကျဉ်းသား ထက်လင်းဦးသည် ဆူပူအုံကြွမှုများ ဖြစ်ပေါ်လာစေရန် အခြားအကျဉ်းသားများအား စည်းရုံးလျက်ရှိသည်ကို စစ်ဆေးတွေ့ရှိရသဖြင့် နိုဝင်ဘာ ၁၀ ရက်တွင် သီးခြားတိုက်၌ ပြန်လည်ထိန်းသိမ်းထားရှိခဲ့ရခြင်းဖြစ်ပြီး အဆောင်မှူးအနေဖြင့် အကျဉ်းသား ထက်လင်းဦးအား သံခြေချင်း၊ ဒေါက်ခြေချင်းဖြင့် အဆောင်များကို ပတ်ပြေးရန် အမိန့်ပေးစေခိုင်းခြင်းမျိုးမရှိခဲ့ကြောင်း သိရသည်။

ဒိုက်ဦးဗဟိုအကျဉ်းထောင်ရှိ ဝန်ထမ်းများသည် ၁၈၉၄ ခုနှစ် အကျဉ်းထောင်အက်ဥပဒေ၊ လက်စွဲဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ တာဝန်ခံအရာရှိ၏ စီမံခန့်ခွဲမှုနည်းလမ်းဖြင့် အပြစ်ပေးအရေးယူခြင်းသာရှိသည့်အတွက် Khit Thit Media အမည်ခံ Facebook Page က ဖော်ပြမှုသည် ပြည်သူအများ အထင်အမြင်လွဲမှားစေရန် မဟုတ်မမှန် စွပ်စွဲသတင်းရေးသားဖော်ပြခြင်းသာ ဖြစ်သည်။

**သစ္စာ**

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၅-၁၁-၂၀၂၄ တနင်္လာနေ့

**MRTV HD**

- ၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်(ရတနသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၄၀ ကမ္ဘာတည်သရွေ့အစဉ်မပျက် အမျိုးသားအောင်ပွဲနေ့
- ၀၉:၁၀ အပေးအယူမျှတလို့သမဝါယမ နိုးစားနွားမွေးမြူသူများ စုဖွဲ့ကြပါစို့
- ၀၉:၂၅ အမျိုးသားအောင်ပွဲနေ့ ဝတ္ထုပြတေး
- ၁၀:၃၀ မြစ်ကျဉ်းသုံးသွယ် အသွင်သစ် (မြို့) (အပိုင်း-၆)
- ၁၁:၂၅ ဘဝနှင့်အနုပညာ 'လက်တွေ့ဘဝထဲကတစ်ခါကအိပ်မက်များ' 'ဒါရိုက်တာအကယ်ဒမီဩရသ'(အပိုင်း-၂)
- ၁၃:၃၀ MRTV National News
- ၁၅:၁၅ ကျန်းမာရေးအတွက်တိုင်းရင်းဆေးပညာ
- ၁၆:၄၅ မြန်မာနိုင်ငံစီးပွားရေးပညာနှစ်၁၀၀ (ဂုဏ်ပြည့်)အထိမ်းအမှတ်ဆရာမကြီး ဒေါက်တာညွှန့်ညွှန့်ရင်နှင့်တွေ့ဆုံမေးမြန်းခြင်း
- ၁၆:၅၅ မြန်မာနိုင်ငံစီးပွားရေးပညာနှစ်၁၀၀ (ဂုဏ်ပြည့်)အထိမ်းအမှတ်ဆရာမကြီး ဒေါက်တာဒေါ်လှမြင့်နှင့်တွေ့ဆုံမေးမြန်းခြင်း
- ၁၇:၂၅ သတင်းသမားပြောတဲ့သတင်းစကား
- ၁၇:၄၀ This Week's Special Interest
- ၁၈:၃၀ မြစ်ကျဉ်းသုံးသွယ် အသွင်သစ် (အိမ်မက်) (အပိုင်း-၇)
- ၁၉:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဆုတောင်းပြည့်ကြယ်တာရာစတာလာ' (အပိုင်း-၁၈)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၁၀ အမျိုးသားအောင်ပွဲနေ့ ဝတ္ထုပြတေး
- ၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ယုံကြည်ရာလမ်း' (အပိုင်း-၂၉)
- ၂၂:၂၀ ရုပ်မြင်သံကြားဇာတ်လမ်း

**mitv**

- 07:01 Evergreen Classic: Kyun Nawt Htar Nay Bagan Pyay (Ye Htike)
- 07:09 A Trip to Gyobyu Reservoir (Part-1)
- 07:38 Innovative Handiworks Based On The Art Of Line Drawing
- 08:01 News
- 08:26 Asia Updates: The Devil's Gorge (NHK)
- 09:01 May Fragrance of Flower Last Forever (SEAVFC Kyaw Hninn Si)
- 09:13 Myanma Gone Yi U Sein Tun Kyi
- 09:39 Daingnak Style
- 09:52 The Outstanding Ones
- 10:01 News
- 10:27 Topical Topics: Sweet Corn or Rathuur
- 10:41 Historic Independence Monument
- 11:01 Myanmar Masterclass: Artist Khin Maung Zaw
- 11:36 Daytamotbarat Sasana Land

**MRTV NRC**

**ဝ (၀၆:၀၀ မှ ၀၈:၀၀)**
ဝရိုးရာတူရိယာအကြောင်း

**ကချင် (၀၈:၀၀ မှ ၁၀:၀၀)**
လော်ဝေါ်ရိုးရာဝတ်စားဆင်ယင်ပုံ

**ကယား (၁၀:၀၀ မှ ၁၂:၀၀)**
ပုဒ္ဓတစ်ထောင်အကောက်တောင်

**စကောကရင် (၁၂:၀၀ မှ ၁၃:၀၀)**
ဝုံးအစပ်ချက်နှင့် သခွတ်ပွင့်သုပ်

**အနောက်ပိုးကရင် (၁၃:၀၀ မှ ၁၄:၀၀)**
စာပေစကားပြောကြရအောင်(အပိုင်း-၆)

**အရှေ့ပိုးကရင် (၁၄:၀၀ မှ ၁၅:၀၀)**
ဖားစည်မြေမှ ရောင်စုံအလှ(အပိုင်း-၂)

**ချင်း (လိုင်ဇိုး) (၁၅:၀၀ မှ ၁၆:၀၀)**
ဆန်းပြားလှသည့် ချင်းရိုးရာနှာခေါင်းပလွေမှုတ်

**ချင်း (ဇိုး) (၁၆:၀၀ မှ ၁၇:၀၀)**
ကျန်းမာရေးအတွက် အကျိုးအာနိသင်တွေပေးတဲ့ မန်ကျည်းသီး

**မွန် (၁၇:၀၀ မှ ၁၉:၀၀)**
မွန်ဘာသာစကားပြောကြရအောင်(အပိုင်း-၆)

**ရခိုင် (၁၉:၀၀ မှ ၂၁:၀၀)**
လက်ဝဲသလုံးတော်ဓာတ်စေတီအကြောင်း

**ရှမ်း (၂၁:၀၀ မှ ၂၃:၀၀)**
ကျိုင်းတုံ-မိုင်းပျဉ်းကြားကရှုမငြီးတဲ့လမ်းခရီး

**MRTV NEWS**

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၀၉:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၁:၃၅ Sports Diary
- ၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၄:၀၀ MRTV National News
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၉:၁၅ Weekly Selected News
- ၂၀:၀၀ ပြည်တွင်းသတင်း(LIVE)
- ၂၁:၄၅ သတင်းသမားပြောတဲ့သတင်းစကား

**MRTV PARLIAMENT**

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ 'အစ္စရေးနိုင်ငံ'
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'အပေါင်းအသင်း'
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ 'ဆွစ်ဇာလန်နိုင်ငံ'
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း 'ဗီဂျီသမ္မတနိုင်ငံ'
- ၁၁:၃၀ ရွှေသို့ချီမည်ပန်းတိုင်ဆီ (အပိုင်း-၆၁)

**MRTV FARMERS' Channel**

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၁၅ မြန်မာချစ်တဲ့မုန့်ဟင်းခါး
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၂၀ Tips & Tricks
- ၁၉:၁၀ Breathtaking Backyard Gardening Harvest
- ၁၉:၄၅ International Music Hits
- ၂၀:၀၀ မငြွေပါနဲ့ဆာကူရာ (ဇာတ်လမ်း)
- ၂၂:၀၀ Departures (နိုင်ငံခြားဇာတ်လမ်း)

**MRTV SPORTS**

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၅၀ Sports Diary
- ၀၇:၄၀ Wekly Sports Info
- ၁၇:၀၀ အားကစားသတင်း
- ၁၈:၀၀ E Sports

Scan Here

MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# လှိုင်းဘွဲ့မြို့နယ် နောင်ဘိုကြီးအခြေခံပညာအထက်တန်းကျောင်း၏ ချစ်သူမေတ္တာ နှစ်ထပ်ကျောင်းဆောင်သစ်ဖွင့်

ဘားအံ နိုဝင်ဘာ ၂၄

ကရင်ပြည်နယ် နောင်ဘိုကြီးအခြေခံပညာအထက်တန်းကျောင်း၏ ချစ်သူမေတ္တာ နှစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါကျောင်းဆောင်သစ်တည်နေရာ၌ ကျင်းပသည်။

ကျောင်းဆောင်သစ်ဖွင့်ပွဲသို့ ကရင်ပြည်နယ်ဝန်ကြီးချုပ်ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ထို့နောက် ကရင်ပြည်နယ် နယ်ခြားစောင့်တပ်ဗဟိုအကြံပေးနှင့် ကွပ်ကဲရေးအဖွဲ့ အထွေထွေအတွင်းရေးမှူး စောချစ်သူနှင့် ဇနီး နန်းခင်လှသူ မိသားစုက ဆောက်လုပ်လှူဒါန်းသော ကျောင်းဆောင်သစ်၊ ပရိဘောဂနှင့် ဆိုလာမီးတို့အား နိုင်ငံတော်ပရိယတ္တိသာသနဝံသတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာ ဘဒ္ဒန္တဇောတိက၊ မဲဆမိတ်ကျောင်းဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစန္ဒရ၊ ပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်လူမှုရေးဝန်ကြီးနှင့် ကရင်ပြည်နယ် နယ်ခြားစောင့်တပ်ဗဟိုအကြံပေးနှင့် ကွပ်ကဲရေးအဖွဲ့ အထွေထွေအတွင်းရေးမှူး စောချစ်သူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။



ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ကျောင်းဆောင်သစ်ကမွည်းမော်ကွန်းအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ဆရာတော်ကြီးများနှင့် တက်ရောက်လာကြသူများက ကမွည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ဆက်လက်၍ နိုင်ငံတော်ပရိယတ္တိသာသနဝံသတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာဘဒ္ဒန္တဇောတိက က ကျောင်းဆောင်သစ်ဆောက်လုပ်လှူဒါန်းဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ ဩဝါဒကထာ မြွက်ကြားပြီး ပြည်နယ်ဝန်ကြီးချုပ်က တက်ရောက်လာကြသော ကျောင်းကော်မတီ၊ အကျိုးတော်ဆောင်များ၊ ကျောင်းသားမိဘများအနေဖြင့် မိမိတို့၏ သားသမီးပညာသင်ကြားခွင့်ကို လမ်းကြောင်းအမှန်သို့ ရောက်အောင် တိုက်တွန်းလမ်းညွှန်ပေးရန်နှင့် ဆရာဆရာမများကလည်း ပညာရည်ထူးချွန်ပြီး နိုင်ငံအတွက် အားထားရသော ဗလငါးတန်နှင့်ပြည့်စုံသည့် တပည့်ကောင်းများပေါ်ထွက်အောင် သင်ကြားပေးကြရန် တိုက်တွန်းပြောကြားကာ အလှူရှင် အထွေထွေအတွင်းရေးမှူး စောချစ်သူက အမှာစကားပြောကြားသည်။

ထို့နောက် အလှူရှင် ကရင်ပြည်နယ် နယ်ခြားစောင့်တပ် ဗဟိုအကြံပေးနှင့် ကွပ်ကဲရေးအဖွဲ့ အထွေထွေအတွင်းရေးမှူးက ကျောင်းဆောင်သစ်ဆိုင်ရာ စာရွက်စာတမ်းများကိုလွှဲပြောင်းပေးအပ်ရာ ပြည်နယ်ပညာရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူးက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ပြီး ကျောင်းအကျိုးတော်ဆောင်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

## ဆဋ္ဌမအကြိမ်မြောက် မြန်မာနိုင်ငံနှလုံးရောဂါပညာဆိုင်ရာညီလာခံ ဆက်လက်ကျင်းပ

နေပြည်တော် နိုဝင်ဘာ၂၄

ဆဋ္ဌမအကြိမ်မြောက် မြန်မာနိုင်ငံ နှလုံးရောဂါပညာဆိုင်ရာညီလာခံ ဒုတိယနေ့ကို ယနေ့ နံနက်ပိုင်းတွင် ဆက်လက်ကျင်းပရာ ဟောပြောပွဲ ခြောက်ခုဆောင်ရွက်ကြသည်။

ဟောပြောပွဲတွင် ပြည်တွင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံနှင့် ဗြိတိန်နိုင်ငံတို့မှ နှလုံးရောဂါဆေးပညာရှင်များက နှလုံးသွေးကြောရောဂါမဖြစ်မီ ကြိုတင်ကာကွယ်ပုံ၊ နှလုံးသွေးကြောကျဉ်းရောဂါ စမ်းသပ်စစ်ဆေးခြင်းနည်းလမ်းများ၊ နှလုံးသွေးကြောကျဉ်းရောဂါကုသနည်းများ၊ သွေးတိုးရောဂါ၏ နောက်ဆုံးပေါ် ခေတ်မီကုသနည်းများ၊ နှလုံးစက်တပ်ကုသခြင်း၏ တိုးတက်လာပုံအဆင့်ဆင့်၊ ဉာဏ်ရည်တု (Artificial Intelligence–AI) နည်းပညာရပ်ကို နှလုံးလျှပ်စီးပတ်လမ်းကြောင်းဖြတ်တောက်ကုသခြင်းတွင် အသုံးပြုပုံ၊ နှလုံးစည်းချက် မမှန်သောရောဂါကို လျှပ်စီးပတ်လမ်းကြောင်းဖြတ်တောက်ကုသခြင်းနှင့် နှလုံးသွေးကြောမကြီးရောဂါကုသနည်းများကို တင်ပြဆွေးနွေးကြရာ တက်ရောက်လာကြသည့် မြန်မာနိုင်ငံမှအထွေထွေရောဂါကုဆရာဝန်များ၊ ဆေးပညာရှင်များက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြကာ မြန်မာနှလုံးရောဂါပညာရပ်ဆိုင်ရာ ပညာရှင်များနှင့်အတူ အတွေ့အကြုံဖလှယ်ခြင်း၊ လက်တွေ့ကုသမှုအတွေ့အကြုံများ မျှဝေခြင်းတို့ကို ဆောင်ရွက်ကြပြီး ညနေပိုင်းတွင် ညီလာခံအောင်မြင်စွာကျင်းပပြီးစီးခဲ့ကြောင်း သိရသည်။

သတင်းစဉ်






## မိုင်းရယ်မြို့၌ ပန်းချီ၊ စာစီစာကုံးပြိုင်ပွဲနှင့် ဟောပြောပွဲကျင်းပ

မိုင်းရယ် နိုဝင်ဘာ ၂၄

ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုင်းရယ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဦးစီး၍ (၁၀၄) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် ပန်းချီ၊ စာစီစာကုံးပြိုင်ပွဲနှင့် ဟောပြောပွဲကို ယမန်နေ့က မြို့နယ်ရုံး စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်မာလာက အမျိုးသားအောင်ပွဲနေ့ ဖြစ်ပေါ်လာပုံ၊ (၁၀၄) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များနှင့် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးနှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အမျိုးသားနေ့၏အရေးကြီးပုံတို့ကို ဆွေးနွေးဟောပြောသည်။

ထို့နောက် အလကနှင့် မူလွန်(၁)ကျောင်းတို့မှ အခြေခံပညာအလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၀ ဦးတို့က အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် ပန်းချီနှင့် စာစီစာကုံးပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ ယင်းနောက် ပြိုင်ပွဲလာရောက်ယှဉ်ပြိုင်ကြသည့် ကျောင်းသား ကျောင်းသူများက လူထုအခြေပြုဗဟိုဌာန၌ ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များနှင့် နံရံကပ်စာစောင်များကို လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

မိုင်းရယ်(ပြန်/ဆက်)

## အုတ်တွင်းမြို့နယ်အတွင်း စိုက်ပျိုးထုတ်လုပ်မှု ထူးချွန်တောင်သူများအား ဆုပေးအပ်ပွဲ ကျင်းပ

အုတ်တွင်း နိုဝင်ဘာ ၂၄

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ်အတွင်း သီးနှံများ ပန်းတိုင်အထွက်နှုန်း ပြည့်မီကျော်လွန်အောင် ဆောင်ရွက်နိုင်ခဲ့သည့် တောင်သူများ ထူးချွန်ဆု ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သီရိရတနာခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် မြို့နယ်စိုက်ပျိုးရေး/ မွေးမြူရေး ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးအဏ္ဏဝါအောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက သီးနှံများ ပန်းတိုင်အထွက်နှုန်း ပြည့်မီကျော်လွန်အောင် ဆောင်ရွက်နိုင်ခဲ့သည့် တောင်သူများအား ဂုဏ်ပြုစကား ပြောကြားသည်။

ထို့နောက် နတ်စဉ်ကုန်းကျေးရွာအုပ်စု၊ ဥယျာဉ်တော်ကျေးရွာအုပ်စု၊ ညောင်ခြေထောက်ကျေးရွာအုပ်စု၊ ဝါးတီးကျေးရွာအုပ်စု၊ ရွှေလောင်းကျေးရွာအုပ်စု၊ ဆီဆုံကုန်း ကျေးရွာအုပ်စု၊ ပေါက်တောကျေးရွာအုပ်စု ခုနစ်အုပ်စုတို့မှ မိုးစပါး၊ နွေစပါး၊ မတ်ပဲ၊ ပဲတီစိမ်း၊ မြေပဲ၊ နှမ်း၊ ကြံစိုက်တောင်သူများ ပန်းတိုင်အထွက်နှုန်း ပြည့်မီကျော်လွန်အောင် ဆောင်ရွက်နိုင်ခဲ့သည့် တောင်သူများအား ထူးချွန်ဆုဂုဏ်ပြုမှတ်တမ်းနှင့် ယူရီးယားဓာတ်မြေဩဇာ တစ်အိတ်စီကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့သည်။

ခင်ခင်မာ(ပြန်/ဆက်)

## ဟင်္သာတမြို့နယ်၌ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး



ဟင်္သာတ နိုဝင်ဘာ ၂၄

ဧရာဝတီတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာသီဟနှင့် တာဝန်ရှိသူများသည် နိုဝင်ဘာ ၂၄ ရက် မွန်းလွဲပိုင်းက ဟင်္သာတခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ခရိုင်၊ မြို့နယ်အတွင်းရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် တွေ့ဆုံ အမှာစကားပြောကြားသည်။

ဆက်လက်၍ တာဝန်ရှိသူများက ဟင်္သာတပြည်သူ့ဆေးရုံကြီး၌ လူနာဆောင်များကို လှည့်လည်ကြည့်ရှုကာ လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# နှစ်စဉ်တူပျော် အမျိုးသားအားကစားပွဲတော်

ကျော်ထက်ဇော်

**ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် မကြာမီကျင်းပတော့မည့် အမျိုးသားအားကစားပွဲတော်သည် ပြည်ထောင်စုအစိုးရအဖွဲ့ ဝန်ကြီးဌာနများမှ အားကစားအသင်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အားကစားအသင်းများ ပါဝင်ယှဉ်ပြိုင်ကြမည့် အမျိုးသားအဆင့် အားကစားပွဲတော်ကြီးဖြစ်သည်။**

မြန်မာနိုင်ငံတွင် အမျိုးသားအားကစားပွဲတော်ကို ပထမဆုံးအကြိမ်အဖြစ် ၁၉၉၂ ခုနှစ်က ရန်ကုန်မြို့၌ မေလ ၃ ရက်နေ့မှ ၁၆ ရက်နေ့အထိ ကျင်းပခဲ့သည်။ အားကစားပြိုင်ပွဲများကို

(၁) ဝန်ကြီးဌာနများအဆင့်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့်၊

(၂) တပ်မတော်(ကြည်း၊ ရေ၊ လေ)၊ တိုင်း/တပ်မဌာနချုပ်များ၊ တက္ကသိုလ် (အထက်/ အောက်မြန်မာပြည်) အဆင့်နှင့်

(၃) တိုင်းနှင့် ပြည်နယ် အခြေခံကျောင်းသားအဆင့်ဟူ၍ အဆင့်သုံးဆင့်ခွဲကာ ကျင်းပခဲ့ခြင်းဖြစ်သည်။ ပြိုင်ပွဲအရပ်ရပ်တွင် အားကစားနည်း ၂၂ မျိုး ထည့်သွင်းကျင်းပခဲ့ပြီး ပြိုင်ပွဲဝင်အသင်းပေါင်း ၇၂ သင်း၊ ပြိုင်ပွဲဝင်အားကစားသမား စုစုပေါင်း ၁၀၁၂၉ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။



အမျိုးသားအားကစားပွဲတော်ကို မူလက နှစ်နှစ်တစ်ကြိမ်ကျင်းပရန် ရည်ရွယ်ခဲ့သည့်အတိုင်း ဒုတိယအကြိမ် အမျိုးသားအားကစားပွဲတော်ကို ၁၉၉၄ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်နေ့မှ ဖေဖော်ဝါရီလ ၆ ရက်နေ့အထိ ရန်ကုန်မြို့၌ပင် ကျင်းပခဲ့သည်။ ဒုတိယအကြိမ်တွင် ဝန်ကြီးဌာနများအဆင့်၊ တိုင်းနှင့် ပြည်နယ်အဆင့်ဟူ၍ အဆင့်နှစ်ဆင့်သာ ခွဲခြားလျက် အားကစားနည်း ၂၄ မျိုးတွင် ပြိုင်ပွဲဝင်အသင်းပေါင်း ၄၀၊ ပြိုင်ပွဲဝင် အားကစားသမား ၈၇၀၄ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့သည်။

တတိယအကြိမ် အမျိုးသားအားကစားပွဲတော်ကို ငါးနှစ်ခြားလျက် ၁၉၉၇ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်နေ့မှ ၂၄ ရက်နေ့အထိ ရန်ကုန်မြို့တွင် သီတင်းနှစ်ပတ်ကြာ ကျင်းပခဲ့သည်။ ပြိုင်ပွဲကို ဝန်ကြီးဌာနများ အဆင့်၊ တိုင်းနှင့် ပြည်နယ်၊ တက္ကသိုလ်များ (အထက်/ အောက်) ဟူ၍ အဆင့် နှစ်ဆင့်ခွဲကျင်းပခဲ့ပြီး အားကစားနည်း ၂၉ မျိုး၌ ပြိုင်ပွဲဝင်အသင်း ၅၅ သင်းမှ ပြိုင်ပွဲဝင်အားကစားသမား ၁၁၃၇၅ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

### အားကစားနည်း ၂၇ မျိုးနှင့် မသန်စွမ်းအားကစားနည်း လေးမျိုး

တတိယအကြိမ် အမျိုးသားအားကစားပွဲတော် ကျင်းပပြီး ၁၈ နှစ်ခန့်ကြာ ဆက်လက်မကျင်းပဖြစ်တော့ဘဲ စတုတ္ထအကြိမ် အမျိုးသားအားကစားပွဲတော်ကို ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့မှ ၂၈ ရက်နေ့အထိ ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ကျင်းပခဲ့သည်။ ထိုစဉ်က တိုင်းဒေသကြီးနှင့် ပြည်နယ်အလွတ်တန်းအဆင့် တစ်မျိုးတည်းကိုသာ အားကစားနည်း ၂၇ မျိုးနှင့် မသန်စွမ်းအားကစားနည်း လေးမျိုး ထည့်သွင်းကျင်းပနိုင်ခဲ့ပြီး ပြိုင်ပွဲဝင်အသင်း ၁၅ သင်း၊ ပြိုင်ပွဲဝင်အားကစားသမား ၄၃၆၁ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

စတုတ္ထအကြိမ် အမျိုးသားအားကစားပွဲတော်၏ ထူးခြားချက်မှာ ပြိုင်ပွဲ၏ ပွဲစဉ်အချို့ကို ထိုနှစ် ဇန်နဝါရီလ ၈ ရက်နေ့ကတည်းကပင် စတင်ကျင်းပခဲ့ခြင်း ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရလက်ထက်တွင် မြန်မာနိုင်ငံ အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေး၊ နိုင်ငံတကာအဆင့်ပြိုင်ပွဲများတွင် အောင်မြင်မှုများ ရရှိရေးအတွက် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနကို ပြန်လည်ဖွဲ့စည်းကာ ဘက်ပေါင်းစုံမှ အားပေးမြှင့်တင်ဆောင်ရွက်ခဲ့သည့်အလျောက် နိုင်ငံတကာပြိုင်ပွဲများတွင် အထိုက်အလျောက်အောင်မြင်မှုများ ပြန်လည်ရရှိလာခဲ့ပြီဖြစ်သလို နိုင်ငံတကာအဆင့်ပြိုင်ပွဲများတွင် ဆုတံဆိပ်များ ဆွတ်ခူးရရှိခဲ့သော နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများကိုလည်း ဆုကြေးငွေများ ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်ခဲ့ရုံသာမက တစ်ချိန်က နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားဟောင်းကြီးများကိုလည်း လစဉ်ထောက်ပံ့ကြေးများ၊ ဘွဲ့ထူးဂုဏ်ထူးများ ချီးမြှင့်ပေးအပ်ခဲ့ပြီး ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ **“အားကစားဆောင်ရွက်ခြင်းသည် မျိုးချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်များနှင့် အမျိုးသားရေး စရိုက်လက္ခဏာတို့ကို ရှင်သန်ထက်မြက်စေပြီး တစ်မျိုးသားလုံး၏ ကျန်းမာကြံ့ခိုင်ရေးကိုလည်း ဖြစ်ပေါ်စေနိုင်သည့်အတွက် အားကစားနှင့် ပတ်သက်ပါက အားပေးဆောင်ရွက်ရမည်”** ဆိုသည့် လမ်းညွှန်ချက်နှင့်အညီ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၉ ရက်နေ့မှ ၂၁ ရက်နေ့အထိ နေပြည်တော်၌ နိုင်ငံတော်အဆင့် ခမ်းခမ်းနားနား ပြန်လည်ကျင်းပမည်ဖြစ်သည်။

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကို -

(၁) နိုင်ငံတော်၏ အားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားရေး၊

(၂) ၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင် ထိုင်းနိုင်ငံ၌ ကျင်းပမည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် အခြားနိုင်ငံတကာပြိုင်ပွဲများတွင် အားကစားအဆင့်အတန်းမြင့်မားရေးနှင့် အောင်မြင်မှုရှိစွာ ယှဉ်ပြိုင်နိုင်ရေး၊

(၃) နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများနှင့် အလားအလာရှိသည့် လူငယ်မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရေး၊

(၄) ပြည်နယ်၊ တိုင်းဒေသကြီးများနှင့် ဝန်ကြီးဌာနများအကြား အချင်းချင်း ချစ်ကြည်ရင်းနှီးမှုရှိစေရေး၊

(၅) အားကစားလှုပ်ရှားမှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်လာနိုင်စေရေးနှင့် ပြည်သူတစ်ရပ်လုံး အားကစားလှုပ်ရှားမှုများတွင် ပါဝင်လာစေရေးဆိုသည့် ရည်ရွယ်ချက် (၅) ရပ်နှင့်အညီ ကျင်းပသွားမည် ဖြစ်သည်။

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ဝန်ကြီးဌာနအဆင့်၌ ပြေးခုန်ပစ် (အမျိုးသား/ အမျိုးသမီး)၊ ဘောလုံး(အမျိုးသား)၊ ဖူဆယ်(အမျိုးသား)၊ ဂေါက်သီး (အမျိုးသား)၊ ပိုက်ကျော်ခြင်း (အမျိုးသား) နှင့် ဘော်လီဘော (အမျိုးသား) ပြိုင်ပွဲဟူ၍ အားကစားနည်း ခြောက်မျိုး ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။

ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်တွင် ပြေးခုန်ပစ် (အမျိုးသား/ အမျိုးသမီး)၊ ဘတ်စကက်ဘော(အမျိုးသား)၊ ကြက်တောင် (အမျိုးသား/ အမျိုးသမီး)၊ ဘိလိယက်/စနူကာ (အမျိုးသား)၊ လက်ဝှေ့(အမျိုးသား)၊ ကာယဗလနှင့် ကာယကြံ့ခိုင်မှု (အမျိုးသား/ အမျိုးသမီး)၊ ခရစ်ကက် (အမျိုးသား)၊ ဘောလုံး (အမျိုးသား/ အမျိုးသမီး)၊ ဖူဆယ် (အမျိုးသား/ အမျိုးသမီး)၊ ဂေါက်သီး (အမျိုးသား)၊ ဂျူဒို (အမျိုးသား/ အမျိုးသမီး)၊ ကရာတေး(အမျိုးသား/ အမျိုးသမီး)၊ ပိုက်ကျော်ခြင်း (အမျိုးသား/အမျိုးသမီး)၊ ရေကူး (အမျိုးသား/ အမျိုးသမီး)၊ စားပွဲတင်တင်းနစ်(အမျိုးသား/အမျိုးသမီး)၊ တိုက်ကွမ်ဒို (အမျိုးသား/ အမျိုးသမီး)၊ တင်းနစ် (အမျိုးသား)၊ ရိုးရာခြင်းလုံး (အမျိုးသား/ အမျိုးသမီး)၊ မြန်မာ့သိုင်း (အမျိုးသား/အမျိုးသမီး)၊ ဘော်လီဘော (အမျိုးသား/ အမျိုးသမီး)၊ ဗိုဗီနမ် (အမျိုးသား/ အမျိုးသမီး)၊ အလေးမ (အမျိုးသား/ အမျိုးသမီး)၊ ဝူရှူး(အမျိုးသား/ အမျိုးသမီး) ပြိုင်ပွဲဟူ၍ အားကစားနည်း ၂၃ မျိုး ထည့်သွင်းကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင်အားကစားသမား စုစုပေါင်း ၁၂၀၀၀ ခန့် ပါဝင်ယှဉ်ပြိုင်ရန် လျာထားလျက်ရှိကြောင်း သိရသည်။

> **“နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရလက်ထက်တွင် မြန်မာနိုင်ငံ အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေး၊ နိုင်ငံတကာအဆင့်ပြိုင်ပွဲများတွင် အောင်မြင်မှုများ ရရှိရေးအတွက် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနကို ပြန်လည်ဖွဲ့စည်းကာ ဘက်ပေါင်းစုံမှ အားပေးမြှင့်တင်ဆောင်ရွက်ခဲ့သည့်အလျောက် နိုင်ငံတကာပြိုင်ပွဲများတွင် အထိုက်အလျောက်အောင်မြင်မှုများ ပြန်လည်ရရှိလာခဲ့ပြီဖြစ်သလို နိုင်ငံတကာအဆင့်ပြိုင်ပွဲများတွင် ဆုတံဆိပ်များ ဆွတ်ခူးရရှိခဲ့သော နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများကိုလည်း ဆုကြေးငွေများ ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်ခဲ့ရုံသာမက တစ်ချိန်က နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားဟောင်းကြီးများကိုလည်း လစဉ်ထောက်ပံ့ကြေးများ၊ ဘွဲ့ထူးဂုဏ်ထူးများ ချီးမြှင့်ပေးအပ်ခဲ့ပြီးဖြစ်”**

ဝန်ကြီးဌာနအဆင့် အားကစားနည်း ခြောက်နည်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အားကစားနည်း ၂၃ နည်းနှင့် မသန်စွမ်းအားကစားနည်း လေးနည်းတို့ဖြင့် ကျင်းပသွားမည်ဖြစ်ရာ ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ပြန်ကြားရေးဝန်ကြီးဌာနက ဂေါက်သီးရိုက် (အလွတ်တန်း)၊ ပိုက်ကျော်ခြင်း (အမျိုးသား)၊ ဘောလုံး (အမျိုးသား)၊ ပြေးခုန်ပစ် (အမျိုးသား၊ အမျိုးသမီး)၊ ဘော်လီဘော (အမျိုးသား) နှင့် ဖူဆယ် (ဘောလုံး) (အမျိုးသား)တို့တွင် အုပ်ချုပ်သူ၊ နည်းပြနှင့် ပြိုင်ပွဲဝင်အားကစားသမားများ စုစုပေါင်း ၁၁၄ ဦး ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကို နိုင်ငံတော်အဆင့်နှင့်အညီ ခမ်းနားထည်ဝါစွာ ကျင်းပနိုင်ရေးသာမက တစ်နိုင်ငံလုံးမှ ပြည်သူများနှင့် နိုင်ငံတကာမှ လာရောက်အားပေးကြည့်ရှုနိုင်ရန် ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ကျင်းပရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီတို့က စနစ်တကျ စီစဉ်ဆောင်ရွက်လျက်ရှိသည်ကိုလည်း မီဒီယာများမှတစ်ဆင့် ပြည်သူများ သိရှိနေကြပြီးဖြစ်သလို ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားတွင်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အလံများနှင့် အမျိုးသားအားကစားပွဲတော်အလံကို Free Fall ဖြင့် ကွင်းအတွင်း သယ်ဆောင်ခြင်း၊ ကျောင်းသား ကျောင်းသူများ၏ သရုပ်ဖော်အကအလှများနှင့်အတူ ဖျော်ဖြေရေးအစီအစဉ်များ၊ နည်းပညာပိုင်းဆိုင်ရာ ပြကွက်များနှင့် ဖွင့်ပွဲ၊ ပိတ်ပွဲအထိမ်းအမှတ် မီးရှူး၊ မီးပန်းများ အလှဆင်ပစ်ဖောက်ခြင်းအစီအစဉ်များ အပါအဝင် နိုင်ငံတော်အဆင့်နှင့်အညီ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်နေသည်ကို တွေ့ရသည်။

၂၀၁၅ ခုနှစ် စတုတ္ထအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ရန်ကုန်တိုင်းဒေသကြီးက ပထမ၊ မန္တလေးတိုင်းဒေသကြီးက ဒုတိယ၊ ပဲခူးတိုင်းဒေသကြီးက တတိယ စသည်ဖြင့် ဆုတံဆိပ်များ အသီးသီး ဆွတ်ခူးရရှိသွားခဲ့ရာ ယခုကျင်းပမည့် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင်လည်း အောင်မြင်မှုရရှိခဲ့ကြသည့် အသင်းကြီးများက ဆက်လက်အောင်မြင်မှုရရှိရေး၊ အောင်မြင်မှုမရရှိခဲ့သေးသည့် အထူးသဖြင့် ပြည်နယ်အသင်းများကလည်း ယခုတစ်ကြိမ်တွင် အောင်မြင်မှုရရှိရေးအတွက် ကြိုတင်ပြင်ဆင်၍ စခန်းသွင်းလေ့ကျင့်လျက်ရှိကြောင်း၊ နိုင်ငံတော်ကလည်း အားကစားထူးချွန်သူများအား ဆုတံဆိပ်၊ ဆုချီးမြှင့်ငွေများဖြင့် ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်ရုံသာမက ဝန်ထမ်းဖြစ်ပါက ရာထူးအဆင့်တိုးမြှင့်ပေးခြင်း၊ ဝန်ထမ်းမဟုတ်ဘဲ အလုပ်အကိုင် လိုအပ်သူဖြစ်ပါက အလုပ်ခန့်ထားပေးခြင်းများဖြင့် ထပ်ဆင့်ချီးမြှင့်မှုများ ပြုလုပ်ပေးမည်ဖြစ်ပေရာ နိုင်ငံတစ်ဝန်းမှ အားကစားဝါသနာရှင်များ၊ အားကစားသမားများသာမက ဝန်ကြီးဌာနအသီးသီးမှ အရာထမ်း၊ အမှုထမ်း၊ ဝန်ထမ်းများပါ ပါဝင်ယှဉ်ပြိုင်ကြရင်း မိမိတို့၏ အားကစားအရည်အချင်းကို မြှင့်တင်ပါဝင်ကြပါရန် တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

**ရည်ညွှန်း -**

**(၁) နေ့စဉ်ထုတ်သတင်းစာများ**
**(၂) Wikipedia**




## Bagan Temple Marathon 2024 အပြေးပြိုင်ပွဲကျင်းပ

ညောင်ဦး နိုဝင်ဘာ ၂၄

RUNderful Myanmar က ဦးဆောင်ကျင်းပသည့် Bagan Temple Marathon 2024 အပြေးပြိုင်ပွဲကို မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ အာနန္ဒာဘုရားကြီး တောင်ဘက်မုခ်၌ နိုဝင်ဘာ ၂၄ ရက် နံနက် ၆ နာရီက ကျင်းပသည်။

အဆိုပါ အပြေးပြိုင်ပွဲတွင် ၄၂ ကီလိုမီတာ၊ ၂၁ ကီလိုမီတာနှင့် ၁၀ ကီလိုမီတာ အကွာအဝေးသုံးမျိုး ပါဝင်ယှဉ်ပြိုင်ပြီး၊ ၄၂ ကီလိုမီတာ အပြေးပြိုင်ပွဲတွင် ပြည်တွင်းပြည်ပ အပြေးသမား ၅၀၊ ၂၁ ကီလိုမီတာ အပြေးပြိုင်ပွဲတွင် ၁၅၀၊ ၁၀ ကီလိုမီတာ အပြေးပြိုင်ပွဲတွင် ၁၅၀ ပါဝင်ယှဉ်ပြိုင်ကြကာ ၄၂ ကီလိုမီတာ အပြေးပြိုင်ပွဲ ပထမဆု လေးသိန်းကျပ်၊ ဒုတိယဆု သုံးသိန်းကျပ်၊ တတိယဆု နှစ်သိန်းကျပ်၊ ၂၁ ကီလိုမီတာ အပြေးပြိုင်တွင် ပထမဆု သုံးသိန်းကျပ်၊ ဒုတိယဆု နှစ်သိန်းကျပ်၊ တတိယဆု တစ်သိန်းကျပ်၊ ၁၀ ကီလိုမီတာ အပြေးပြိုင်ပွဲတွင် ပထမဆု နှစ်သိန်းကျပ်၊ ဒုတိယဆု တစ်သိန်းကျပ်နှင့် တတိယဆု ငါးသောင်းကျပ်တို့အား ညောင်ဦးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ တာဝန်ရှိသူများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ တာဝန်ရှိသူများနှင့် RUNderful Myanmar အဖွဲ့တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သည်။

အပြေးပြိုင်ပွဲတွင် ပြည်တွင်းပြည်ပ အပြေးအားကစားသမား ၃၅၀ ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

ဒီပါလင်း

## ကချင်ပြည်နယ်ဝန်ကြီးချုပ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်သို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် အားကစားအသင်းများအား အောင်နိုင်ရေးအလံပေးအပ်

မြစ်ကြီးနား နိုဝင်ဘာ ၂၄

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကို ဒီဇင်ဘာလအတွင်း နေပြည်တော်၌ ကျင်းပသွားမည်ဖြစ်ရာ ကချင်ပြည်နယ်က အားကစားနည်း ၂၃ နည်းအနက် ၂၁ နည်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အဆိုပါ အားကစားအသင်းများ အားစေလွှတ်ယှဉ်ပြိုင်နိုင်ရေးအတွက် အောင်နိုင်ရေးအလံပေးအပ်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၃ ရက် ညနေ ၃ နာရီက ပြည်သူ့အားကစားကွင်းအတွင်း မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပသည်။

**သီဆိုဂုဏ်ပြု**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ အားကစားနည်းများအလိုက် အုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများက "ဂုဏ်ယူဝင့်ကြွား ကချင်ပြည်နယ်သား" တေးသီချင်းဖြင့် သီဆိုဂုဏ်ပြုကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အောင်နိုင်ရေးအလံကို ပြည်နယ်အားကစားအဖွဲ့ခေါင်းဆောင် ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးမိုးမင်းသိန်းနှင့် ပြည်နယ်ဦးစီးမှူးတို့ထံ လွှဲပြောင်းပေးအပ်ရာ အားကစားအသင်းများကိုယ်စား ဘော်လီဘော အားကစားနည်းပြ ဦးဇော်ဝင်းထွန်းက ကျေးဇူးတင်စကားနှင့် အောင်နိုင်ရေးအတွက် ကတိပြုစကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အားကစားနည်းအလိုက် ပံ့ပိုးထောက်ပံ့ထားသည့် အသင်းလိုက် အားကစားဝတ်စုံများနှင့် အားကစားအထောက်အကူပြုပစ္စည်းများ ခင်းကျင်းပြသထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး အားကစားသမားများနှင့် အုပ်ချုပ်သူ/နည်းပြများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးကြသည်။

ထို့အတူ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် နိုဝင်ဘာ ၂၂ ရက် ညနေပိုင်းကလည်း မြစ်ကြီးနားမြို့ သီတာရပ်ကွက်အတွင်းရှိငြိမ်းချမ်းသာယာ အားကစားရပ်ဝန်းအတွင်း ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဝင်ရောက်ယှဉ်ပြိုင် အောင်မြင်မှုရရှိရေး အားကစားနည်းအလိုက် စခန်းသွင်းလေ့ကျင့်ပြင်ဆင်နေမှုများကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

**ထောက်ပံ့ငွေများပေးအပ်**

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပြည်နယ်ဝန်ကြီးချုပ်သည် ငြိမ်းချမ်းသာယာရေကူးကန်၌ အမျိုးသားအားကစားပွဲတော်အတွက် ရေကူးအားကစားနည်းတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် လက်ရွေးစင် ရေကူးအားကစားသမားများအား နည်းပြများက စခန်းသွင်းလေ့ကျင့်နေမှု အခြေအနေများနှင့် သတ်မှတ်ရေကူးနည်းအလိုက် စံချိန်သစ်တင်နိုင်ခဲ့သည့် အခြေအနေများကို ကြည့်ရှုအားပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက



နည်းပြနှင့် အားကစားသမားများအတွက် အားကစားဝတ်စုံများ၊ အထောက်အကူပြုပစ္စည်းများနှင့် ထောက်ပံ့ငွေများကို ပေးအပ်ကြသည်။

ဆက်လက်၍ မိုးလုံလေလုံ ပိုက်ကျော်ခြင်းအားကစားရုံ၌ ပြည်နယ်လက်ရွေးစင် ပိုက်ကျော်ခြင်းကစားသမားများအား နည်းပြများက အနီးကပ်ကြီးကြပ်၍ စခန်းသွင်းလေ့ကျင့် ပြင်ဆင်ဆောင်ရွက်နေမှုများကို လည်းကောင်း၊ ငြိမ်းချမ်းသာယာ ဖူဆယ်အားကစားရုံ၌ ပြည်နယ်လက်ရွေးစင် အမျိုးသား အမျိုးသမီး ဖူဆယ်ဘောလုံးအသင်းများအား စခန်းသွင်းလေ့ကျင့်နေမှုများကို လည်းကောင်း၊ ရှောရပ်ကွက် ပြည်နယ်ဘောလုံးကွင်းအတွင်း ပြည်နယ်လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်း ခြေစမ်းပွဲကစားနေမှုကို လည်းကောင်း ကြည့်ရှုအားပေးကြကာ အားကစားဝတ်စုံများ၊ အထောက်အကူပြုပစ္စည်းနှင့် ထောက်ပံ့ငွေများကို ထောက်ပံ့ပေးအပ်ကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် နေပြည်တော်ကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်အားကစားသမားများ တည်းခိုနေထိုင်မှု ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၂၄

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး၊ တည်းခိုနေထိုင်ရေးနှင့် ဧည့်ခံကျွေးမွေးရေး ဆပ်ကော်မတီဥက္ကဋ္ဌ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးသည် ယမန်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ တည်းခိုရေးစခန်းသို့ သွားရောက်ကာ အမျိုးသားအားကစားပွဲတော်တွင် ပြိုင်ပွဲဝင်ရန် ရောက်ရှိလာကြသည့် နေပြည်တော်ကိုယ်စားပြု အားကစားသမားများ၊ အုပ်ချုပ်သူများနှင့် နည်းပြများအား ကြိုဆိုနှုတ်ဆက်သည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ပြိုင်ပွဲဝင် အားကစားသမားများ တည်းခိုနေထိုင်ရန် နေရာချထားသည့် အိပ်ဆောင်များသို့ သွားရောက်ကာ အားကစားသမားများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်အားပေးပြီး တည်းခိုနေထိုင်စဉ် သတ်မှတ်



ထားသော အိပ်ဆောင် စည်းမျဉ်း/စည်းကမ်းများအတိုင်း စနစ်တကျတည်းခိုနေထိုင်ကြရန်၊ အားကစားပြိုင်ပွဲများ အောင်နိုင်ရေးကိုသာ ဦးစားပေးကြိုးစားကြရန်၊ တာဝန်ရှိသူများကလည်း အိပ်ရာနှင့် အသုံးအဆောင်ပစ္စည်းများကို လုံလောက်မှုရှိအောင် ထုတ်ပေးကြရန်မှာကြားသည်။

**ပြင်ဆင်ကြရေးမှာကြား**

ထို့နောက် စားရိပ်သာများသို့ သွားရောက်ပြီး စားရိပ်သာ အတွင်း/အပြင် သန့်ရှင်းသပ်ရပ်မှုရှိရေး၊ လုံခြုံရေးစနစ်တကျထားရှိရေး၊ ချက်ပြုတ်ကျွေးမွေးမည့် အစားအစာကုန်ကြမ်းများ ဂိုဒေါင်များ၌ စနစ်တကျ သိုလှောင်ထားရှိရေးနှင့် အရည်အသွေးကောင်းမွန်မှုရှိရေး၊ သန့်ရှင်းသောသုံးရေများ စနစ်တကျစီမံထားရှိရေး၊ ဧည့်ခံကျွေးမွေးမည့် အသုံးအဆောင်ပစ္စည်းများကို စနစ်တကျ ထားသိုသိမ်းဆည်းရေးနှင့် သန့်ရှင်းစင်ကြယ်မှုရှိအောင် ပြင်ဆင်ကြရေး မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် တည်းခိုဆောင်များ၌ လျှပ်စစ်မီးပြတ်တောက်မှုဖြစ်ပေါ်လာပါက အရေးပေါ်အရန်မီးစက်ဖြင့် လျှပ်စစ်မီးရရှိရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေ၊ သောက်သုံးရေနှင့် ဧည့်ခံကျွေးမွေးရေးပစ္စည်းများ၊ အစားအစာကုန်ကြမ်းများ သိုလှောင်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီးလိုအပ်သည်များမှာကြားသည်။

သတင်းစဉ်

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

# ဟိုပုံးမြို့ သီရိမင်္ဂလာရွှေချမ်းသာမွေတော်ဘုရားကြီး ဗုဒ္ဓပူဇနီယ တန်ဆောင်တိုင်မီးထွန်းပွဲတော်ပိတ်ပွဲ ကျင်းပ



ဟိုပုံး နိုဝင်ဘာ ၂၄

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့ သီရိမင်္ဂလာရွှေချမ်းသာ မွေတော်ဘုရားကြီး ဗုဒ္ဓပူဇနီယ တန်ဆောင်တိုင်မီးထွန်းပွဲတော် ပိတ်ပွဲကို နိုဝင်ဘာ ၂၃ ရက် ညနေ ၆ နာရီက အဆိုပါဘုရား၌ ကျင်းပသည်။

ဦးစွာ သီရိမင်္ဂလာရွှေချမ်းသာ မွေတော်ဘုရားကြီး၌ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ကွန်ပျူတာနှင့် နည်းပညာသိပ္ပံကျောင်း ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်သိန်းနိုင်၊ ပြည်နယ်ဝန်ကြီးများ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးတို့က ပန်း၊ ရေချမ်း၊ ဆီမီးတို့ကို ဆက်ကပ်လှူဒါန်းကြပြီး ရတနာဒီပံဆီမီး အလင်းတိုင် ထွန်းညှိပူဇော်ပေးခြင်းနှင့် ရွှေသင်္ကန်းဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် အဆိုပါဘုရားရှေ့၌ အမှတ်(၁)၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူလေးများက မီးပုံးအကအလှဖြင့် ကပြဖျော်ဖြေခြင်း၊ ရောင်စုံငှက်ရုပ်မီးပုံးပျံနှင့် မီးပုံးငယ်များ လွှတ်တင်ကြပြီး လီဆူစာပေနှင့် ယဉ်ကျေးမှုအဖွဲ့၊ ရှမ်းစာပေယဉ်ကျေးမှုအဖွဲ့၊ ပအိုဝ်းစာပေယဉ်ကျေးမှုအဖွဲ့တို့က မီးပဒေသာလှည့်လည်ပူဇော်နေမှုကို ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့များ၊ တာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။ ယင်းနောက် မီးပဒေသာ လှည့်လည်ပူဇော်ပေးသည့်အဖွဲ့များကို ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများကလည်းကောင်း၊ တောင်ကြီးတန်ဆောင်တိုင်ပွဲတော်တွင် နေ့လွှတ်အရုပ်ဆုရ တိုင်းကျော်အဖွဲ့များအား တန်ဆောင်တိုင် မီးထွန်းပွဲတော် ကျင်းပရေး နာယက၊ ကွန်ပျူတာနှင့် နည်းပညာသိပ္ပံကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်သိန်းနိုင်တို့ကလည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်သည်။

ယင်းနောက် စိန်နားပန် မီးပုံးပျံလွှတ်တင်ခြင်းနှင့် မီးပဒေသာလှည့်လည် ပူဇော်ကြသော နောင်ခုံးကျေးရွာ၊ နောင်တောင်းကျေးရွာ၊ တိလုံကျေးရွာ၊ လုံခုတ်ကျေးရွာနှင့် ညမီးကြီးနှစ်သိမ့်ဆုရ နဂါးပျံမီးပုံးပျံအဖွဲ့၊ ညမီးကြီးဒုတိယဆုရ မွေတော်မီးပုံးပျံအဖွဲ့၊ ညမီးကြီးပူဇော်လွှတ်တင်သည့်အဖွဲ့တို့ကို တာဝန်ရှိသူများက ဆုချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)

# လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး(ကျောက်တော်ကြီးဘုရား)၌ သန့်ရှင်းသာယာလှပစေရေး လုပ်ငန်းများဆောင်ရွက်

ရန်ကုန် နိုဝင်ဘာ ၂၄

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ သန့်ရှင်းသာယာလှပစေရေး လုပ်ငန်းများကို နိုဝင်ဘာ ၂၃ ရက် နံနက် ၇ နာရီက အင်းစိန်မြို့နယ် ကြို့ကုန်းအရှေ့ရပ်ကွက် မင်းဓမ္မလမ်း မင်းဓမ္မကုန်းတော်ပေါ်ရှိ လောကချမ်းသာအဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး (ကျောက်တော်ကြီးဘုရား) ၌ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင်အင်းစိန်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးမြင့်၊ အဖွဲ့ဝင်(၁) ဗိုလ်မှူး သုခလှိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်နေပြည်သူများနှင့် တာဝန်ရှိသူများ စုစုပေါင်းအင်အား ၂၆၅ ဦးခန့်က ကျောက်တော်ကြီးဘုရားရင်ပြင်တော်ပေါ်နှင့် ဘုရားကြီးရှေ့ မင်းဓမ္မလမ်း ဝဲ/ယာတစ်လျှောက်တွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။ မြင့်ဦး



# ပုဂံမြို့ မဟာဆန္ဒပြည့်အောင်တော်မူသိမ်ဘုရားကြီး၏ ဗုဒ္ဓပူဇနီယပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပ



ပုဂံ နိုဝင်ဘာ ၂၄

မန္တလေးတိုင်း ဒေသကြီး ညောင်ဦးမြို့နယ် ပုဂံမြို့ ရတနာဘုံစံတောရဓမ္မရိပ်သာကျောင်းတိုက်တွင် တည်ထားကိုးကွယ်တော်မူထားသည့် မဟာဆန္ဒပြည့်အောင်တော်မူ သိမ်ဘုရားကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်ကို နိုဝင်ဘာ ၂၃ ရက် နံနက်ပိုင်းက အဆိုပါကျောင်းတိုက်၌ ကျင်းပသည်။

အဆိုပါ ဗုဒ္ဓပူဇနီယပွဲတော်ကို နှစ်စဉ် တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက် ည ၇ နာရီတွင် ပုဂံမြို့ရှိ အလှူရှင်များနှင့် ရပ်ကွက်နေပြည်သူများက မဟာဆန္ဒပြည့်အောင်တော်မူသိမ်ဘုရားကြီးအား ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ကာ မြင်းကပါကျေးရွာမှ ဝတ်ရွတ်အသင်းက ပရိတ်ပဋ္ဌာန်းများ ရွတ်ဖတ်ပူဇော်ခဲ့ကြသည်။ ယင်းနောက် ကျောင်းသားလူငယ်များအဖွဲ့က တေးသရုပ်ဖော်များဖြင့် ကပြဖျော်ဖြေခဲ့ကြသည်။

ထို့နောက် တန်ဆောင်မုန်းလပြည့်ကျော်(၈)ရက် နံနက် ၅ နာရီတွင် ပုဂံမြို့ ဓမ္မသိဂီဝတ်အသင်းက ပရိတ်၊ ပဋ္ဌာန်းများကို ဝတ်ရွတ်ပူဇော်ခဲ့ကြပြီး နံနက် ၈ နာရီတွင် အလှူရှင်များက ပင့်သံဃာတော်များအား အရုဏ်ဆွမ်းနှင့် အချိုပွဲများ ဆက်ကပ်လှူဒါန်းကာ ရတနာဘုံစံတောရဓမ္မရိပ်သာကျောင်းတိုက် နာယကဆရာတော် ဘဒ္ဒန္တ သာဂရ အမှူးပြုသော သံဃာတော်များထံမှ ငါးပါးသီလ ခံယူဆောက်တည်၍ လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ဆက်လက်၍ အလှူရှင်များနှင့် ဒေသခံပြည်သူများက မဟာဆန္ဒပြည့်အောင်တော်မူ သိမ်ဘုရားကြီး၏ ဗုဒ္ဓပူဇနီယပွဲတော် အထိမ်းအမှတ် သံဃာတော်များအား ဝတ္ထုငွေ၊ ဆွမ်း၊ ဆေး အစရှိသည့် ဆွမ်းသပိတ်လုံးများကို လောင်းလှူပူဇော်ကြပြီး ဘုရားပွဲလာရောက်ကြသည့် ဧည့်ပရိသတ်များအား ဖျော်ဖြေရေးအဖွဲ့က တေးသီချင်းဖြင့် သီဆိုဖျော်ဖြေကြကာ စတုဒိသာထမင်းနှင့် ဟင်းလျာများဖြင့် ဧည့်ခံကျွေးခဲ့ကြောင်း သိရသည်။

ရဲဝင်းနိုင် (ညောင်ဦး)

# ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးအား ယခုလအတွင်း ဘုရားဖူးပြည်သူ ၁၂၀၀၀၀ ကျော် လာရောက်ဖူးမြော်

ကျိုက်ထို နိုဝင်ဘာ ၂၄

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်ကို သီတင်းကျွတ်လပြည့်နေ့မှ ကဆုန်လပြည့်နေ့အထိ ကျင်းပလျက်ရှိရာ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများ စည်ကားသိုက်မြိုက်စွာ နေ့စဉ်လာရောက်ဖူးမြော်ကြပြီး ယခုလအတွင်း လာရောက်ဖူးမြော်သူ ၁၂၅၄၅၀ ရှိကြောင်း စေတီတော်ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ထံမှ သိရသည်။

"အောက်တိုဘာ ၁၇ ရက်နေ့ ကနေ နိုဝင်ဘာ၂၃ ရက်အထိ ဘုရားဖူး ၁၇၀၀၅၅ ဦးရှိပါပြီ။ ပြည်တွင်းဘုရားဖူး ၁၆၉၄၃၀ နှင့် ပြည်ပဘုရားဖူးက ၆၂၅ ဦးရှိပါတယ်။ ပြည်ပဘုရားဖူးတွေထဲမှာ ထိုင်းနိုင်ငံက အများဆုံးပါပဲ။ အခုလို စနေ၊ တနင်္ဂနွေနဲ့ အများပြည်သူ အလုပ်ပိတ်ရက်တွေမှာ အများဆုံးလာကြပါတယ်" ဟု ဂေါပကအဖွဲ့ တာဝန်ရှိသူက ပြောသည်။

ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးသို့ ဘုရားဖူးလာရောက်ကြသည့် ပြည်သူများ အန္တရာယ်ကင်းစေရန်နှင့် စိတ်ချမ်းမြေ့စွာ ဘုရားဖူးမြော်နိုင်ရန်အတွက် စေတီတော်ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့နှင့် တာဝန်ရှိသူများက လုံခြုံရေး၊ အခမဲ့ တည်းခိုနေထိုင်ရေး၊ စားသောက်ရေးနှင့် ကျန်းမာရေး စောင့်ရှောက်မှုများကို ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တောင်တက်မော်တော်ယာဉ် အစီး ၁၅၀ ကို နေ့စဉ်ပြေးဆွဲပေးနေပြီး သတ်မှတ်လူဦးရေနှင့် ယာဉ်စီးနင်းခများကိုလည်း သတ်မှတ်နှုန်းထားဖြင့် အလွယ်တကူ လိုက်ပါစီးနင်းနိုင်ရန် စီမံထားကြောင်း သိရသည်။

### ဘုရားဖူးများဖြင့် စည်ကား

ကျိုက်ထီးရိုး တောင်တော်တစ်လျှောက် အထင်ကရနေရာများဖြစ်သည့် မုဆိုးတောင်တော်၊ ကျီးကန်းပါးစပ်လိုဏ်ဂူတော်၊ ကျောက်ထပ်ကြီး စေတီတော်၊ ရေတံခွန် စသည့်နေရာများ၊ ရင်ပြင်တော် ဈေးဆိုင်တန်းတစ်လျှောက်ရှိ ထမင်းဆိုင်များ၊ အမှတ်တရ အရောင်းဆိုင်များ၌ ဘုရားဖူးများဖြင့် စည်ကားနေသည့်အပြင် အခမဲ့နှင့် အခပေးတည်းခိုဆောင်များ၊ ရင်ပြင်တော်၌လည်း တည်းခိုနေထိုင်သူ များပြားလျက်ရှိကြောင်း သိရသည်။



ကျိုက်ထို(ပြန်/ဆက်)

မြန်မာနိုင်ငံတစ်ဝန်းရှိ အခြေခံပညာ ကျောင်းသား၊ ကျောင်းသူများအတွက် သင်ကြားသင်ယူမှုတွင် အကောင်းဆုံးအထောက်အကူဖြစ်စေရန် ရည်ရွယ်ပြီး၊ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ်အခြေခံ၍ ပါမောက္ခ ဆရာကြီး၊ ဆရာမကြီးများနှင့်ဘာသာရပ်ဆိုင်ရာ ဝါရင့် ဆရာကြီး၊ ဆရာမကြီးများ ပြုစုရေးသားကြီးကြပ်တည်းဖြတ်ထားသည့် Grade-12 မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ၊ ဘောဂဗေဒ၊ ဘာသာရပ်များကို Grade-12 (တက္ကသိုလ်ဝင်တန်း) ကျောင်းသား၊ ကျောင်းသူများ လေ့လာမှတ်သား လေ့ကျင့်နိုင်ရန် တနင်္လာနေ့တိုင်း ဖော်ပြပေးမည်ဖြစ်ပါသည်။ ကြေးမုံစာတည်းအဖွဲ့

## ဘောဂဗေဒ ဆရာမိုး (ဘောဂဗေဒ)

**၁၁ - ၁၁ - ၂၀၂၄ ရက်နေ့မှအဆက်-**

၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း Grade -12 ဘောဂဗေဒဘာသာရပ် ဖြေဆိုကြရမည့် ကျောင်းသား၊ ကျောင်းသူများသည် စုစုပေါင်း မေးခွန်းပုဒ်ရေ (၅) ပုဒ် ပါရှိမည်ကို သိထားရန် လိုပါသည်။ မေးခွန်းနံပါတ် (၁) တွင် (က) (ခ) နှင့် (ဂ) ဟူ၍ သုံးပိုင်းခွဲထားပြီး တစ်ပိုင်းလျှင် (၁၀)မှတ်ဖြင့် စုစုပေါင်း အမှတ် (၃၀) ဖိုး မေးထားမှာဖြစ်သည်။

မေးခွန်း နံပါတ် (၂) တွင် ပြဋ္ဌာန်းသင်ခန်းစာ အားလုံးမှ အဓိပ္ပာယ်ဖွင့်ဆိုချက်များကို ဖြေဆိုရမှာဖြစ်ပြီး (၅) ပုဒ်မေး (၅) ပုဒ် ဖြေဆိုရမှာဖြစ်သည်။ စုစုပေါင်း (၁၀)မှတ်ဖိုးဖြစ်သည်။

ထို့ကြောင့် မေးခွန်း နံပါတ် (၁)ကို ပိုင်နိုင်စွာဖြေဆိုနိုင်စေရန် ပြဋ္ဌာန်းစာအုပ်ရှိ ဓမ္မဓိဋ္ဌာန်လေ့ကျင့်ခန်းများအားလုံး၊ ၂၀၂၃-၂၀၂၄ မေးခွန်းဟောင်းများအားလုံးနှင့် ပြဋ္ဌာန်းစာအုပ်မှ မေးနိုင်ခြေအများဆုံး မေးခွန်း စုစုပေါင်း (၁၀၀၀) ကို ပြုစုဖော်ပြထားသည်။ မေးခွန်းနံပါတ် (၂) အတွက် Grade-12 ပြဋ္ဌာန်းစာအုပ်ပါ အဓိပ္ပာယ်ဖွင့်ဆိုချက်များအားလုံးကို ကျောင်းသား၊ ကျောင်းသူများ အဆင်သင့် ကျက်မှတ်နိုင်ကြစေရန် သီးသန့်ပြုစုဖော်ပြထားသည်။

**မေးခွန်းနံပါတ် (၁) နှင့် (၂) ကို ပိုင်နိုင်စွာဖြေဆိုနိုင်လျှင် အမှတ် (၄၀) ဖိုး ရမည်ဖြစ်သည်။**

ပြဋ္ဌာန်းစာအုပ်မှ အခန်းအားလုံးကို ပိုင်နိုင်ကျွမ်းကျင်မှသာ အမှတ်ပြည့်ဖြေဆိုနိုင်မည်ဖြစ်ရာ အခန်း (၁) မှ အခန်း (၈) အထိ လေ့ကျင့်မှတ်သားရန် လိုပါသည်။

**အခန်း (၃)**

**စရိတ် သီအိုရီ**

**၁။ (က) အောက်ပါဖော်ပြချက်များကို "မှား" သို့မဟုတ် "မှန်" ဖြေဆိုပါ။**

၁။ လုပ်ငန်းသည် သွင်းအားစုများအားလုံးကို ပြောင်းလဲထုတ်လုပ်နိုင်လျှင် ၎င်းသည် ကာလရှည်တွင် ထုတ်လုပ်သည်ဟု မှတ်ယူနိုင်သည်။

၂။ လုပ်ငန်း၏ အဓိကရည်မှန်းချက်ဖြစ်သည့် အမြတ်အများဆုံးရရှိရန်အတွက် ဈေးနှုန်းက ဆုံးဖြတ်ပေးလေ့ရှိသည်။

၃။ စုစုပေါင်းစရိတ်တွင် လုပ်ငန်းက ပိုင်ဆိုင်သည့် ကုန်ထုတ်အင်အားစုများ၏ စရိတ်များ မပါဝင်ပါ။

၄။ မပေါ်လွင်စရိတ်သည် လုပ်ငန်းကပေးချေရန် မလိုသော်လည်း စရိတ်တွင် ထည့်သွင်းတွက်ချက်ရသည်။

၅။ ကုန်ထွက်အရေအတွက်များလေလေ၊ စုစုပေါင်းအသုံးစရိတ် လျော့နည်းလေလေ ဖြစ်သည်။

၆။ စရိတ်မျဉ်းကွေးများရေးဆွဲရာတွင် အလျားလိုက်ဝင်ရိုးတွင် စရိတ်ကိုတိုင်းတာပြီး ဒေါင်လိုက်ဝင်ရိုးတွင် ကုန်ထွက်ကို တိုင်းတာသည်။

၇။ စုစုပေါင်းပုံသေစရိတ်နှင့် စုစုပေါင်းစရိတ်ရှင် စုစုပေါင်းသည် စုစုပေါင်းစရိတ်နှင့် ညီမျှသည်။

၈။ စုစုပေါင်းစရိတ်ရှင်နှင့် စုစုပေါင်းပုံသေစရိတ်မျဉ်းကွေးများသည် အပြိုင်ဖြစ်နေကြပြီး အတူတကွ ပြောင်းလဲနေသည်ကို တွေ့ရသည်။

၉။ ပျမ်းမျှစရိတ်ရှင်မျဉ်းကွေးသည် "U" ပုံသဏ္ဌာန်ဖြစ်သည်။

၁၀။ ပျမ်းမျှစရိတ်မျဉ်းကွေးသည် "U" ပုံသဏ္ဌာန်မျဉ်းကွေး ဖြစ်သည်။

**၁။(ခ) အောက်ပါဖော်ပြချက်များအတွက် ပေးထားသော အဖြေ (က) (ခ) (ဂ) များမှ အဖြေမှန်ကို အဖြေလွှာ စာအုပ်တွင် ရေးပါ။**

၁။ **(က) ကာလတို (ခ) ကာလလတ် (ဂ) ကာလရှည်** ဆိုသည်မှာ လုပ်ငန်းက အသုံးပြုသော သွင်းအားစုများတွင် အနည်းဆုံး သွင်းအားစုတစ်မျိုးသည် ပုံသေဖြစ်နေပြီး ပြောင်းလဲမှု မပြုလုပ်နိုင်သည့် အချိန်ကာလ တစ်ခုဖြစ်သည်။

၂။ လုပ်ငန်းက မပိုင်ဆိုင်သော သွင်းအားစုများနှင့်ဝန်ဆောင်မှုများအတွက် ပေးချေရသော ငွေကြေးအားလုံးသည်- **(က) ပေါ်လွင်စရိတ် (ခ) မပေါ်လွင်စရိတ် (ဂ) ပုံသေစရိတ်** ဖြစ်သည်။

၃။ လုပ်ငန်းရှင်ကိုယ်တိုင် မန်နေဂျာအလုပ်ကို လုပ်နေသောကြောင့် မန်နေဂျာငွေလျှင် ပေးချေရမည့်စရိတ်သည် - **(က) ပုံသေစရိတ် (ခ) ပေါ်လွင်စရိတ် (ဂ) ထိုက်သင့်သော စရိတ်** ဖြစ်သည်။

၄။ လုပ်ငန်းက ချေးယူငွေများအပေါ်တွင် ပေးချေရသော အတိုးသည်- **(က) ပေါ်လွင်စရိတ် (ခ) မပေါ်လွင်စရိတ် (ဂ) ပုံသေစရိတ်**တွင် ပါဝင်သည်။

၅။ တစ်စုံတစ်ရာသောကုန်ထွက်ကိုထုတ်လုပ်ရန်အသုံးပြုသည့် သွင်းအားစုများပေါ်တွင်သုံးစွဲရမည့်စုစုပေါင်းငွေကြေးပမာဏသည် - **(က) စရိတ်ရှင် (ခ) ပုံသေစရိတ် (ဂ) စုစုပေါင်းစရိတ်** ဖြစ်သည်။

၆။ ကုန်ထွက် (သုည) ဖြစ်နေသော်လည်း စုစုပေါင်းစရိတ်တွင် ကုန်ကျသည့်စရိတ်ရှိနေလျှင် ၎င်းစရိတ်သည် - **(က) စုစုပေါင်းစရိတ်ရှင်(ခ) စုစုပေါင်းပုံသေစရိတ် (ဂ) အစွန်းထွက်စရိတ် (ဃ) ပျမ်းမျှစရိတ်ရှင်** ဖြစ်သည်။

၇။ **(က) ထုတ်လုပ်မှုစရိတ်များ (ခ) သွင်းအားစုများ (ဂ) ထုတ်ကုန်များ** မပြောင်းလဲဘဲ ပုံသေဖြစ်နေသမျှ လုပ်ငန်းကာလတိုအတွင်း လည်ပတ်နေသည်ဟု မှတ်ယူရမည်။

၈။ ကုန်ထွက်တိုးလာခြင်းနှင့်အတူ ပျမ်းမျှစရိတ် (AC) ကျဆင်းလာသောအခါ အစွန်းထွက်စရိတ်သည် ပျမ်းမျှစရိတ်မျဉ်းကွေး၏- **(က) အောက်တွင်ရှိနေမည် (ခ) အထက်တွင် ရှိနေမည် (ဂ) တူညီနေမည်။**

**(ဂ) အောက်ပါကွက်လပ်များတွင် ဖြည့်စွက်ရမည့် အဖြေများကို အဖြေစာအုပ်တွင် ရေးပါ။**

၁။ ကာလရှည်တွင် လုပ်ငန်း၏ သွင်းအားစုအားလုံးကို ပြောင်းလဲနိုင်သည့်အတွက် လုပ်ငန်းသည် .......... မရှိပါ။

၂။ လုပ်ငန်းက ငွေမပေးချေရသော်လည်း လုပ်ငန်းတွင် အကျိုးခံစားခွင့် သက်ရောက်၍ မပေါ်လွင်စရိတ်များသည် ......... ဖြစ်သည်။

၃။ စုစုပေါင်းစရိတ်တွင် ပုံသေစရိတ်နှင့် ......... တို့ ပါဝင်သည်။

၄။ စရိတ်ရှင်ကို တစ်ခါတစ်ရံ .......... ဟုလည်းခေါ်သည်။

၅။ ကုန်ထွက် (သုည) ဖြစ်နေသော်လည်း စုစုပေါင်းစရိတ်တွင် ကုန်ကျနေသောစရိတ်သည် .......... ဖြစ်သည်။

၆။ စရိတ်ရှင်သည် အစပထမတွင် တဖြည်းဖြည်းချင်း မြင့်တက်လာပြီးနောက်တွင် ပို၍ .......... တက်လာသည်။

၇။ စုစုပေါင်းပုံသေစရိတ်မျဉ်းကွေးသည် .........နှင့် အပြိုင်ဖြစ်နေသည်။

၈။ ......... သည် ပြောင်းလဲနိုင်သော သွင်းအားစုများအတွက် ကုန်ကျစရိတ်ဖြစ်ပြီး ကုန်ထွက်ပြောင်းလဲမှုနှင့်အတူ ပြောင်းလဲပေးသည်။

၉။ ကာလတိုတွင် အမှန်တကယ် ပေးချေစရိတ်သည် မပြောင်းလဲသည့်အတွက် ကုန်ထွက်တိုးလာသည်နှင့်အမျှ တောက်လျှောက်ကျဆင်းလာသော မျဉ်းကွေးသည် .......... ဖြစ်သည်။

**အဖြေများ**

၁။ (က) "မှား" သို့မဟုတ် "မှန်" ။

| | | | | |
|---|---|---|---|---|
| ၁။ မှန် | ၂။ မှား | ၃။ မှား | ၄။ မှန် | ၅။ မှန် |
| ၆။ မှား | ၇။ မှန် | ၈။ မှား | ၉။ မှန် | ၁၀။ မှန် |

(ခ) အဖြေမှန် ရွေးချယ်မှု

| | | | |
|---|---|---|---|
| ၁။ (က) | ၂။ (က) | ၃။ (ဂ) | ၄။ (က) |
| ၅။ (ဂ) | ၆။ (ခ) | ၇။ (ခ) | ၈။ (က) |

(ဂ) ကွက်လပ်ဖြည့်စွက်မှု

| | |
|---|---|
| ၁။ ပုံသေသွင်းအားစု | ၂။ ထိုက်သင့်သောစရိတ်များ |
| ၃။ စရိတ်ရှင် | ၄။ တိုက်ရိုက်ကုန်ကျစရိတ် |
| ၅။ ပုံသေစရိတ် | ၆။ လျင်မြန်စွာ |
| ၇။ အလျားလိုက်ဝင်ရိုး | ၈။ စရိတ်ရှင် |
| ၉။ ပျမ်းမျှပုံသေစရိတ်မျဉ်းကွေး | |

## ရူပဗေဒ ပါမောက္ခဒေါက်တာထွန်း (ရန်ကုန်တက္ကသိုလ်)

**၁၈ - ၁၁ - ၂၀၂၄ ရက်နေ့မှအဆက်-**

၂၀၂၄-၂၀၂၅ပညာသင်နှစ် Grade-12 ရူပဗေဒဘာသာရပ် ဖြေဆိုရမည့် ကျောင်းသား၊ ကျောင်းသူများသည် Section (A) နှင့် Section (B) ဟူ၍ အပိုင်း(၂)ပိုင်း အမှတ် (၁၀၀)ဖိုး ဖြေဆိုရမည်။

**Section(A) Answer All Questions မှာ အမှတ်(၄၀) ဖိုး ပေးထားပြီး (၄၀) မှတ်ဖိုး ဖြေဆိုရမှာဖြစ်သည့်အတွက် Chapter အားလုံး (Chapter 1 to Chapter 13) ထိ ကြည့်မှတ်ရန်လိုပါသည်။**

**CHAPTER (8)**

**Interference and Diffraction of Light (II)**

**I. Are the following statements TRUE (or) FALSE?**

(1) If path difference are $\frac{\lambda}{2}, \frac{3\lambda}{2}, \frac{5\lambda}{2}$, ...., it is said completely out of phase.

(2) The bright fringe has maximum intensity.

(3) The intensity of dark fringe has zero.

(4) If the waves emitted from two sources have the same frequency and constant phase difference, the sources are coherent sources.

(5) At the centre of screen, the waves from the two slits travel the same distance and are in phase.

**II. Fill in the blanks.**

(1) The relation between phase difference and path difference is ................

(2) A compact disc is an example of ............... gratings.

(3) The interference pattern consists of a series of bright and dark parallel lines called ................

(4) The bright fringe at centre of the screen is called ............... line.

(5) Constructive interference results in ............... fringes.

**III. Choose the correct answer from the following.**

(1) If separation between the two slits is decreased, the fringe width will ................

(A. increase, B. decreased , C. remain the same)

(2) If wavelength of light increased, the fringe width will ................

(A. increase, B. decreased , C. remain the same)

(3) There are ............... main classes of diffraction.

(A. two, B. three , C. four )

(4) The tracks of a compact disc act as a diffraction grating, producing a separation of the colors of .............. light.

(A. white, B. red , C. violet )

(5) The angular position of a ............... wave is known as the phase angle.

(A. periodic, B. nonperiodic, C. square)

**Answer Keys**

I. (1) True (2) True (3) True (4)True (5)True

II. (1) $\Delta\theta = \frac{2\pi}{\lambda}\Delta x$ (2) reflection (3) fringes (4) central bright (5) bright

III. (1) A (2) A (3) A (4) A (5) A

## အင်္ဂလိပ်စာ

ဆရာ ဦးဆန်း

၁၈ - ၁၁ - ၂၀၂၄ ရက်နေ့မှအဆက်-

အခြေခံပညာ အင်္ဂလိပ်စာဘာသာရပ်ကို ဖော်ပြရာတွင် စာမေးပွဲကြီး နီးလာပြီဖြစ်သည့်အတွက် "လွယ်ကူလေ့လာ အင်္ဂလိပ်စာ" Grade–4 မှ Grade–12 အထိ တန်းစဉ် လေ့ကျင့်ခန်းများအား စာမေးပွဲမေးခွန်းပုံစံနှင့်အညီ ဖော်ပြလိုက်ပါသည်။

### Grade–9 Unit –9

**V. (B) Fill in the blanks with the correct words. (5 marks)**

1. A ............ is a kitchen appliance used to store food and drinks at a cool temperature.
2. A ............ is a large piece of electrical equipment in which food is kept frozen at a low temperature.
3. They sell kitchen ............ such as pots, pans, spoons, forks, etc.
4. A pressure cooker is a useful electrical ............ that we use to cook food fast.
5. She will do the ............ this afternoon as there is a pile of dirty clothes in her room.
6. 70% of the earth's ............ is covered with water.
7. Microwave oven and rice cooker are examples of home ............
8. Meat should kept ............ at a temperature of 0F or below.
9. Baseball bats, boxing gloves and racquets are examples of sport ............
10. Air conditioners and water heaters are useful ............ household devices.

Answer Keys

I. 1. refrigerator 2. freezer 3. utensils 4. device
5. laundry 6. surface 7. appliances
8. frozen 9. equipment 10. electrical

### Grade–10 Unit –9

**I. Complete the sentences with the appropriate words. The initial letters are given. (10 marks)**

1. A climate change is simply: **c**............
2. The passage refers to the **c**............ of the entire **e**............
3. The average **t**............ of the earth is **r**............ slowly.
4. This warming phenomenon is called **g**............
5. **C**............ are scientists who study general weather conditions.
6. **G**............ act as a blanket in our atmosphere.
7. Without these gases, earth's temperature would be 33 C **c**............
8. Carbon dioxide levels have gradually **r**............
9. The temperature of the earth's atmosphere, oceans, and **l**............ is increasing.
10. We are **r**............ for global warming.
11. The Industrial **R**............ started in the 1700s.
12. Fossil fuels include **c**............, **o**......., and **n**............ **g**............
13. Fossil fuels are burned to produce **e**............
14. Fossil fuels power **c**............, trains, ships, and planes.
15. The more fuels we burn, the **h**............ the carbon dioxide level.

Answer Keys

I. 1. change in climate 2. climate, earth
3. temperature, rising 4. global warming
5. Climatologists 6. Greenhouse gases
7. cooler 8. risen 9. landmasses
10. responsible 11. Revolution
12. coal, oil, natural gas 13. energy
14. cars 15. higher

### Grade–11 Unit –9

**I. Rewrite the sentences according to the instructions given in brackets. (10 marks)**

1. Unless you study it thoroughly, you won't understand it well. (**Rewrite the sentences by using "If"**.)
2. She went out in the rain. She did not wear the raincoat. (**Join the sentences using "without + V–ing"**.)
3. Both the two girls are not attractive. (**Join, using 'neither of '**.)
4. He did not want anyone (**know/to know**) that he was there. (**Choose the correct option**.)
5. If you (**work**) hard, you would have been successful. (**Complete the sentence, using the correct tense of the verb given in brackets**.)
6. Ko Gyi said, "Ko Nge, why didn't you get up early this moring?" (**Change the sentence into the reported speech**.)
7. Aung Aung was not intelligent enough to be able to solve this problem. (**Combine the sentences using 'too...to'**.)
8. Our teacher was correcting the essays when we entered the room. (**Change the sentence into the passive voice**.)
9. Stop arguing with your sister or you'll be beaten by your mother. (**Rewrite the sentences by using 'Unless'**.)
10. Su Su did her homework. Then, she said her prayers and went to bed. (**Rewrite, using the participle phrase**.)
11. Tun Tun has computer knowledge. Mg Mg had computer knowledge. (**Rewrite the sentences using 'both ... and'**.)
12. Yesterday, as soon as the school bell rang. I hurried home to see my father off at the airport. (**Rewrite the sentences by using "No sooner ... than"**.)
13. Min Min tries to improve his vocabulary. He reads daily newspaper. (**Combine the sentences using 'by + V–ing' construction**.)
14. He was such a clever student that every one in the class envied him. (**Combine the sentence using 'so... that'**.)
15. Mya Mya cooks better than her sisters. (**Rewrite, using 'not as ... as'**.)

Answer Keys

1. If you study it thoroughly, you will understand it well.
2. Without wearing the raincoat, she went out in the rain.
3. Neither of the two girls is attractive.
4. to know
5. had worked
6. Ko Gyi asked Ko Nge why he had not got up early that morning.
7. Aung Aung was too dull to be able to solve this problem.
8. The essays were being corrected by our teacher when we entered the room.
9. Unless you stop arguing with your sister, you'll be beaten by your mother.
10. Having done her homework, Su Su said her prayers and went to bed.
11. Both Tun Tun and Mg Mg have computer knowledge.
12. No sooner did the school bell ring than I hurried home to see my father off at the airport yesterday.
13. Min Min tries to improve his vocabulary by reading daily newspaper.
14. He was so clever that every one in the class envied him.
15. Her sisters do not cook as well as Mya Mya.

### Grade–12 Unit –9

**I. Complete the sentences with the appropriate words. The initial letters are given. (10 marks)**

1. On 27 June, 1880, a baby girl was born to **C**............ and Kate Keller in Tuscumbia, Alabama.
2. The proud parents named their daughter **H**............
3. At six months, Helen could even say "**W**............" for water.
4. In January 1882, Helen almost died of a mysterious **i**............
5. Mrs. Keller saw a strange look in her baby's eyes and realized that her baby was **b**............ and **d**............
6. Helen's world was a dark and silent **p**............
7. In February 1887, Captain Keller contacted the **P**............ for the **B**............ in Boston.
8. The director of the Institute spoke to a young woman called **A**............
9. Annie took a present for Helen from her suitcase; it was a **d**............
10. When Annie tried to teach Helen, she reacted by throwing the doll on the **f**............
11. Annie believed that Helen should learn good **m**............
12. Annie asked the family to leave the **d**............ room so she could teach Helen.
13. During dinner, Helen ate with her **h**............ and took food from other people's plates.
14. The next day, Annie asked if Helen and she could live in the **g** ............ in the Kellers' garden.
15. On the last day, Helen learned the word for **w**............ when Annie spelled it while pumping water.

Answer Keys

I. 1. Captain 2. Helen 3. Wah–Wah 4. Illness
5. blind, deaf 6. place 7. Perkins Institute, Blind
8. Annie Sullivan 9. doll 10. floor
11. manners 12. dining 13. hands
14. guesthouse 15. water

အခြေခံပညာ ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှု တစ်စုံတစ်ရာမရှိ၍ဖြစ်စေ၊ ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလို၍ဖြစ်စေ စီစဉ်သူ ဆရာဦးစိုးစံ (English for Students Supplement Editorial Group) ဖုန်း – 09 981163924 ထံ ဆက်သွယ်မေးမြန်း အကြံပြုနိုင်ပါသည်။

# နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ်၌ လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု(အခြေခံ)သင်တန်းဖွင့်

မုံရွာ နိုဝင်ဘာ ၂၄

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ် တိုက်ရုံကျေးရွာရှိ အခြေခံပညာမူလတန်းလွန်ကျောင်း၌ တိုင်းဒေသကြီး အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးကော်မတီနှင့် တိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှု (အခြေခံ) သင်တန်း အမှတ်စဉ်(၅/၂၀၂၄)ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၃ ရက် မွန်းလွဲပိုင်းက ကျင်းပသည်။

ဦးစွာ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က အမှာစကားပြောကြားသည်။ ယင်းနောက် တိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာနမှ ညွှန်ကြားရေးမှူးက လယ်ယာသုံးစက်ကိရိယာ သင်တန်းကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သင်တန်းတွင် အသုံးပြုသွားမည့် လယ်ယာသုံးလက်တွန်းထွန်စက်များနှင့် မြေဖွစက်များကို ကြည့်ရှုစစ်ဆေးသည်။

**သင်ကြားပို့ချသွားမည်**

အဆိုပါသင်တန်းတွင် လဟယ်မြို့နယ်အတွင်းရှိ တိုက်ရုံကျေးရွာ၊ အံ့ပေါ်ကျေးရွာ၊ ဝုန်ညူးနောင်ကျေးရွာနှင့် လကျန်းကျေးရွာတို့မှ သင်တန်းသား ၂၀ တက်ရောက်ကြကာ သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ်ကြာ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ် တိုက်ရုံကျေးရွာရှိ ဒေသခံတောင်သူများ စားရေရိက္ခာဖူလုံစေရေးအတွက် တိုင်းဒေသကြီး အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် တိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာနက တာဝန်ယူဆောင်ရွက်ခဲ့သည့် လယ်ယာမြေဧက ၁၈၀ အတွင်းရှိ စိုက်ပျိုးထားသည့် မိုးစပါးများ ရိတ်သိမ်းနေမှုအခြေအနေများ၊ စနစ်ကျလယ်ယာမြေများ ဖော်ထုတ်ပြီးစီးမှုနှင့် ဆောင်းသီးနှံစိုက်ပျိုးရန်အတွက် ပြင်ဆင်ရန် လိုအပ်မှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**






# ချောင်းဦးမြို့၌ လူငယ်နှင့် အမျိုးသားအောင်ပွဲနေ့ ဆွေးနွေးပွဲ ကျင်းပ

ချောင်းဦး နိုဝင်ဘာ ၂၄

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ နိုဝင်ဘာ ၂၂ ရက်က (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် လူငယ်နှင့် အမျိုးသားအောင်ပွဲနေ့ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲ ကျင်းပသည်။

အဆိုပါ ဆွေးနွေးပွဲတွင် မြို့နယ်ဦးစီးမှူး ဦးထိန်လင်းနှင့် ဒုတိယဦးစီးမှူး ဒေါ်အိအိစိုးတို့က အမျိုးသားအောင်ပွဲနေ့ ဖြစ်ပေါ်လာပုံအကြောင်း ပညာပေးဆွေးနွေးသည်။

ဆွေးနွေးပွဲကို ချောင်းဦးမြို့နယ် ပြည်သူ့စာကြည့်တိုက် Facebook Page မှ ပြည်သူများသိရှိစေရန် ပညာပေးအစီအစဉ်အနေဖြင့် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ **ဝင်းမြင့်အောင်(ပြန်/ဆက်)**



# ကျွန်းလှ၌ လူငယ်စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

ကျွန်းလှ နိုဝင်ဘာ ၂၄

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် "ဟိန်း" ကိုယ်ပိုင်အထက်တန်းကျောင်းတို့ ပူးပေါင်းပြီး လူငယ်စကားဝိုင်းဆွေးနွေးပွဲကို အဆိုပါကျောင်းခန်းမ၌ ကျင်းပသည်။

ဦးစွာ ဒုတိယမြို့နယ်ပညာရေးမှူး ဦးစိုးထွန်းနိုင်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဖိုးချိုက လူငယ်စကားဝိုင်းဆွေးနွေးပွဲ ကျင်းပရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆွေးနွေးပွဲတွင် ကျောင်းသား ကျောင်းသူများက လူငယ်နှင့် ဘဝနေထိုင်မှု၊ လူငယ်နှင့် စည်းကမ်း၊ လူငယ်နှင့် ခေါင်းဆောင်မှု၊ လူငယ်နှင့် ဘာသာတရားကိုင်းရှိုင်းမှု၊ လူငယ်နှင့် ကိုယ်ချင်းစာစိတ် ခေါင်းစဉ်များဖြင့် ဆွေးနွေးကြရာ တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများ၏ မေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။ **မျိုးဝင်းညို(ကျွန်းလှ)**

# ပခုက္ကူမြို့၌ အသိပညာပေးနံရံကပ်စာစောင်နှင့် စာအုပ်ပြပွဲကျင်းပ

ပခုက္ကူ နိုဝင်ဘာ ၂၄

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းပြီး (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် အသိပညာပေး နံရံကပ်စာစောင်နှင့် စာအုပ်ပြပွဲကို ယမန်နေ့နံနက်ပိုင်းက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ပခုက္ကူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ချိုချိုမာ ဦးဆောင်၍ ဒုတိယဦးစီးမှူး ဒေါ်ဝင်းမေ (စာကြည့်တိုက်မှူး)နှင့် ဝန်ထမ်းများက (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အသိပညာပေး နံရံကပ်စာစောင်များ၊ စာပေပညာရှင်များ၏ စာပေဖတ်ရှုလေ့လာခြင်း အကျိုးကျေးဇူးများနှင့်စပ်လျဉ်းသော အဆိုအမိန့်များ၊ မူးယစ်ဆေးဝါးအန္တရာယ်၊ သွေးလွန်တုပ်ကွေးရောဂါအန္တရာယ်နှင့် လျှပ်စစ်ဓာတ်အားချွေတာသုံးစွဲရေးဆိုင်ရာ အသိပညာပေးနံရံကပ်စာစောင်များ ပြသခြင်း၊ ကျောင်းသား ကျောင်းသူ (လူငယ်လူရွယ်)များ ဖတ်ရှုလေ့လာသင့်သည့် သုတ၊ ရသဆိုင်ရာ စာအုပ်စာပေများ၊ မဂ္ဂဇင်း၊ ဝတ္ထု၊ ရုပ်ပြနှင့်ကာတွန်းစာအုပ်များ ခင်းကျင်းပြသခြင်း၊ ငှားရမ်းဖတ်ရှုစေခြင်းများ ဆောင်ရွက်ကြရာ ပခုက္ကူမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာဖတ်ရှုခဲ့ကြကြောင်း သိရသည်။



**ခရိုင်(ပြန်/ဆက်)**

# မင်းဘူး(စကု)မြို့နယ်မှ တောင်သူများ ဆောင်းကြက်သွန်နီများပေါ်ချိန် ဈေးကောင်းရရန်မျှော်လင့်

မင်းဘူး နိုဝင်ဘာ ၂၄

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်၌ ဆောင်းကြက်သွန်နီများ စိုက်ပျိုးပြီး ဈေးကောင်းရရန် မျှော်လင့်နေကြကြောင်း ရွှေတပင်ကျေးရွာ ကြက်သွန်နီစိုက်တောင်သူများထံမှ သိရသည်။

မင်းဘူးမြို့တွင် မိုးကြက်သွန်များပေါ်ခါစ ပွဲရုံလက်ကားဈေး တစ်ပိဿာ ငွေကျပ် ၂၅၀၀ ဈေးဖြင့် ရောင်းချရပြီး ယခုလက်ရှိ အချိန်တွင် ကြက်သွန်နီတစ်ပိဿာ ငွေကျပ် ၃၅၀၀၊ ၄၀၀၀ ရောင်းချနေရသော်လည်း ဈေးကွက်အတွင်း ကြက်သွန်နီဝင်ရောက်မှုနည်းပါးလာကြောင်း သိရသည်။

**ရာသီမရွေးစိုက်ပျိုးလာ**

ကြက်သွန်နီ စိုက်ပျိုးရာတွင် ယခင်က မိုးတွင်းကာလများတွင်သာ စိုက်ပျိုးကြသော်လည်း ယခုအခါ မြေအောက်ရေများ အသုံးပြု၍ ရာသီမရွေး စိုက်ပျိုးလာကြသည်။ သို့သော် မိုးတွင်းကာလတွင် ကြက်သွန်အဖြစ်များ၍စိုက်ပျိုးမှုများပြီး ဈေးအကောင်းဆုံးအချိန်မှာ မိုးဦးကာလ မေ၊ ဇွန်၊ ဇူလိုင်လများဖြစ်သည်။

ကြက်သွန်နီ စိုက်ပျိုးရာတွင် သွင်းအားစုများပြီး စရိတ်ပိုကာ စက်သုံးဆီဈေး၊ မြေဩဇာဈေး၊ အလုပ်သမားခ၊ ပျိုးပင်ဖိုးများကြောင့် ကြက်သွန်နီတစ်ပိဿာလျှင် ငွေကျပ် ၉၀၀/၁၀၀၀ ဖြင့် ရောင်းချပါက စရိတ်စကလောက်သာရရှိကြောင်းနှင့် လက်ရှိတွင် လက်လီဈေး ငွေကျပ် ၄၀၀၀/၅၀၀၀ ကျော် ရောင်းရကာ ကြက်သွန်နီ စိုက်ပျိုးသူများ အဆင်ပြေလျက်ရှိကြသော်လည်း ဆောင်းကြက်သွန်များ ပေါ်ချိန်တွင် ဈေးကောင်းရရန် မျှော်လင့်နေကြကြောင်း သိရသည်။



**မြို့နယ်(ပြန်/ဆက်)**

❖ MNL မှ

ပဒုမ္မာကွင်း၌ ကျင်းပသည့်ပွဲတွင် ဒဂုံစတားယူနိုက်တက်အသင်းက ရှမ်းယူနိုက်တက်အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ယခုပွဲ မတိုင်မီကတည်းက ချန်ပီယံဖြစ်ထားသည့် ရှမ်းယူနိုက်တက်အသင်းသည် ရှုံးပွဲကြုံတွေ့ခဲ့သည်။ ဒဂုံစတားယူနိုက်တက်အသင်းသည် ယခုပွဲအနိုင်ရခဲ့သဖြင့် ထိပ်ဆုံးငါးသင်းစာရင်းဝင်ရန် အခြေအနေကောင်းသွားခဲ့သည်။ ဒဂုံစတားယူနိုက်တက်အသင်းအတွက် ဂိုးများကို ၂၃ မိနစ်တွင် စောအောင်မျိုးမင်းသိန်း၊ ၅၅ မိနစ်တွင် ဟန်မျိုး၈၊ ၅၇ မိနစ်တွင် ဖိုးသောကြာတို့က သွင်းယူပြီး ရှမ်းယူနိုက်တက်အသင်းအတွက် ဂိုးများကို မိနစ် ၆၀ တွင် ကောင်းမင်းထွဋ်နှင့် ၉၀+၃ မိနစ်တွင် မျိုးမင်းခန့်တို့က သွင်းယူခဲ့သည်။

တောင်ဒဂုံကွင်း၌ ကျင်းပသည့်ပွဲတွင် ရန်ကုန်ယူနိုက်တက်အသင်းက ရှောဝတီယူနိုက်တက်အသင်းကို ကိုးဂိုးပြတ် အနိုင်ရခဲ့သည်။ ရန်ကုန်ယူနိုက်တက်အသင်းသည် ဂိုးပြတ်နိုင်ပွဲနှင့်အတူ နိုင်ပွဲပြန်လည်ရယူနိုင်ခဲ့ပြီး အနိုင်ဂိုးများကို ၁၁ မိနစ်တွင် ရဲဝင်းအောင်၊ ၃၉၊ ၅၆၊ ၆၉ မိနစ်တွင် လမင်းပြည့်စုံ၊ ၆၄၊ ၆၇ မိနစ်တွင် ကောင်းခန့်ကျော်၊ ၈၄၊ ၈၉ မိနစ်တွင် မင်းသူနှင့် ၈၇ မိနစ်တွင် နိုင်ကိုတို့က သွင်းယူသည်။ စလင်းကွင်း၌ ကျင်းပသည့်ပွဲတွင် သစ္စာအားမာန်အသင်းက Dagon Port အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ၃၂ မိနစ်တွင် နိုင်ကိုကိုက Dagon Port အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်သော်လည်း သစ္စာအားမာန်အသင်းအတွက် ၅၃ မိနစ်တွင်စောမင်းခန့်နိုင်က ချေပဂိုးပြန်သွင်းကာ အနိုင်ဂိုးများကို ၇၅ မိနစ်တွင် သန်းထိုက်အောင်နှင့် မိနစ် ၈၀ တွင် ဇင်ဖြိုးပိုင်တို့က သွင်းယူသည်။

ပွဲစဉ် (၂၅) ဒုတိယနေ့ကို နိုဝင်ဘာ ၂၅ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး စလင်းကွင်း၌ ဟံသာဝတီယူနိုက်တက်နှင့် ရခိုင်ယူနိုက်တက်၊ တောင်ဒဂုံကွင်း၌ မဟာယူနိုက်တက်နှင့် Junior Lions၊ ပဒုမ္မာကွင်း၌ အား/ကာသိပ္ပံနှင့် မြဝတီအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း - ကိုညီလေး၊ ဓာတ်ပုံ - MNL**

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ နွမ်ဂျာသိုင်း၏ "တစ်ခါတုန်းက တက္ကသိုလ်မှာ" အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည်ဖြစ်ပါသည်။




(၂၀-၁၁-၂၀၂၄ ရက်နေ့မှအဆက်)

ဆရာသည် ကျွန်တော်တို့ မြန်မာစာဌာနမှ ကထိကဆရာတစ်ဦးဖြစ်သည်သာမက ယနေ့ စာပေလောကတွင် နာမည်ရနေသော အောင်မြင်သည့် ဝေဖန်ရေးဆရာကြီးဖြစ်သည်။ ဆရာဝေဖန်ရေးဆိုင်ရာ ပညာပေးဆောင်းပါးများ၊ ဝတ္ထုကဗျာများနှင့်ပတ်သက်သော ဝေဖန်ရေးဆောင်းပါးများမှာ အတတ်ပညာကုံလုံ၍ နိုင်ငံ၏စရိုက်နှင့် အလွန်နီးစပ်သည်။

"ကျွန်တော်ကတော့ တို့ရှိသည့်အတွက် ပြက္ခဒိန်မှာ နက်ဖြန်ခါ ရက်ရာဇာပဲဖြစ်ရမည်ဆိုတဲ့ အပိုဒ်လေးကို ပိုကြိုက်တယ် ဆရာ"

မြန်မာစာဂျာနယ်တွင် စာတည်းအဖွဲ့ဝင်တစ်ဦးဖြစ်သူ မဟာဝိဇ္ဇာကျောင်းသား အစ်ကိုကြီးတစ်ယောက်က ဆရာ့စကားကို ဝင်ထောက်ခံသည်။

ဆရာက ရယ်လိုက်ပြီး –

"ငါက ပိုတောင်ကြိုက်သေးတယ်။ ကာရန်ကြောင့်သာ ခက်နေလို့။ ဖြစ်နိုင်ရင် နေ့တိုင်းသာ ရက်ရာဇာလို့တောင် ပြင်ချင်သေးတာ။ နေ့ရက်တိုင်းဟာ ရက်ရာဇာဆိုရင် ပိုကောင်းမယ် ထွန်းဝေ"

ကျွန်တော်က ရယ်နေလိုက်သည်။ ဆရာက တစ်စုံတစ်ခုကို အမှတ်ရဟန်ဖြင့် ပြောလိုက်သည်။

"ရက်ကောင်းရက်မြတ်ဆိုတဲ့ ရက်ရာဇာ ရွေးနည်းဟာ ဘုရားအလိုတော်နဲ့ကြည့်ရင် ဒီအတိုင်းပဲကွ။ ငါ ငါးရာ့ငါးဆယ်နိပါတ်တော်မှာ ဖတ်ဖူးတယ်"

"လုပ်ပါဦး ဆရာ၊ ဗဟုသုတအနေနဲ့ကော၊ လိုက်နာစရာအနေနဲ့ကော မှတ်ရတာပေ့ါ"

ကျွန်တော်က ဆရာ့ထံမှ အသိအမြင်သစ်လေးများ ရလိုသဖြင့် ဆရာ့အား ဝင်တောင်းပန်သည်။ ဆရာက ခေါင်းညိတ်၍ –

"ငါပြောမယ်၊ ငါးရာ့ငါးဆယ် ဇာနိပါတ်ထဲက နက္ခတ္တဇာတ်ဟာ ရက်ကောင်းရွေးနေတာနဲ့ မိန်းမ ရတနာမှ ယုတ်ရတဲ့အကြောင်းဆိုတဲ့ ဇာတ်လေးပဲ"

"တစ်ခါတုန်းက ယောကျာ်းလေးတစ်ယောက်ဟာ မိန်းမပျိုတစ်ယောက်ကို တောင်းရမ်းပြီး မင်္ဂလာဆောင်ဖို့ရက်ကန့်သတ်ပြီးမှ သူ့ဆရာဖြစ်တဲ့အာဇီဝကကို အဲဒီနေ့ နက္ခတ်ကောင်း၊ မကောင်း မေးတယ်။

အာဇီဝက ကလည်း ဒီလူဟာ ငါ့ကို အရင်မမေးဘဲ သူတို့စိတ်ကြိုက်ရွေးပြီးမှ ငါ့ကိုမေးရမလားဆိုပြီး ဒေါသထွက်တာနဲ့ အဲဒီနေ့ မင်္ဂလာဆောင်ရင် နက္ခတ်မကောင်းဘူး။ အဲဒီနေ့ မင်္ဂလာဆောင်ရင် ကြီးစွာသောပျက်စီးခြင်းသို့ ရောက်မယ်ဆိုပြီး ပြောလိုက်တယ်။

အဲဒီယောကျ်ားလည်း အာဇီဝက စကားကို ယုံတာနဲ့ နေ့လွှဲသွားမယ်ဆိုပြီး ချိန်းတဲ့နေ့မသွားဘဲ နေလိုက်တယ်။ ဟိုဘက်ကတော့ စောင့်တာပေ့ါကွာ။ နောက်ဆုံးကျတော့ မိန်းကလေးရှင်တွေက ဒီလိုကတိပျက်တဲ့လူနဲ့ ဘယ်ပေးစားနိုင်မှာလဲဆိုပြီး တခြားယောကျ်ားပျိုတစ်ယောက်နဲ့ ပေးစားလိုက်တယ်။

နောက်ရက်ကျတော့ စောစောက နေ့လွှဲတဲ့ ယောကျ်ားလည်း သူ့လူအုပ်နဲ့သူလာတာပေ့ါ။ ဒီရောက်တော့ ဘာပြောလဲဆိုတော့ မင်းတို့ အရှက်အကြောက်မရှိကြဘူးပေ့ါ။ ချိန်းပြီးမှ ကတိမတည်ဘဲ။ တို့သမီးကို တခြားလူနဲ့ ပေးစားလိုက်ပြီ၊ ပြန်ပေတော့လို့ ပြောလိုက်တာပေ့ါ။

ဒီတော့မှ ဒီလူက သူ့ဆရာက နေ့မကောင်းဘူးဆိုလို့ ရက်ရွှေ့ပြီး လာခဲ့တာဆိုပြီး အငြင်းအခုံဖြစ်ကြတာပေ့ါ။

ဒီတော့ အနားက ပညာရှိတစ်ဦးက နက္ခတ်ဆိုတာ အဘယ်အကျိုးရှိသနည်း။ သတို့သမီးကို ရခြင်းသာလျှင် နက္ခတ်ကောင်းမဟုတ်လော။ ထိုသူမိုက်သည် နေ့ကောင်းရက်သာ ရွေးနေသည်နှင့် အမျိုးသမီးမှ ယုတ်လေပြီတကားလို့ ဆိုတယ်တဲ့"

ကျွန်တော်တို့အားလုံး ရယ်လိုက်ကြသည်။ ဆရာက လက်ကာ၍–

"မရယ်နဲ့ ကိုယ့်လူ၊ အဲဒါမြတ်စွာဘုရားကိုယ်တိုင် ဇေတဝန်ကျောင်းမှာ ဟောခဲ့တဲ့ဇာတ်။ နက္ခတ္တဇာတ်လို့ ခေါ်တယ်။ အဲဒီဇာတ်တော်ထဲက ပညာရှိတစ်ဦးဆိုတာလည်း ဇာတ်ပေါင်းတော့ ဘုရားဖြစ်တဲ့သူပဲ"

ဆရာ့စကားအဆုံး အနားမှာထိုင်နေသော ပေါ်ဦးက ဝင်၍–

"ဟေ့ကောင် . . . ဘယ်လိုလဲ၊ မင်းကော ရက်ရွေးနေသလား" ကျွန်တော်က ပေါ်ဦးဘက်သို့ မျက်စောင်းထိုး၍ တစ်စုံတစ်ခုကိုပြောမည်အပြု ဦးချစ်ဆိုင်အဝတွင် ခင်လေးနှင့် မဖြူ ရောက်နေသည်ကို ဖျတ်ခနဲတွေ့လိုက်သည်။

ကျွန်တော် စကားမစနိုင်တော့ဘဲ ဆတ်ခနဲ ထရပ်လိုက်၏။ ပေါ်ဦးက လက်ကုတ်လိုက်ပြီး –

"ဟေ့ကောင် . . . ဟိုမှာ ခင်လေးတို့ အရေးကြီးတယ်နဲ့တူတယ်"ဟုဆိုကာ ဆရာတို့ဘက် လှည့်လိုက်ပြီး–

"ဆရာ၊ ကျွန်တော်လည်း အချိန်ရွေးနေလို့ မဖြစ်တော့ဘူး။ ဟိုမှာလာခေါ်နေပြီ၊ ခွင့်ပြုပါဆရာ"

"အေး. . .အေး. . .အချိန်တို့၊ ရက်တို့ ရွေးမနေနဲ့ ကိုကိုရယ်ပေ့ါကွာ"

ကျွန်တော်တို့ ထွက်လာခဲ့ကြစဉ် နောက်ဘက်မှ ရယ်သံများလှိုင်ကျန်နေခဲ့၏။

* * * * *

"ဘယ်လို ခင်လေး၊ ပြန်ပြောစမ်းပါဦး"

ခင်လေးဆီမှ မမျှော်လင့်ဘဲ ကြားလိုက်ရသော စကားသံကြောင့် ကျွန်တော့်ရင်ထဲ ထိတ်ခနဲဖြစ်သွားသည်။ ခင်လေးကိုလည်း ပြန်ပြောခိုင်းရ၏။

"သြော် ... ကိုကိုကလည်း၊ ခင်လေးတို့ သိပ်ကြာကြာဆိုင်းလို့မဖြစ်တော့ဘူး။ ကိုကိုလတ် မိဘတွေလည်း ရောက်နေကြတယ်။ ဖိတ်စာတွေ ဘာတွေ ရိုက်ဖို့၊ သတင်းစာထဲတွေ ဘာတွေထည့်ဖို့ လုပ်နေကြပြီလို့ပြောတာ"

သူ့စကားအဆုံး ပေါ်ဦးနှင့် မဖြူက ကျွန်တော့်ကို အကဲခတ်သလို လှမ်းကြည့်သည်။ ကျွန်တော်က တစ်ယောက်စီလှမ်းကြည့်ရင်း–

"ဟာ . . . ဒါဆိုမဖြစ်တော့ဘူး။ ကိုယ်တို့ မြန်မြန်လစ်မှဖြစ်တော့မယ် ခင်လေး။ တော်ကြာ လူသိရှင်ကြားဖြစ်ပြီးမှဆို အန္တရာယ်လည်း များတယ်။ လူကြီးတွေလည်း အရှမ်းမျက်နှာပျက်ကုန်မယ်။ ဘယ်နေ့လောက် သူတို့စမယ်တဲ့လဲ"

ခင်လေးက မျက်နက်လေး အပေါ်ကပ်၍ –

"ရှေ့အပတ်ထဲမှာ ဖိတ်စာဝေမယ်ထင်တယ်။ အင်္ဂါနေ့ ဖိတ်စာရမယ်ပြောတယ်"

ရင်ထဲ လှိုက်ခနဲမောသွား၏။ ပေါ်ဦးနှင့် မဖြူကမူ တစ်ခွန်းမှဝင်မပြောဘဲ ရပ်သာကြည့်နေတော့သည်။ ကျွန်တော်က –

"ဒါဆိုရင်တော့ တနင်္လာနေ့လောက် ကိုယ်တို့ လစ်တော့မယ်။ ခုကတည်းက စီစဉ်စရာရှိတာတွေ စီစဉ်လိုက်တော့မယ် ခင်လေး။ ခင်လေးလည်း အဆင်သင့်လုပ်လိုက်တော့၊ သိပ်စဉ်းစားမနေနဲ့တော့"

ခင်လေးမျက်နှာတွင် စိုးရိမ်ပူပန်ရိပ်လေး ပေါ်လာသည်။ လေသံတုန်တုန်ယင်ယင်ဖြင့် ပြောပြန်သည်။

"ဖြစ်ပါ့မလား ကိုကိုရယ်"

"ဖြစ်တယ် ခင်လေး၊ ဘာလို့မဖြစ်ရမှာလဲ။ ကိုယ် အားလုံးဖြစ်အောင်လုပ်မယ်"

ထိုအခါမှ မဖြူဆီမှ စကားသံကြားရသည်။

"ဟုတ်သားပဲ ခင်လေး၊ ခုချိန်မှာတော့ ဘာမှ မစဉ်းစားနဲ့တော့။ တို့လည်းရှိတာပဲ၊ အားလုံးဝိုင်းပြီး ဖြစ်အောင်လုပ်ရင် ဖြစ်ပါတယ်"

ပေါ်ဦးကလည်း ဝင်ပြောသည်။

"ဟုတ်တယ် ခင်လေး၊ အစ်ကိုတို့လည်း ဝိုင်းကူညီမယ်။ ဘာမှပူမနေနဲ့၊ ဒီလောက်ချစ်တဲ့ ချစ်သူနှစ်ယောက်က ဒီအတိုင်းတော့ အကွဲမခံနိုင်ဘူး။ ရအောင်ခိုး၊ ဖြစ်အောင်စီစဉ်မယ်"

ခင်လေး အကြည့်သည် မဖြူဆီ ရောက်သွား၏။ ထိုမှ ပေါ်ဦးဆီ၊ ထို့နောက် ကျွန်တော့်ဆီ။

"ဒါဖြင့် ကိုကို ဘယ်နေ့ခိုးမလဲ"

ကျွန်တော့်စိတ်ထဲတွင် ယတိပြတ်ဆုံးဖြတ်လိုက်ပြီး –

"တနင်္လာနေ့ခိုးမယ် ခင်လေး။ မနက်ဖြန် ကိုယ် ရွာခဏပြန်မယ်။ အမေ့ကို အသိပေးရုံပေးမယ်။ တနင်္ဂနွေနေ့ ပြန်လာမယ်။ ဆရာ ဦးမြင့်မောင်ဆီ ဝင်ပြောပြီး တနင်္လာနေ့အတွက် အားလုံးစီစဉ်လိုက်မယ်။ ခင်လေး ဘာမှမစိုးရိမ်နဲ့"

ခင်လေးက လှုပ်ရှားနေသောစိတ်ကို တည်ငြိမ်သွားစေရန်ထင်သည်။ ကျွန်တော့်လက်ကို လှမ်းဆုပ်ထားလိုက်ရင်း–

"ခင်လေး ဘာလုပ်ထားရမလဲ"

ကျွန်တော် ခဏစဉ်းစားလိုက်သည်။

"ဒီလိုလုပ်၊ မနက်ဖြန် မနက်မှာ ခင်လေးနဲ့ကိုယ် တွေ့မယ်။ ကိုယ် အစီအစဉ်အသေးစိတ် ထပ်ပြောမယ်။ အကြမ်းဖျင်းကတော့ တနင်္လာနေ့မတိုင်ခင်မှာ ခင်လေး သယ်စရာပြုစရာတွေ အနည်းအကျဉ်းကို မဖြူဆီပို့ထား။ တနင်္လာနေ့ကျတော့ ခါတိုင်းကျောင်းလာသလိုပဲလာ၊ ကျောင်းကနေလစ်မယ်"

"အဲဒါ ကောင်းတယ် ခင်လေး။ မနက်ဖြန်မှာ အဝတ်အစားတချို့ကို တိတ်တိတ်ယူလာခဲ့။ မဖြူ အိမ်မှာသယ်ထားပေးမယ်"

ကျွန်တော်က ဖျတ်ခနဲ ဝင်၍ –

"အဆောင်မှာထားလည်း ရသားပဲ"

မဖြူက ကျွန်တော့်အကြံကို သဘောတူကြောင်း ခေါင်းညိတ်ပြ၍–

"ဟုတ်သားပဲ၊ ကိုထွန်းဝေ ရွာပြန်ပေမယ့် မောင်ရှိတာပဲ။ မောင် သိမ်းထားပေး"

ပေါ်ဦးက ရယ်၍ –

"ကောင်းသဗျာ၊ မောင်ကိုယ်တိုင် နှမလင်နောက်လိုက်ဖို့ ထဘီထုပ်ထမ်းပေးပါ့မယ်"

ရယ်တော့ ရယ်ကြသည်၊ လွတ်လပ်စွာတော့ မဟုတ်။ ရယ်သံလေးများမှာ တစ်ခုခုငြိနေသည်။

"ကဲ . . . ဒါဖြင့် ဒီအတိုင်းပဲ အိုကေနော်"

"အင်း"

ခင်လေးက ခေါင်းညိတ်သည်။

"ကဲ . . . ဒါဖြင့်သွားမယ် ခင်လေး။ တော်ကြာ ကားရောက်ရင် ခင်လေးကိုမတွေ့လို့ ကျောင်းထဲလိုက်ရှာတာနဲ့တိုးနေရင် ဒုက္ခများမယ်။ ကဲ . . . သွား ကိုထွန်းဝေ၊ မောင်ကော"

ကျွန်တော်တို့နှစ်ယောက် ပြိုင်တူခေါင်းညိတ်သည်။

ကျွန်တော့်ရင်ထဲမှာ တလှုပ်လှုပ်ခုန်နေ၏။

"ကိုကို . . . ခင်လေး သွားမယ်နော်"

ကျွန်တော် ခေါင်းညိတ်ပြလိုက်သည်။

ခင်လေးတို့ ထွက်သွားသောအခါ ကျွန်တော်တို့ နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြ၏။ ပေါ်ဦးက ပြုံးလိုက်ပြီး–

"ကဲ . . . မခင်လေးကို ခိုးမယ်လို့တော့ ကြံလိုက်ပြီ။ လာ ငါတို့နှစ်ယောက်လည်း အဆောင်မှာရှိနေတဲ့ လူဆိုးတွေနဲ့ သွားတိုင်ပင်စို့"

ကျွန်တော် ပြုံး၍ ခေါင်းညိတ်ပြရပြန်သည်။

သြော် . . . ရင်ခုန်ရလွန်းသည့် အပျော်လေးများပင်။

* * * * *

"မမလေးကို သည်မောင်ခိုးမယ်လို့
လူဆိုးတွေနဲ့ မောင်တိုင်ပင်၊
မြင်းကိုယ်စီပြင်၊
လထွက်စကလေးရယ်တဲ့၊ မြင်းပေါ်တင်"

စန်းလွင်က ထုံးစံအတိုင်း ထောင့်တစ်ထောင့်တွင် အသာခွေထိုင်ရင်း သီချင်းအော်ဆိုနေ၏။

(ဆက်လက်ဖော်ပြပါမည်)

❝ကျွန်တော့်ရင်ထဲမှာ တလှုပ်လှုပ်ခုန်နေ၏။
"ကိုကို . . . ခင်လေး သွားမယ်နော်" ကျွန်တော် ခေါင်းညိတ်ပြလိုက်သည်။
ခင်လေးတို့ ထွက်သွားသောအခါ ကျွန်တော်တို့နှစ်ယောက်
တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြ၏။ ပေါ်ဦးက ပြုံးလိုက်ပြီး-
"ကဲ . . . မခင်လေးကို ခိုးမယ်လို့တော့ ကြံလိုက်ပြီ။
လာ ငါတို့နှစ်ယောက်လည်း အဆောင်မှာရှိနေတဲ့
လူဆိုးတွေနဲ့ သွားတိုင်ပင်စို့"
ကျွန်တော်ပြုံး၍ ခေါင်းညိတ်ပြရပြန်သည်။
သြော် . . . ရင်ခုန်ရလွန်းသည့် အပျော်လေးများ❞

စာရေးဆရာ နွမ်ဂျာသိုင်း၏ "တစ်ခါတုန်းက တက္ကသိုလ်မှာ" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်း ဖြစ်ပါသည်။
စာတည်း

# အခြေခံစားသောက်ကုန်ဖြစ်သည့် ကြက်ဥများကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိ



ဈေးများတွင် အများပြည်သူ သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူရရှိနိုင်ရေး အခြေခံစားကုန်ကြက်ဥများကို ရောင်းချပေးခဲ့ကြောင်းနှင့် နောက်ရက်များတွင်လည်း ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ရန်ကုန် နိုဝင်ဘာ ၂၄**

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် အခြေခံစားသောက်ကုန်ဖြစ်သည့် ကြက်ဥများကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးနေမှုများကို လိုက်လံကြည့်ရှုအားပေးကြသည်။

**ညှိနှိုင်းဆောင်ရွက်**

တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် အင်းစိန်မြို့နယ် အောင်ဆန်းဈေးရှေ့တွင်လည်းကောင်း၊ ရွှေပြည်သာမြို့နယ် နဝရတ်ဈေးရှေ့တွင်လည်းကောင်း ကြက်ဥတစ်လုံးလျှင် ငွေကျပ် ၃၈၀ နှုန်းဖြင့် ကိုယ်တိုင်ထုတ်လုပ်သူများက ရောင်းချနေမှုကို ကြည့်ရှုအားပေးပြီး အများပြည်သူသက်သာသောဈေးနှုန်းများဖြင့် ဝယ်ယူရရှိနိုင်ရေး သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မင်္ဂလာဒုံ၊ ရွှေပြည်သာ၊ အင်းစိန်၊ လှိုင်သာယာ(အရှေ့ပိုင်း)နှင့် လှိုင်သာယာ (အနောက်ပိုင်း)၊ မရမ်းကုန်း၊ လှိုင်၊ မြောက်ဥက္ကလာပ ၊ သဃ်န်းကျွန်း ၊ တောင်ဥက္ကလာပ၊ ရန်ကင်း၊ တာမွေ၊ ဒဂုံမြို့သစ်(တောင်ပိုင်း)နှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) ဒဂုံဆိပ်ကမ်း၊ ဗိုလ်တထောင်၊ ဒေါပုံ ၊ မင်္ဂလာတောင်ညွန့်၊ ပုဇွန်တောင်၊ သာကေတ၊ ဆိပ်ကြီးခနောင်တို၊ ဒလ၊ ဒဂုံ၊ အလုံနှင့် ကမာရွတ် စသည့်မြို့နယ်များရှိ ဈေးများတွင် အများပြည်သူ သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူရရှိနိုင်ရေး အခြေခံစားကုန်ကြက်ဥများကို ရောင်းချပေးခဲ့ကြောင်းနှင့် နောက်ရက်များတွင်လည်း ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**

# ဇလွန်မြို့နယ်၌ ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲတွင် ဆုရစာရေးဆရာအား ဂုဏ်ပြုပွဲကျင်းပ




**ဇလွန် နိုဝင်ဘာ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်တွင် မြန်မာနိုင်ငံစာရေးဆရာအသင်း တတိယအကြိမ်စာပေညီလာခံ အတွေ့အကြုံရှင်းလင်းပွဲနှင့် ဧရာဝတီတိုင်းဒေသကြီးအဆင့် (၂၅) ကြိမ်မြောက် ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲတွင် ဆုရရှိသည့် စာရေးဆရာအား ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့နံနက် ၁၁ နာရီတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းလင်းက အမှာစကားပြောကြားပြီး ဧရာဝတီတိုင်းဒေသကြီးအဆင့် (၂၅) ကြိမ်မြောက် ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲ အရေးပြိုင်ပွဲတွင် ဆုရရှိသော စာရေးဆရာ ဦးရွှေသောင်းအား ဆုချီးမြှင့်သည်။ ဆက်လက်၍ စာရေးဆရာအသင်း ညီလာခံကိုယ်စားလှယ် ဦးတင်မောင်ဝင်း (ဒူးယား)က ညီလာခံအတွေ့အကြုံကို ရှင်းလင်းပြောကြားပြီး စာပေဗိမာန် စာမူဆုများနှင့် စာပေဆုများရှင် ဆရာ ဇော်လွင်ဦး (ဟသ်ာတ)က ဂုဏ်ပြုမုဒိတာစကားပြောကြား၍ (၂၅) ကြိမ်မြောက် ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲ အရေးပြိုင်ပွဲတွင် ဆုရရှိသောစာရေးဆရာ ဦးရွှေသောင်းက ၎င်း၏အတွေ့အကြုံကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်(မောင်ပြေငြိမ်း-ဇလွန်)က စာပေဗိမာန်စာမူဆုများနှင့် စာပေဆုများရှင် ဆရာဇော်လွင်ဦး (ဟသ်ာတ)နှင့် ဂီတသံသာ ဆရာစိန်လှကြိုင်တို့အား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

**ဝေယံ(ပြန်/ဆက်)**




# အလုံမြို့နယ်၌ ကြက်ဥများ ဈေးနှုန်းသက်သာစွာဖြင့်ရောင်းချ



**ရန်ကုန် နိုဝင်ဘာ ၂၄**

ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်၌ စားသုံးသူပြည်သူများအား "အားခွန်"ကြက်ဥရောင်းဝယ်ရေးလုပ်ငန်းက ယနေ့နံနက်ပိုင်းတွင် အလုံဈေး၌ ကြက်ဥများ ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးခဲ့သည်။

ထိုသို့ရောင်းချရာတွင် UMFCCI ၏အစီအစဉ်ဖြင့် "အားခွန်" ကြက်ဥရောင်းဝယ်ရေးလုပ်ငန်းက စားသုံးသူပြည်သူများအား ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးခဲ့ရာ ကြက်ဥတစ်လုံးလျှင် ငွေကျပ် ၃၈၀ နှုန်းဖြင့် တစ်ဦးလျှင် ၁၀ လုံးနှုန်းဖြင့် ကြက်ဥအလုံးရေ ၁၀၅၀၀ ရောင်းချပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ပွင့်ဖြူမြို့နယ်၌ အသိပညာပေးဆွေးနွေးပွဲ ကျင်းပ

**ပွင့်ဖြူ နိုဝင်ဘာ ၂၄**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဦးစီး၍ (၁၀၄) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အကြောင်းသိကောင်းစရာ အသိပညာပေးဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ပွင့်ဖြူမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇင်မာအောင်က ဆွေးနွေးပွဲ ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ဒုတိယဦးစီးမှူး ဒေါ်ဥမ္မာထိန်လင်းက စာဖတ်ရှိန်မြှင့်တင်ရေး နယ်လှည့်အသိပညာပေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

**အသိပညာပေးဆွေးနွေး**

ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဒေါ်ဇင်မာအောင်က အမျိုးသားအောင်ပွဲနေ့ ဖြစ်ပေါ်လာပုံ သမိုင်းကြောင်းကို အသိပညာပေး ဆွေးနွေးပြောကြားသည်။

ပွင့်ဖြူမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက အသိပညာပေး ဆွေးနွေးပွဲများ အပါအဝင် စာဖတ်ဝိုင်းဆွေးနွေးပွဲများ၊ နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲများကို အရှိန်အဟုန်မပျက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**



# ၂၀၀၆ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ် ငါးပွဲအထိ ရှုံးပွဲကြုံခဲ့ရပြီဖြစ်တဲ့ မန်စီးတီး

ပရီမီယာလိဂ်ပွဲစဉ်(၁၂)ရဲ့ အကောင်းဆုံးပွဲစဉ်တစ်ပွဲဖြစ်တဲ့ မန်စီးတီးအသင်းနဲ့ စပါးအသင်းတို့ပွဲစဉ်မှာ စပါးအသင်းက မန်စီးတီးအသင်းကို လေးဂိုးပြတ် အနိုင်ရရှိခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ မန်စီးတီးအသင်းဟာ အိမ်ကွင်း အီတီဟက်ဒ်မှာ ယှဉ်ပြိုင်ကစားခဲ့ရပေမယ့် ဧည့်သည်အဖြစ် လာရောက်ကစားခဲ့တဲ့ စပါးအသင်းက လေးဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။ မန်စီးတီးအသင်းဟာ စပါးအသင်းကို လေးဂိုးပြတ်နဲ့ ရှုံးနိမ့်ခဲ့ပြီးနောက် အသင်းရဲ့ သမိုင်းတစ်လျှောက် ၂၀၀၆ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ငါးပွဲအထိ ရှုံးပွဲကြုံတွေ့ခဲ့ရပြီလည်း ဖြစ်ပါတယ်။




မန်စီးတီးအသင်းအနေနဲ့ စပါးအသင်းကို လေးဂိုးပြတ်ရှုံးနိမ့်ခဲ့ခြင်းဟာ ၂၀၀၃ ခုနှစ်အတွင်းက စပါးအသင်းရဲ့ မြောက်လန်ဒါဘီပြိုင်ဘက် အာဆင်နယ်အသင်းကို ငါးဂိုး-တစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့ပြီးနောက်ပိုင်း ပထမဆုံးနဲ့ အဆိုးရွားဆုံး အိမ်ကွင်းရှုံးနိမ့်မှုလည်း ဖြစ်ပါတယ်။

ဒ့ါပြင် မန်စီးတီးအသင်းဟာ နည်းပြဂွါဒီယိုလာ လက်ထက် ပရီမီယာလိဂ်ပြိုင်ပွဲမှာ သုံးပွဲဆက် ရှုံးပွဲကြုံတွေ့ခဲ့ရတာလည်းဖြစ်ပါတယ်။ နည်းပြဂွါဒီယိုလာဟာ နည်းပြဘဝတစ်လျှောက်လုံး အိမ်ကွင်းပြိုင်ပွဲတွေမှာ သွင်းဂိုးလေးဂိုးပြတ် ရှုံးနိမ့်ခဲ့တဲ့ အစဉ်အလာမရှိခဲ့ပေမယ့် လက်ရှိစပါးအသင်းကို ရှုံးနိမ့်ခဲ့ခြင်းဟာ နည်းပြဂွါဒီယိုလာအတွက် နည်းပြဘဝ အိမ်ကွင်း အဆိုးရွားဆုံး ရှုံးနိမ့်မှုလည်း ဖြစ်လာခဲ့ပါတယ်။

မန်စီးတီးအသင်းဟာ စပါးအသင်းကို လေးဂိုးပြတ်နဲ့ ရှုံးနိမ့်ခဲ့ပေမယ့် ပရီမီယာလိဂ် အမှတ်ပေးဇယား အဆင့်(၂)နေရာမှာ ဆက်လက်ရပ်တည်ခွင့်ရရှိခဲ့ပြီး စပါးအသင်းကတော့ မန်စီးတီးအသင်းကို အနိုင်ရရှိခဲ့တာကြောင့် မန်စီးတီးအသင်းနဲ့ လေးမှတ်အကွာ အမှတ်ပေးဇယား အဆင့်(၆) နေရာမှာ ရပ်တည်ခွင့်ရရှိခဲ့တာလည်း ဖြစ်ပါတယ်။

နည်းပြဂွါဒီယိုလာဟာ ယခုလအစောပိုင်းက ချန်ပီယံလိဂ်ပြိုင်ပွဲမှာ စပို့တင်းအသင်းကို ရှုံးနိမ့်ခဲ့ပြီးနောက်ပိုင်း နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့တဲ့ ပွဲစဉ်သုံးပွဲမှာ နှစ်ပွဲက သုံးဂိုးနဲ့အထက် ခွင့်ပြုပေးခဲ့ရပြီး ရှုံးပွဲကြုံခဲ့ရတာလည်း ဖြစ်ပါတယ်။



## ဆယ်တာဗီဂိုအသင်းနဲ့ ပွဲစဉ်မှာ သရေတစ်မှတ်သာရရှိခဲ့ပေမယ့် အမှတ်ပေးဇယားထိပ်မှာ ဘာစီလိုနာအသင်း ဆက်လက်ဦးဆောင်နိုင်ခဲ့

ဆယ်လ်တာဗီဂို အသင်းနဲ့ ဘာစီလိုနာအသင်းတို့ နိုဝင်ဘာ ၂၃ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ စပိန်လာလီဂါပွဲစဉ်မှာ တစ်ဖက်နှစ်ဂိုးစီ သရေရလဒ်သာ ထွက်ပေါ်ခဲ့ပေမယ့် အမှတ်ပေးဇယားထိပ်ဆုံးမှာ ဆက်လက်ဦးဆောင်ခွင့်ရရှိခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ အိမ်ရှင်အဖြစ် ဧည့်ခံကစားခဲ့ရတဲ့ ဆယ်လ်တာဗီဂိုအသင်းအတွက် သွင်းဂိုးတွေကို ဒုတိယပိုင်းပွဲကစားချိန် ၈၄ မိနစ်မှာ ဂွန်ဇာလက်ဇ်က တစ်ဂိုး၊ ၈၆ မိနစ်မှာ ဟူဂိုအယ်လ်ဗာရက်ဇ်က တစ်ဂိုး သွင်းယူပေးခဲ့ပြီး ဘာစီလိုနာ အသင်းအတွက် သွင်းဂိုးတွေကိုတော့ ပထမပိုင်း ပွဲကစားချိန် ၁၅ မိနစ်မှာ ရာဖင်ဟာက တစ်ဂိုး၊ ၆၁ မိနစ်မှာ လီဝန်ဒိုစကီးကတစ်ဂိုး အသီးသီး သွင်းယူပေးခဲ့တာဖြစ်ပါတယ်။ ဘာစီလိုနာအသင်းဟာဦးဆောင်ဂိုး နှစ်ဂိုးသွင်းယူပေးခဲ့ပြီး နောက်ပိုင်း မိနစ် ၈၀ အကျော်မှာ နှစ်ဂိုးဆက်တိုက်ခွင့်ပြုပေးလိုက်ရတဲ့အပြင် ဒုတိယပိုင်းပွဲကစားချိန် ၈၂ မိနစ်မှာ ကာဆာဒို နှစ်ဝါတစ်နီနဲ့ ထုတ်ပယ်ခံလိုက်ရတာကြောင့် အနိုင်သုံးမှတ်ရရှိမယ့်အခွင့်အရေးနဲ့ လွဲခဲ့ရတာဖြစ်ပါတယ်။

ဘာစီလိုနာအသင်းဟာ စပိန်လာလီဂါပွဲစဉ် ၁၄ ပွဲ ယှဉ်ပြိုင်ကစားပြီးချိန်မှာ ရမှတ် ၃၄ မှတ်နဲ့ အမှတ်ပေးဇယား ထိပ်ဆုံးမှာ ဆက်လက် ဦးဆောင်ခွင့်ရရှိခဲ့ပြီ ဖြစ်ပါတယ်။




## အာဆင်နယ်အသင်း ပရီမီယာလိဂ်ပွဲစဉ်ငါးပွဲမှာ ပထမဆုံးနိုင်ပွဲပြန်လည်ရရှိခဲ့

အာဆင်နယ်အသင်းဟာ နော့တင်ဟမ်ဖောရက်စ်အသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်မှာ သုံးဂိုးပြတ် အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလိဂ်ပွဲစဉ်ငါးပွဲမှာ ပထမဆုံးနိုင်ပွဲပြန်လည်ရရှိခဲ့ပြီလည်း ဖြစ်ပါတယ်။

အာဆင်နယ်အသင်းနဲ့ နော့တင်ဟမ်ဖောရက်စ်အသင်းတို့ပွဲစဉ်မှာ အိမ်ကွင်းမှာ ယှဉ်ပြိုင်ကစားခဲ့ရတဲ့ အာဆင်နယ်အသင်းအတွက် သွင်းဂိုးတွေကို ပထမပိုင်းပွဲကစားချိန် ၁၅ မိနစ်မှာ ဆာကာ၊ ၅၂ မိနစ်မှာ ပါတေးနဲ့ ၈၆ မိနစ်မှာ အင်န်ဝါနီရီတို့က သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

အခုပွဲစဉ်ဟာ နည်းပြ အာတီတာအတွက် အာဆင်နယ်အသင်းနဲ့အတူ ပြိုင်ပွဲစုံ ပွဲစဉ် ၂၅၀ မြောက် တာဝန်ယူကိုင်တွယ်ခွင့်ရရှိခဲ့တဲ့ပွဲစဉ်ဖြစ်ပြီး နော့တင်ဟမ်ဖောရက်စ်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလိဂ်ပွဲစဉ် ၁၂ ပွဲ ယှဉ်ပြိုင်ကစားပြီးချိန်မှာ ရမှတ် ၂၂ မှတ်နဲ့ အမှတ်ပေးဇယားအဆင့်(၄)နေရာကို တက်လှမ်းခွင့်ရရှိခဲ့ပြီဖြစ်ပါတယ်။

နော့တင်ဟမ်ဖောရက်စ် အသင်းကတော့ အာဆင်နယ်အသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် ပရီမီယာလိဂ် အမှတ်ပေးဇယားအဆင့်(၇)နေရာမှာ ရပ်တည်နေတာလည်း ဖြစ်ပါတယ်။

ငွေကြယ် - ရေးသားသည်

## မန်ယူအသင်းက စပို့တင်းလစ္စဘွန်းတိုက်စစ်မှူး ဗစ်တာဂျိုးကီရက်စ်ကို ခေါ်ယူရန် စီစဉ်လျက်ရှိ

မန်ယူအသင်းနည်းပြ ရူဘင်အမော်ရင်ဟာ စပို့တင်းလစ္စဘွန်းအသင်းတိုက်စစ်မှူး ဗစ်တာဂျိုးကီရက်စ်ကို ပြောင်းရွှေ့ကြေးပေါင် ၆၅ သန်းနဲ့ စာချုပ်ချုပ်ဆိုခေါ်ယူဖို့ စီစဉ်လျက်ရှိတယ်လို့ သိရပါတယ်။

မန်ယူအသင်းနည်းပြ ရူဘင်အမော်ရင်ဟာ အသက် ၂၆ နှစ်အရွယ်ရှိ ဆွီဒင်တိုက်စစ်မှူး ဗစ်တာဂျိုးကီရက်စ်ကို လာမယ့်နွေရာသီ အပြောင်းအရွှေ့ကာလအတွင်းမှာ ပထမဦးစားပေးကစားသမားအဖြစ် ခေါ်ယူဖို့ ပစ်မှတ်ထားနေတာဖြစ်ပြီး မန်စီးတီးအသင်းရဲ့ အားကစားဒါရိုက်တာ ဟူဂိုဗီယာနာကလည်း တိုက်စစ်မှူး ဗစ်တာဂျိုးကီရက်စ်ကို ခေါ်ယူဖို့ စီစဉ်နေတာ ဖြစ်ပါတာ်။



တိုက်စစ်မှူး ဗစ်တာဂျိုးကီရက်စ်ဟာ ယခုလအစောပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ စပို့တင်းလစ္စဘွန်းအသင်းနဲ့ မန်စီးတီးအသင်းတို့ရဲ့ ချန်ပီယံလိဂ်ပွဲစဉ်မှာ စပို့တင်းလစ္စဘွန်းအသင်းအတွက် ဟက်ထရစ် သွင်းယူပေးခဲ့သူလည်း ဖြစ်ပါတယ်။

လက်ရှိအချိန်မှာ မန်ယူအသင်းနည်းပြ အမော်ရင်နဲ့ မန်စီးတီးအသင်း အားကစားဒါရိုက်တာ ဟူဂိုဗီယာနာတို့ဟာ တိုက်စစ်မှူး ဗစ်တာဂျိုးကီရက်စ်နဲ့ ဆက်ဆံရေးပိုင်းမှာ ကောင်းမွန်လျက်ရှိတာကြောင့် လာမယ့်နွေရာသီအပြောင်းအရွှေ့ကာလအတွင်းမှာ ဘယ်အသင်းကို ရောက်ရှိမလဲဆိုတာ စောင့်ကြည့်ရမှာလည်း ဖြစ်ပါတယ်။

## ဘောလုံးလောက သတင်းတိုများ

- အက်စ်တွန်ဗီလာအသင်းဟာ မန်ယူအသင်းမှ နယ်သာလန်တိုက်စစ်မှူး ဇာဇီးကို ဇန်နဝါရီအပြောင်းအရွှေ့ကာလအတွင်းမှာ အငှားစာချုပ်နဲ့ ခေါ်ယူရန် စီစဉ်လျက်ရှိတယ်လို့ သိရပါတယ်။
- မန်စီးတီးအသင်းဟာ ခရစ္စတယ်ပဲလေ့စ်အသင်းမှ အင်္ဂလန်ကွင်းလယ်ကစားသမား အဒမ်ဝါတန်ကို ဇန်နဝါရီဈေးကွက်အတွင်း ခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိတယ်လို့ သိရတယ်။
- စပိန်တောင်ပံကစားသမား ယာမယ်ဟာ အသက် ၁၈ နှစ်ပြည့်မြောက်မည့် လာမယ့် ဇူလိုင်လအတွင်းမှာ ဘာစီလိုနာအသင်းနဲ့အတူ ခြောက်နှစ်သက်တမ်းရှိ စာချုပ်တစ်ရပ် ထပ်တိုးချုပ်ဆိုရန် သဘောတူညီထားတယ်လို့ သိရပါတယ်။
- နယူးကာဆယ်အသင်းနဲ့ ဘိုင်ယန်မြူးနစ်အသင်းတို့ဟာ ဒွေ့ါမွန်အသင်းမှ ဘယ်လ်ဂျီယံတိုက်စစ်မှူး ဒူရန်ဗီးလ်ကို စာချုပ်ချုပ်ဆိုခေါ်ယူဖို့ အနီးကပ်စောင့်ကြည့်လျက်ရှိတယ်လို့ သိရပါတယ်။

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်း ပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)
(၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

( ခ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

( ဂ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

( စ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု(SMS)၀၉-၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကဒ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ၊ လျှော့ပေါ့ခွင့်ရသူများနှင့် ရွှေ့ဆိုင်းခွင့်ရသူများ

## ကင်းလွတ်ခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေ ပုဒ်မ -၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။
( ခ ) အိမ်ထောင်သည်အမျိုးသမီးများ ( အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။
( ဂ ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။
(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်း မသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။
( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က)ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တ ပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။
( ခ ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။
( ဂ ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်) အတတ်ပညာရှင်များ။
(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများ မပါ)။
**မှတ်ချက်။** အကယ်၍ ၎င်း သားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။
( င ) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။
( စ ) နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။
(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော တပ်မတော်စစ်သည် အစားခန့်အရပ်သားဝန်ထမ်းများ။
( ဇ ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေ လိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

## လျှော့ပေါ့ခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါ လျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။
( ခ ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက်တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူ ဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။
( ဂ ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့ နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

## ရွှေ့ဆိုင်းခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၊၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့်စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။
( ခ ) နိုင်ငံ့ဝန်ထမ်းများ။
( ဂ ) ပညာသင်ကြားနေသူများ။
(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။
( င ) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။
( စ ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက် သေဆုံးသွားခြင်း။
( ခ ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆ ဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။
( ဂ ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။
(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။
( င ) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေ လိုအပ်နေသူဖြစ်ခြင်း။

# MNL ပြိုင်ပွဲတွင် ရှမ်းယူနိုက်တက်အသင်း နိုင်ပွဲရယူပြီး လိဂ်ပွဲ ၇၀ ဆက်တိုက်ရှုံးပွဲမရှိ စံချိန်တင်

ရန်ကုန်　　နိုဝင်ဘာ ၂၄

၂၀၂၄-၂၀၂၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၄) နောက်ဆုံးနေ့ကို နိုဝင်ဘာ ၁၄ ရက်က ဆက်လက်ကျင်းပရာ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက် အပါအဝင် ရန်ကုန်ယူနိုက်တက်၊ ဒဂုံစတားယူနိုက်တက်အသင်းတို့ နိုင်ပွဲရရှိသည်။

တောင်ကြီးကွင်း၌ ကျင်းပသည့်ပွဲတွင် ရှမ်းယူနိုက်တက်အသင်းက ရတနာပုံအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ယခုပွဲအနိုင်ရသဖြင့် ထိပ်ဆုံးတွင် ဆက်လက်ဦးဆောင်နေသလို လိဂ်ပွဲ ၇၀ ဆက်တိုက် ရှုံးပွဲမရှိစံချိန် ပိုင်ဆိုင်ခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ယခုနောက်ပိုင်းနှစ်များတွင် အောင်မြင်မှုများစွာ ရယူနိုင်သလို စံချိန်ကောင်းများလည်း တစ်ခုပြီးတစ်ခု ပိုင်ဆိုင်နေသည်။

ရှမ်းယူနိုက်တက်အသင်းသည် နန္ဒကျော်၊ သက်ဟိန်းစိုး၊ ကျော်ဇင်ဖြိုး (ဂိုး)၊ ရဲရင့်အောင်၊ မတ်ခ်ဆာကီ၊ ရင်တာရိုတို့ဖြင့် လူစုံခဲ့သလို ရတနာပုံအသင်းကလည်း ရန်ကျော်စိုး၊ မိုးဆွေ၊ စစ်မုန်း၊ ပြည့်မိုးတို့ဖြင့် အမာခံကစားသမားအစုံအလင် ပါဝင်ခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့သလို ရတနာပုံအသင်းကလည်း အကောင်းဆုံးတုံ့ပြန်ခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ဂိုးသွင်းခွင့်များ ရရှိသော်လည်း အဆုံးသတ် အားနည်းမှုကြောင့် ပထမပိုင်းပြီးခါနီးမှ အဖွင့်ဂိုးရခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းအတွက် အဖွင့်ဂိုးကို ဟိန်းဖြိုးဝင်း၏ ဖြတ်တင်ဘောမှ တစ်ဆင့် ရဲရင့်အောင်က ခေါင်းတိုက်ပြီး သွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် ရှမ်းယူနိုက်တက်အသင်းက ကစားသမားများပြောင်းလဲကာ အနိုင်ရလဒ်ကို ထိန်းကစားနိုင်ရန် ကြိုးပမ်းခဲ့ပြီး အနိုင်သေချာစေမည့် ဒုတိယဂိုးကို ၈၃ မိနစ်တွင် မြတ်ကောင်းခန့်က သွင်းယူခဲ့သည်။

YUSC ကွင်း၌ ကျင်းပသည့်ပွဲတွင် ရန်ကုန်ယူနိုက်တက်အသင်းက သစ္စာအားမာန်အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ရန်ကုန်ယူနိုက်တက် အသင်းသည် ဟံသာဝတီအသင်း၏ သရေပွဲကြောင့် ဒုတိယနေရာ တက်လှမ်းလာနိုင်ခဲ့သည်။ ရန်ကုန်ယူနိုက်တက်အသင်းအတွက် ဂိုးများကို ၄၅+၄ မိနစ်တွင် ဉက္ကာနိုင်၊ ၈၁ မိနစ်တွင် ဝေလင်းအောင်တို့က သွင်းယူပြီး ဒုတိယ ဂိုးမှာမူ ၄၈ မိနစ်တွင် စောထူးပွယ်မူးက ကိုယ့်ဂိုးကိုယ် သွင်းမိခဲ့ခြင်းဖြစ်သည်။ သစ္စာအားမာန်အသင်းအတွက် ဂိုးများကို ခုနစ်မိနစ်တွင် နိုင်ဝင်းထွန်း၊ ၆၁ မိနစ်တွင် စောမျိုးဇော်တို့က သွင်းယူခဲ့သည်။ သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် ဒဂုံစတားယူနိုက်တက်အသင်းက မြဝတီအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ဒဂုံစတား ယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးများကို ၂၁ မိနစ်တွင် ပယ်နယ်တီမှတစ်ဆင့် ဆွမ်လမန်၊ ၄၉ မိနစ်တွင် အောင်ကျော်နိုင်တို့က သွင်းယူခဲ့သည်။



ရှမ်းယူနိုက်တက်အသင်းနှင့် ရတနာပုံအသင်းတို့ ယှဉ်ပြိုင်နေစဉ်။

ပွဲစဉ် (၁၄) အပြီးတွင် ရှမ်းယူနိုက်တက်အသင်းက ရမှတ် ၄၀ ဖြင့် ထိပ်ဆုံးတွင် ဦးဆောင်နေပြီး ရန်ကုန်ယူနိုက်တက်အသင်းက ၃၄ မှတ်၊ ဟံသာဝတီယူနိုက်တက်အသင်းက ၃၃ မှတ်၊ ဒဂုံစတားယူနိုက်တက်အသင်းက ၂၉ မှတ်၊ အား/ကာသိပ္ပံအသင်းက ၂၃ မှတ်၊ မဟာယူနိုက်တက်နှင့် ရတနာပုံအသင်းတို့က ၁၉ မှတ်စီ၊ Dagon Port အသင်းက ၁၂ မှတ်၊ သစ္စာအားမာန်အသင်းနှင့် ဧရာဝတီယူနိုက်တက်အသင်းက ၁၁ မှတ်စီ၊ မြဝတီအသင်းက လေးမှတ်၊ ရခိုင်ယူနိုက်တက်အသင်းက သုံးမှတ် ရရှိထားသည်။

သတင်း-ကိုညီလေး၊ ဓာတ်ပုံ- SUFC

## မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာခြင်း

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေး ခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်/မမှန်စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့် အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့်အထက် အငှားယာဉ်များအား ယာဉ်စစ်ဆေး၍ သက်တမ်းတိုး ဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ ယခုအခါ ယာဉ်များကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာ လမ်းများပေါ်တွင် အန္တရာယ်ကင်းစွာ သွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

စားသုံးဆီကိုတတ်နိုင်သမျှလျှော့စားဖို့ ဘာကြောင့်လိုအပ်တာလဲ?

စားသုံးဆီများတွင် အခြေခံအားဖြင့်

(၁)ကျန်းမာရေးအရသင့်တင့်စွာစားသုံးနိုင်သည့် မပြည့်ဝဆီများ (Saturated Fats)

(၂)တတ်နိုင်သမျှလျှော့၍ စားသုံးသင့်သည့် ပြည့်ဝဆီများ (Unaturated Fats) နှင့်

(၃)လုံးဝမစားသုံးသင့်သောအသွင်ပြောင်းဆီများ (Trans fat) ဟူ၍ (၃)မျိုးရှိပါသည်။

- မပြည့်ဝဆီသင့်တင့်စွာစားသုံးခြင်းဖြင့် ခန္ဓာကိုယ်အတွက်ကောင်းမွန်သောသွေးတွင်းအဆီဓါတ် (HDL) တို့ကို မြင့်တက်စေပြီး မကောင်းသောအဆီဓါတ် (LDL) တို့အား လျှော့ချပေးခြင်းဖြင့် နှလုံးရောဂါနှင့် အမျိုးအစား(၂) ဆီးချိုရောဂါ စသည့် မကူးစက်နိုင်သည့်ရောဂါများဖြစ်ပွားနိုင်ခြေကို လျော့နည်းစေပါသည်။ (ဥပမာ - မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီ၊ ငါးမှရသော အဆီများ)
- ပြည့်ဝဆီစားသုံးခြင်းကြောင့် မကောင်းသောသွေးတွင်းအဆီဓါတ်များ (LDL) လွန်ကဲစွာမြင့်တက်စေ၍ အဝလွန်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ သွေးကြောနံရံတွင် အဆီများကပ်ခဲ၍သွေးကြောများကျဉ်းကာ နှလုံးသွေးကြောပိတ်ရောဂါနှင့် လေဖြတ်ခြင်း တို့ကိုဖြစ်စေနိုင်ပါသည်။ (ဥပမာ- စားအုန်းဆီ၊ ဆီကြော်အစားအစာများ၊ တိရစ္ဆာန်မှရသောအဆီများ)
- အသွင်ပြောင်းဆီသည် အသားများနှင့် နို့ထွက်ပစ္စည်းများတွင် သဘာဝအတိုင်းအနည်းငယ် ပါဝင်သော်လည်း အများစုမှာဟင်းသီးဟင်းရွက်ဆီများ၏ အနံ့အရသာကိုထိန်းရန်၊ ဆီပျက်ဆီးမှုကာကွယ်ရန်နှင့် သက်တမ်းကြာရှည်ခံစေရန် ရည်ရွယ်၍ အခန်းအပူချိန်တွင် ခဲအောင်ဖန်တီးထားသောဆီများတွင် ပါဝင်သည်။ သွေးတွင်းမကောင်းသော အဆီများ (Triglycerides) ပိုမိုမြင့်တက်စေခြင်း၊ ကောင်းမွန်သောသွေးတွင်းအဆီ (HDL) ကိုကျစေခြင်းဖြင့် အဝလွန်ခြင်း၊ ခန္ဓာကိုယ်အတွင်း ရောင်ရမ်းမှုများဖြစ်စေခြင်း၊ အမျိုးအစား(၂)ဆီးချိုရောဂါနှင့် အချို့သောကင်ဆာရောဂါများဖြစ်နိုင်ခြေ မြင့်မားစေခြင်း တို့ကိုဖြစ်စေနိုင်သည်။ (ဥပမာ - အသင့်စားအစားအစာများဖြစ်သည့် အာလူးကြော်၊ ကြက်ကြော်၊ ကိတ်မုန့်၊ ကွတ်ကီးများ တွင် ပါဝင်သည့်ဆီ)

ပြည့်ဝဆီများကိုတတ်နိုင်သမျှလျှော့စား၍ အသွင်ပြောင်းဆီများစားသုံးခြင်းကိုလုံးဝရှောင်ကြဉ်ရမည် ဖြစ်ပါသည်။



မပြည့်ဝဆီ



ပြည့်ဝဆီ



အသွင်ပြောင်းဆီ

ရည်ညွှန်းကိုးကား:

(၁) WHO, Healthy diet factsheets. (accessed as of 10.6.2020)

(၂) MAYO CLINIC. Dietary facts: Know which types to choose. (accessed as of 10.6.2020)

(၂၀၂၄ခုနှစ်၊မေလ)

## အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

### "(၂၃-၁၁-၂၀၂၄) ရက်နေ့ အကြောင်းကြားစာပါ မန္တလေးမြို့နေ ဒေါ်သံယောဇဉ်၏ လွှဲအပ်ချက်အရ ဒေါ်နန္ဒာမြင့်သိန်း (တရားလွှတ်တော်ရှေ့နေ)၏ အကြောင်းကြားစာအပေါ် ပြန်လည်တုံ့ပြန် အသိပေးကြေညာခြင်း"

မန္တလေးမြို့နေ **ဒေါက်တာဦးစိုးနိုင်မြင့်(ခ) Mohammed Farhad** [၉/ခအဇ(နိုင်)၀၁၅၆၂၀]၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

**ကျွန်ုပ်မိတ်ဆွေမှ ဒေါ်သံယောဇဉ်အား (၁၃-၁၁-၂၀၂၄) ရက်နေ့တွင် အစ္စလာမ်ဥပဒေနှင့်အညီ မြွက်ဟကြေညာစာချုပ်ဖြင့် တလာတ်ပေး၍ ကွာရှင်းပြတ်စဲပြီးဖြစ်ပါသည်။ ထိုသို့ကွာရှင်းပြတ်စဲပြီးကြောင်းကို သိလျက်**နှင့် ဒေါ်သံယောဇဉ်၏ လွှဲအပ်ချက်အရ **ဒေါ်နန္ဒာမြင့်သိန်း (တရားလွှတ်တော်ရှေ့နေ)မှ** ကျွန်ုပ်၏မိတ်ဆွေအား **ခူလာကွာရှင်းခြင်းကို ပြုလုပ်လိုကြောင်း (၂၃-၁၁-၂၀၂၄) ရက်နေ့စွဲပါ နို့တစ်အကြောင်း ကြားစာ**ပေးပို့သည့် အပေါ် အောက်ပါအတိုင်းတုံ့ပြန်အကြောင်းပြန် ကြေညာအပ်ပါသည်-

**ခူလာကွာရှင်းနည်းတွင် မယားက လင်အားမိမိထိမ်းမြားမှုအနှောင်အဖွဲ့မှလွှတ်ပေးလျှင် နစ်နာကြေးပေးမည်ဖြစ်ကြောင်း ကမ်းလှမ်းခြင်းသာဖြစ်၍ လူကြီးမင်း ဒေါ်သံယောဇဉ်အား ကျွန်ုပ်မိတ်ဆွေ ဒေါက်တာစိုးနိုင်မြင့်က (၁၃-၁၁-၂၀၂၄) ရက်နေ့ကတည်းက အပြီးအပြတ်ကွာရှင်းပြီး ထိမ်းမြားမှု အနှောင်အဖွဲ့မှ လွှတ်ပေးပြီးဖြစ်ပါသဖြင့် ခူလာကွာရှင်းခွင့်တောင်းရန်ပင် မလိုအပ်ပါကြောင်းနှင့်** လူကြီးမင်းဘက်မှ **ကျွန်ုပ်မိတ်ဆွေအား ဂုဏ်သိက္ခာကျဆင်းစေရန် ထပ်မံ၍** မဟုတ်မမှန်စွပ်စွဲပြောဆိုရေးသားခြင်းများကို မပြုလုပ်ရန် **ပြင်းပြင်းထန်ထန် သတိပေးတားမြစ်အပ်ပါသည်။** လိုက်နာမှုမရှိက ရာဇဝတ်ကြောင်းအရလည်းကောင်း၊ တရားမကြောင်းအရလည်းကောင်း အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း **ဒေါ်သံယောဇဉ်နှင့်တကွ အများသိစေရန် တုံ့ပြန်သတိပေးကြေညာအပ်ပါသည်။**

| | |
|---|---|
| **လွှဲအပ်ချက်ပေးသူ** | **လွှဲအပ်ချက်အရ** |
| **ဒေါက်တာစိုးနိုင်မြင့်** | **ဒေါ်နှင်းချယ်ရီ(LL.B)** |

**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၂၃၁)**
**အမှတ်(၄၁)၊ ၈၈-လမ်း၊ ကန်/နောက်ရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**Ph:09-984732492,09-953119749,09-790404763**

### ရန်ကုန်မြို့၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်(၄၁)ရပ်ကွက်၊ ပဒေသရာဇာလမ်း၊အမှတ်(၁၆၆/က)တွင်တည်ဆောက်နေသည့် (၁)ခန်းတည်း(၆-ထပ်)ကန်ထရိုက်တိုက်၏ (မြေညီထပ်)(၁၇×၅၄)ပေတိုက်ခန်းအရောင်းအဝယ်အား ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

အထက်ပါတိုက်ခန်းကို မြေရှင်နှင့်ကန်ထရိုက်တာ သဘောတူစာချုပ်အရ (ကန်ထရိုက်တာ)ဦးလှမြင့်(၁၄/အမန(နိုင်)၁၇၀၀၉၅)က တရားဝင်ပိုင်ရှင်အဖြစ် အရှုပ်အရှင်းကင်းစွာ လက်ဝယ်ထားရှိပိုင်ဆိုင်ပါကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ-ဒေါ်ခိုင်ဇာတင်(၁၂/သကတ(နိုင်)၁၉၄၃၄၆)က အပြီးအပိုင်ဝယ်ယူရန်(စရန်ငွေ)များပေးချေထားခဲ့ပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများ ရှိပါက ဤကြေညာပါသည့်နေ့မှစ၍(၁၄)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာပါသည်။ (လွှဲအပ်ညွှန်ကြားချက်အရ)

| | |
|---|---|
| **ဦးသန့်ဇင် (LL-B)** | **ဒေါ်ဟန်နွေနိုင်(LL-B)** |
| အထက်တန်းရှေ့နေ(စဉ်-၂၅၀၆၈) | အထက်တန်းရှေ့နေ(စဉ်-၂၇၅၄၄) |
| Ph-09 253995848 , 09-798420119 | Ph-09-4200 73685 |

အမှတ်(၅၀)၊ ပ-ထပ်၊ အခန်း(D-2)၊ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

### အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၂-ရပ်ကွက်၊ မာဃလမ်း၊ အမှတ်-၇၃၆/ခ ဟုခေါ်တွင်သည့် (၆)ထပ်တိုက် အဆောက်အဦရှိ စတုတ္ထ- ထပ် (၅-လွှာ)၊ အခန်းအမှတ်- ၅၊ အကျယ်အဝန်း (၁၈ ပေx ၅၄ ပေ) ခန့်ရှိသော တိုက်ခန်းနှင့်ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဒေါ်သီတာလွင်ဦး[၁၂/ဥကတ(နိုင်)၁၅၃၀၃၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ် ပြုလုပ်သည့် တန်ဖိုးငွေ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး တို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၁၀) ရက်အတွင်းလာရောက် ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးသန့်ဇော်ဝင်းဦး (LL.B.,LL.M.)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၉၅၂၇)**
**တိုက် C2A၊ အခန်း(၁၁၀)၊ (ပ-ထပ်)၊Time Square Condo၊**
**ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉- ၉၆၅၁၇၈၀၁၈၊ ၀၉- ၂၅၀၀၆၀၃၁၃**

### (၁၄-၁၁-၂၀၂၄)ရက်နေ့ထုတ် ကြေးမုံသတင်းစာ၏ ကြော်ငြာစာမျက်နှာ(၂၆)တွင် ဦးမျိုးသန့်ကျော် [၁၂/သဃက(နိုင်)၀၂၇၉၂၅]၏ လွှဲအပ်ညွှန်ကြားချက်အရ ဒေါ်နီလာရွှေ(တရားလွှတ်တော်ရှေ့နေ)မှ "ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ကြီးပွားရေး/သွပ်ဝိုင်းကြီး၊ မြေကွက်အမှတ်- ၁၆၄/က၊ ဧရိယာ (အလျား ၁၀ပေ x အနံ ၆၀ပေ)ရှိ ဦးလှိုင်မောင် အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်၏ အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်းအား ပြန်လည်ရှင်းလင်းသတိပေးတားမြစ်ချက်

အထက်ခေါင်းစဉ်တွင် ဖော်ပြထားသည့် မြေကွက်အရောင်းအဝယ်၏ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်းပါ ဖော်ပြချက်မှာ လုံးဝမှန်ကန်မှုမရှိကြောင်း၊ ယင်းမြေကွက်၏ အမည်ပေါက် ဦးလှိုင်မောင် (ကွယ်လွန်)သူ၌ သားသမီးလေးဦး ထွန်းကားခဲ့ရာ (၁)ဒေါ်မြင့်မြင့်စန်း၊ (၂)ဦးညွန့်ရွှေ၊ (၃)ဦးထွန်းကျင်၊ (၄)ဒေါ်သင်းသင်းလှိုင်တို့ဖြစ်ကြပြီး ၎င်းတို့၏ ကြော်ငြာတွင် ယင်းမြေကွက်၏ အမွေဆက်ခံသူ သားသမီးသုံးဦးက အညီအမျှခွဲဝေပိုင်ဆိုင်ခဲ့ပြီးဟု မမှန်မကန်ထိမ်ချန်၍ ကြေညာခဲ့ခြင်းဖြစ်၍ အကြီးဆုံး (သြရသ)သမီးဖြစ်သူ ဒေါ်မြင့်မြင့်စန်း (ကွယ်လွန်)၏ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသည့် သမီးဖြစ်သူ ဒေါ်နီလာရှိန်သည် ယင်းမြေကွက်ပေါ်တွင် ယခုလက်ရှိအချိန်အထိ မိသားစု နှင့်အတူ တရားဝင်နေထိုင်လျက်ရှိသဖြင့် အဆိုပါမြေကွက်၏အရောင်းအဝယ်အတွက် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာချက်နှင့် ပတ်သက်၍ ဒေါ်နီလာရှိန်၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ ယင်းမြေကွက်အား ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း စသည်တို့ လုံးဝမပြုလုပ်ကြရန်နှင့် ဒေါ်နီလာရှိန်အား မတရားနည်းဖြင့် ဥပဒေနှင့်ဆန့်ကျင်၍ တစ်စုံတစ်ရာ ပြုလုပ်ခဲ့ပါက ဆောင်ရွက်သူများနှင့် ပါဝင်ပတ်သက်သူများ အားလုံးကို ရာဇဝတ်ကြောင်းအရလည်းကောင်း၊ တရားမကြောင်းအရလည်းကောင်း အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးတားမြစ်ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ -** |
| **ဒေါ်နီလာရှိန်** | **ဒေါ်ဌေးဌေးမာ** |
| **(တရားဝင်အမွေဆက်ခံခွင့်ရှိသူ)** | **LL.B, DBL,DL-101, WIPO(Switzerland)** |
| **အမှတ်(၁၆၄/က)၊ မေတ္တာ** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၉၉၉၆)** |
| **(၃)လမ်း၊ သွပ်ဝိုင်းကြီးရပ်ကွက်၊** | **အမှတ်(၂၂၇/ဘီ)၊ပထမထပ်၊ ကန်တော်** |
| **သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။** | **လမ်း၊ လေးထောင့်ကန်ရပ်ကွက်၊** |
| | **သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။** |
| | **ဖုန်း- ၀၉-၄၄၈၀၁၆၄၆၃** |

## ဥတုရာသီ တောကိုမှီ၏

## ဘုရား၊ ရဟန်း၊ ကျောင်း၊ တံတား၊ လမ်း ဒါယကာကြီး

## ဦးမိုးဇော်

**MD, Moe Myinmoe Company Limited**

**Golden Bakery International Limited**

**Lin Min Thu Company Limited**

## အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ အမှတ်(၁၂)၊ မေခလမ်း၊ မရမ်းကုန်းမြို့နယ်နေ (ဦးမိုးကျော်-ဒေါ်ခင်ဆွေရီ)တို့၏သား၊ (ဦးနေဝင်း-ဒေါ်ခင်မေသန်း)တို့၏ သားသမက်၊ ဒေါက်တာ ကြေးမုံဝင်း ၏ ချစ်လှစွာသော ခင်ပွန်း၊ ဒေါ်အင်ကြင်းဇော်-Joseph Gelfand၊ ဦးမြင်းမိုရ်ဇော်တို့၏ ချစ်လှစွာသော ဖခင်၊ မိုးသိဒ္ဓိ၊ Nila Gelfand-Zaw တို့၏ အဘိုး၊ (ဒေါ်ကေသွယ်)၊ ဦးမြင့်စိုးနိုင်-(ဒေါ်မေသက်နွယ်)၊ (ဦးဝင်းဦး)-ဒေါ်ခိုင်စုဝင်း၊ ဦးမိုးညွန့်-ဒေါ်ကုမာရီ၊ (ဦးဘုန်းဇော်)-ဒေါ်နီနီကျော်စိန်၊ ဒေါ်သန်းနွယ်အေး၊ ဦးသန့်-ဒေါ်ခင်ဥမ္မာကျော်၊ ဦးဝင်းမိုး-ဒေါ်ခင်စုဝေတို့၏ မောင်/အစ်ကို ဦးမိုးဇော်သည် ၂၄-၁၁-၂၀၂၄(တနင်္ဂနွေနေ့) နံနက် ၃:၃၀ နာရီတွင် UAE နိုင်ငံ Abu Dhabi မြို့၌ ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (သင်္ဂြိုဟ်မည့်အစီအစဉ်ကို ထပ်မံအသိပေးအကြောင်းပါမည်။)

ကျန်ရစ်သူမိသားစု

### အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးစိုးမြင့်**

**ဒုတိယဗိုလ်မှူးကြီး(ငြိမ်း)၊ အမြောက်တပ်**

**ဗသက(၁၂)၊ ကြည်း-၆၉၂၇**

**အသက်(၉၂)နှစ်**

ဦးကျော်နိုင်မြင့်-ဒေါ်ဝင်းဝင်းသန်းမော်တို့၏ ဖခင် ဦးစိုးမြင့် အသက်(၉၂)နှစ်သည် ၂၃-၁၁-၂၀၂၄ (စနေနေ့) တွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**OTS (71) စည်သူတပ်ခွဲသူငယ်ချင်းများ**

### ဒေါ်ခင်ဆွေ

**သိမ်ကြီးဈေး(ဃ)ရုံ**

**အသက်(၉၁)နှစ်**

(ဦးထွန်းစိန်-ဒေါ်သန်းရင်)၊ အမှတ်(၉)၊ ဘုရားလမ်း ကျောင်းစုဆရာကြီး၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ် (ဟာမစ်တစ်)ကျောင်းအုပ်၏ သမီးလတ်သည် ၂၅-၁၁-၂၀၂၄ (တနင်္လာနေ့)(အမျိုးသားနေ့) (၁)လပြည့်ပြီဖြစ်သည်။ ရှေ့လာမည့် ပြာသိုလဆန်း (၁၁)ရက် ခရစ်နှစ် ၉-၁-၂၀၂၅ (၉၁)နှစ် ပြည့်မှာ သားတို့သမီးတို့ ကုသိုလ်ဒါန ပြုပေးခြင်းကို မေမေ ဝမ်းမြောက်ပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ပါတယ်။

**သားကြီး တင်ဆွေလတ်နှင့်မိသားစုတစ်စု**

မူးယစ်ကို

ပစ်

ပန်းတိုင်

သစ်

စိတ်သစ်

လူသစ်

ဘဝသစ်

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်သစ်သစ်ခိုင်

## အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၆၅၁-အေ)၊ ပြည်လမ်း၊ (၅)မိုင်ခွဲ၊ မြကန်သာ(၁)လမ်းနေ (ဦးစိန်ထွန်း-ဒေါ်ခင်အေး)တို့၏ သမီး၊ ဦးကျော်ရင်(Captain)(Ex:Nsspl)တို့၏ ချစ်လှစွာသော ဇနီး၊ (ကိုသက်ကျော်ခိုင်)၊ မထက်ထက်ကျော်ခိုင်- ဦးဉာဏ်ထက်ဇော်တို့၏ မိခင်ကြီး၊ မြေးမလေး CHARLOTTE နှင့်ဝတီဇော်တို့၏ ချစ်လှစွာသော ဘွားဘွား ဒေါ်သစ်သစ်ခိုင်သည် ၂၃-၁၁-၂၀၂၄(စနေနေ့) ညနေ ၅:၅၄ နာရီတွင် ဝိတိုရိယဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၁၁-၂၀၂၄ (ဗုဒ္ဓဟူးနေ့) ညနေ ၃:၃၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသဖြင့် အားလုံးသောဆွေမျိုး မိတ်သင်္ဂဟ၊ ဓမ္မမိတ်ဆွေများအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ စောရန်ပိုင်မြောက်ရပ်ကွက်၊ ငုဝါလမ်း၊ အမှတ်-၁၉၇၊ ၅လွှာ(အေ)၊ ခေါင်းရင်းခန်းဟုခေါ်တွင်သော တိုက်ခန်းကိုလက်ရှိလက်ဝယ် ပိုင်ဆိုင်ထားပြီး အရောင်းအဝယ်ပြုလုပ်ပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးသိန်းမြင့်ဦး [၁၂/လသန(နိုင်)၀၁၉၇၃၀]ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သော ဒေါ်ယဉ်ယဉ်ချို [၁၂/အလန(နိုင်)၀၀၀၅၈၇] က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ထိုတိုက်ခန်းနှင့်ပတ်သက်ပြီး ကန့်ကွက်ရန်ရှိပါက မည်သူမဆို ကျွန်ုပ်တို့ထံသို့ ဤသတင်းစာ ပါသည့်နေ့မှ (၁၄)ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ (၁၄)ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးသူရိန်မြင့် LL.B** | **ဒေါ်ဆုမွန်ဆွေ LL.B,D.B.L** |
| **(စဉ်-၉၅၂၁/၂၀၁၃ခုနှစ်)** | **(စဉ်-၁၂၈၁၈/၂၀၁၇ခုနှစ်)** |

**တရားလွှတ်တော်ရှေ့နေများ**

**အမှတ်-၃၁၊ ဆင်ရေကန်လမ်း၊ ဆင်မင်းရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၅၀၅၉၈၂၂၊ ၀၉-၇၉၅၇၉၀၇၆၇**

### ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ၂၁/၆/၉-ရပ်ကွက်၊ ချင်းတွင်းလမ်း၊ အမှတ်-(၁၆၄/ခ) ဟုခေါ်တွင်သော အိမ်ခြံမြေ ပေ(၂၁x ၆၀)နှင့် ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ၁၂-ရပ်ကွက်၊ ငုဝါလမ်း၊ အမှတ်- ၁၂၂တွင်နေထိုင်သော ဒေါ်ချောစုမွန် [မှတ်ပုံတင်အမှတ်- ၅/ဝလန(နိုင်) ၁၂၂၁၃၆]ကိုင်ဆောင်သူ ကျွန်ုပ်မိတ်ဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြော်ငြာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ၂၁/၆/၉-ရပ်ကွက်၊ ချင်းတွင်းလမ်း၊ အမှတ်- ၁၆၄(ခ)ဟုခေါ်တွင်သော အိမ်ခြံမြေ ပေ(၂၁x ၆၀)နှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက် ဒေါ်စန္ဒာအေး (SDY- ၀၇၃၀၈၃)ထံမှ အဆင့်ဆင့် ဆက်စပ်စာချုပ်များဖြင့် တရားဝင် ဝယ်ယူပိုင်ဆိုင်၍ ယခုတွင် လက်ရောက်ရရှိပိုင်ဆိုင်ထားသူ ဦးခင်ဇော်[၁၂/အစန(နိုင်)၁၃၆၉၇၃]ထံမှ ကျွန်ုပ်မိတ်ဆွေမှ ဝယ်ယူရန်အတွက် (၂၁-၁၁-၂၀၂၄)ရက်နေ့တွင် အိမ်ခြံမြေ တန်ဖိုးအနက် စရန်ငွေတချို့တစ်ဝက်ကို ပေးချေခဲ့ပြီးနောက် အိမ်ခြံမြေအပြီးအပိုင် အရောင်းအဝယ်စာချုပ်အား (၂၀-၁၂-၂၀၂၄)ရက်နေ့ နောက်ဆုံးထား၍ ပြုလုပ်ချုပ်ဆိုကြမည်ဖြစ်ပါသည်။ ထိုသို့ ဝယ်ယူသူ ကျွန်ုပ်မိတ်ဆွေနှင့် ရောင်းချသူ ဦးခင်ဇော်တို့ အရောင်းအဝယ်ပြုလုပ်ကြသည့် အထက်လိပ်စာပါ အိမ်ခြံမြေနှင့်ပတ်သက်၍ တစ်စုံတစ်ရာ ကန့်ကွက်ရန်ရှိပါက ထိုအိမ်ခြံမြေ၏ ပိုင်ဆိုင်မှုစာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းများမရှိပါက ကျန်ငွေများကို ဆက်လက် ပေးချေ၍ အိမ်ခြံမြေအပြီးသတ်အရောင်းအဝယ်ကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးခင်ဇော်ထွန်း (LL.B.) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၆၉၉)**

**အမှတ်-၆၁၁(က)၊ ရတနာသီရိလမ်း၊ ၈၂/၃၃/ ၁၀-ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။ ဖုန်း-၀၉-၄၂၀၀၂၉၈၇၉**

### ဦးငွေစိုး(ဟသ်ာတ)

**အသက်(၇၃)နှစ်**

ခြံအမှတ် ၅၂(ခ)၊ ပန်းလှိုင်လမ်း(ဟုမ်းလမ်း)၊ ကြည့်မြင်တိုင်မြို့နယ်နေ (ဦးအေးမောင်-ဒေါ်တင်)တို့၏သား၊ ဒေါ်သန်းမြင့်၏ ခင်ပွန်း၊ ဦးကျော်ဇေထက်-ဒေါ်ဝင့်ဝင့်ခိုင်၊ ဦးနေလင်းဖြိုး-ဒေါ်မြင့်မြင့်ရီ၊ မခိုင်စန္ဒာစိုးတို့၏ဖခင် ဦးငွေစိုး(ဟသ်ာတ)သည် ၂၃-၁၁-၂၀၂၄ ရက် ညနေ ၃:၁၅ နာရီတွင် (၉၆) ပါးရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၂၅-၁၁-၂၀၂၄ရက် မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ပြင်ဆင်ဖတ်ရှုပါရန်

(၂၄-၁၁-၂၀၂၄)ရက်စွဲ ကြေးမုံသတင်းစာစာမျက်နှာ (၂၄)တွင် ကမာရွတ်မြို့နယ်(၁)ရပ်ကွက် ရတနာလမ်း၊ တိုက်(၅၅)၊ ဒုတိယထပ် ၃လွှာ(ခြေရင်းခန်း)၏ ကန့်ကွက်ရန်သတ်မှတ်ရက်အား (၁၄)ရက် အစား (၇)ရက်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**ဒေါ်ခင်မာလာ(L.LB)**

**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၅၂၀)**

**ဖုန်း-၀၉-၅၁၈၁၈၂၀**

### အများသိစေရန်ကြော်ငြာချက်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဒါရ်ဂါရပ်ကွက်၊ သဇင်(၃)လမ်း၊ အမှတ်-၃၇ဟု ခေါ်တွင်သော နှစ်ထပ်တိုက်ခံပျဉ်ထောင်အိမ်(၁)လုံးနှင့်တကွ လျှပ်စစ်မီတာ(၁)လုံး အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မဇံပါ(၆) အမည်ပေါက် ခြံမြေအတွင်းမှ အကွက်အမှတ်-C၊ ဧရိယာ(၂.၁၄၈)ဧကကို ပိုင်ဆိုင်သူများဟု အဆိုပြုသူ (၁)ဒေါ်လှမြင့်(CJ-040582)၊ (၂)ဦးတင်ရွှေ (SRM-022497)၊ (၃)ဦးကျော်ဝင်း(SRM-011426) (၄)ဦးတင်လှိုင်(SRM-013463) (၅)ဒေါ်တင်မြင့်(SRM-013464)ကိုင်ဆောင်သူများထံမှ ဦးသန်းထွန်း (ခ)ရဟင် [၁၂/သလန (နိုင်)၀၇၆၇၇၀]ကိုင်ဆောင်သူ အပါအဝင်မွေးချင်းမောင်နှမ(၇)ဦးတို့မှ (၂၀-၅-၂၀၀၀) ရက်စွဲပါခြံမြေအရောင်းအဝယ် ကတိစာချုပ်ဖြင့် မြေကွက်အား ဝယ်ယူပိုင် ဆိုင်ခဲ့သည့် (၂၀-၅-၂၀၀၀)ရက်စွဲပါစာချုပ် မူရင်းမှာပျောက်ဆုံးနေသဖြင့် သက်ဆိုင်ရာရပ်ကွက်ရုံးသို့ ကျွန်ုပ်မိတ်ဆွေများမှ အကြောင်းကြားခဲ့ပြီး သက်ဆိုင်ရာ ရပ်ကွက်ရုံး၏(၁၅-၁၁-၂၀၂၄)ရက်စွဲပါ ထောက်ခံတင်ပြခြင်းစာဖြင့် ကျွန်ုပ်မိတ်ဆွေ(၇)ဦးမှ တရားရုံးတွင်ကတိသစ္စာပြုလွှာ မှတ်ပုံတင်အမှတ်- ၁၁/၁၉၈၅/၂၀၂၄၊ (၂၂-၁၁-၂၀၂၄)ဖြင့် စာချုပ်မူရင်းပျောက်ဆုံးနေသည်မှာ မှန်ကန်ပါကြောင်း ကတိသစ္စာပြုခဲ့ပါသည်။ အဆိုပါစာချုပ်မူရင်းနှင့် သက်ဆိုင်မှုရှိသူ မည်သူမဆိုဤကြော်ငြာပါရှိသည့်ရက်နေ့မှ(၁၄)ရက်အတွင်း ခိုင်လုံသည့်စာမှတ်စာတမ်းမူရင်း ဖြင့် ဥပဒေနှင့်အညီကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် တောင်းဆိုနိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ဥပဒေနှင့်အညီ တောင်းဆိုခြင်းမရှိပါကအဆိုပါစာချုပ်မူရင်း ကိုင်ဆောင်ထားသူမှ ထပ်မံတောင်းဆိုပိုင်ခွင့်မရှိပါကြောင်းနှင့်(၂၆-၁၀-၂၀၂၄)ရက်စွဲပါ ကြေးမုံသတင်းစာ၏ စာမျက်နှာ(၂၉) ကြော်ငြာ၌ တရားလွှတ်တော်ရှေ့နေ ဦးဇော်မြင့်ဦးမှ ကန့်ကွက်နိုင်ကြောင်း ကြေညာချက်တွင်ပါရှိသည့် အကွက်အမှတ်-၉အစား အကွက်အမှတ်-C အဖြစ်လည်းကောင်း၊ (၁)ဒေါ်လှမြင့်(9J-၀၄၀၅၈၂)အစား (၁)ဒေါ်လှမြင့်(CJ-040582) ဟူ၍ ပြင်ဆင်ဖတ်ရှုပေးပါရန် အများသိစေရန်ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးဇော်မြင့်ဦး(LL.B)**

**တရားလွှတ်တော်ရှေ့ နေ(စဉ်-၁၅၂၁၂/၂၀၁၈)**

**အမှတ်-၃၁၊ သဇင်(၃)လမ်း၊ ဒါရ်ဂါရပ်ကွက်၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၂၀၂၆၈၀၈၄**




### သင့်သွေးဖြင့် အသက်ကယ်ပါ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့်ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာ ဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင် ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် ရေခံမြေခံကောင်းများ၊ အခြေခံကောင်းများကို ပိုင်ဆိုင်ထားရှိပြီးဖြစ်ပြီး ဈေးကွက်လိုအပ်ချက်ရှိသည့် ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်မည့် ပထဝီဝင်မြေအနေအထားကို ပိုင်ဆိုင်ထားရှိ...**

❖ **စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်စေရန်အတွက် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပြည်သူများအားလုံးက ဝိုင်းဝန်းဆောင်ရွက်သွားရန်လို...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်နေ့တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

**ယနေ့ ဖတ်စရာ**

**ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၌ ဆိုင်ကယ်စီးနင်း၍ လမ်းသွားလမ်းလာများထံမှ လက်ကိုင်ဖုန်းများ အကြိမ်ကြိမ်လုယက်မှု ကျူးလွန်ခဲ့သူ တရားခံ အမျိုးသားတစ်ဦးအား ဖုန်းမျိုးစုံ ၁၅ လုံးနှင့်အတူ ဖမ်းဆီးရမိ**

စာမျက်နှာ » ၁၅

-------------------

**၂၀၀၆ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ် ငါးပွဲအထိ ရှုံးပွဲကြုံခဲ့ရပြီဖြစ်တဲ့ မန်စီးတီး**

စာမျက်နှာ » ၂၅

## ရာဂီမုန်တိုင်းနှင့်ဆက်စပ်ဖြစ်ပွားသော ရေကြီးရေလျှံမှုများကြောင့် ဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးအတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံကိုယ်စား ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးဌာနများနှင့် ကုမ္ပဏီများက လူသားချင်းစာနာထောက်ထားမှုအကူအညီများ လွှဲပြောင်းပေးအပ်



နေပြည်တော် နိုဝင်ဘာ ၂၄

ရာဂီမုန်တိုင်းနှင့် ဆက်စပ်ဖြစ်ပွားသော ရေကြီးရေလျှံမှုများကြောင့် ဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးအတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကိုယ်စား အရပ်ဘက် ကာကွယ်ရေး၊ အရေးပေါ်အခြေအနေနှင့်သဘာဝဘေးအန္တရာယ် သက်ရောက်မှုများ တိုက်ဖျက်ရေးဆိုင်ရာဝန်ကြီးဌာန၊ စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန ရုရှားနိုင်ငံ နျူကလီးယားစွမ်းအင်ကော်ပိုရေးရှင်း(Rosatom)နှင့် Aquarius ကုမ္ပဏီများ အုပ်စုတို့က ပေးပို့သည့် လူသားချင်းစာနာထောက်ထားမှု အကူအညီပစ္စည်းများ တင်ဆောင်လာသည့် သယ်ယူပို့ဆောင်ရေး လေယာဉ်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်လေဆိပ်သို့ ရောက်ရှိသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❍




## အားကောင်းသောလေဖိအားနည်းရပ်ဝန်း မုန်တိုင်းငယ်အဖြစ် ရောက်ရှိနိုင်

နေပြည်တော် နိုဝင်ဘာ ၂၄

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အီကွေတာအနီး အိန္ဒိယသမုဒ္ဒရာအရှေ့ပိုင်းတို့တွင် ဖြစ်ပေါ်နေသော အားကောင်းသောလေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ အားကောင်းသော လေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး ပိုမိုအားကောင်းလာနိုင်ကာ နိုဝင်ဘာ ၂၅ ရက်တွင် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်း၌ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ထိုမှတစ်ဆင့် အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး နောက်နှစ်ရက်အတွင်း အိန္ဒိယနိုင်ငံ တမီလ်နာဒူးကမ်းခြေ-သီရိလင်္ကာနိုင်ငံကမ်းခြေတို့သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။ မိုး/ဇလ

## MNL ယူ-၂၀ ပြိုင်ပွဲတွင် ဒဂုံစတား၊ ရန်ကုန်နှင့် သစ္စာအားမာန် အသင်းတို့ အနိုင်ရရှိ

ရန်ကုန် နိုဝင်ဘာ ၂၄

၂၀၂၄ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၂၅) ဒုတိယနေ့ကို နိုဝင်ဘာ ၂၄ ရက်က ဆက်လက်ကျင်းပရာ ဒဂုံစတားယူနိုက်တက်၊ ရန်ကုန်ယူနိုက်တက်နှင့် သစ္စာအားမာန်အသင်းတို့ အနိုင်ရရှိသည်။

စာမျက်နှာ ၂၂ ကော်လံ ၃ သို့ ❖